ဥက္ကဋ္ဌကြီး မော် ခေါင်းဆောင်သော ကမ္ဘာ့ တော်လှန်ရေးကြီးကို အတင်း မွေးထုတ်ဖို့ ကြိုးစားကြရင်း အချို့နေရာများမှာ တော်လှန်ရေး သားလျှောတယ်။ အချို့နေရာများမှာ မွေးသော တော်လှန်ရေးများ ဖြစ်ပေါ်လာတယ်။ အချို့နေရာများမှာ တန်ပြန် တော်လှန်ရေးအတွက် လမ်းခင်းပေးကြတယ်။

သိန်းဖေမြင့်

# မော်စီတုံးတရုပ်နှင့် မြန်မာ့အချုပ်အချာအာဏာ

ကြည့်ပြီး
၂၉-၇-၈၇

နံ့သာတိုက်
၁၃၊၁၀၇ လမ်း၊ တောင်ညွန့်၊ ရန်ကုန်။ (ဖုံး-၁၂၀၀၂)
(ကန်တော်ကလေး၊ စာတိုက်)

[ နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်-၂၅၅ ]

(အုပ်ရေ-၃၀၀၀၀)]

သိန်းဖေမြင့် ရေးသော

# မော်စီတုံးတရုပ်နှင့် မြန်မာ့ အချုပ်အချာ အာဏာ

နံ့သာတိုက်

[၁-၈-၁၉၆၇]

ဖြန့်ချိရေး နှင့် ပုံနှိပ်လုပ်ငန်း

နံ့သာတိုက်

၁၃၊ ၁၀၇-လမ်း

တောင်ညွန့်၊ ရန်ကုန်

(ဖုံး ၁၂၀၀၂)

---

မျက်နှာဖုံး

စံတိုး

---

အဖုံးရိုက်

နေဝိုးရှိန်

---

ဘလောက်

ဘသစ် အင် ဆန်း

---

ပုံနှိပ်ထုတ်ဝေသူ

မောင်တင်ဦး၊ အရက်ဦး-စာပေ (၀၉၂၄)၊ ၁၃၊ ၁၀၇-လမ်း၊ တောင်ညွန့် ရန်ကုန်က တာဝန်ခံ ထုတ်ဝေ၍ ဦးသန်းဆွေ (၀၂၀၅)၊ နံ့သာပုံနှိပ်လုပ်ငန်း ၁၃၊ ၁၀၇-လမ်း၊ တောင်ညွန့်၊ ရန်ကုန် က တာဝန်ခံ ပုံနှိပ်သည်။

# မာတိကာ


—။ ပြင်ဆင်ချက် .... ၂
—။ ထုတ်ဝေသူအမှာ .... ၃
—။ ရည်ညွှန်းချက် .... ၄
၁။ ရာဇဝင်စဉ်လာ တရုပ် ဗမာ မိတ်ဆွေရင်းချာ .... ၅
၂။ တရုပ်ဖြူကို အားမပေးခဲ့ .... ၁၀
၃။ ကမ္ဘာ့တော်လှန်ရေး၏ မဟိုဘူသော အစွဲ .... ၁၅
၄။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးကို ပယ်ခြင်း .... ၂၃
၅။ မိတ်ဆွေရင်းတို့နှင့် ကွဲရခြင်း .... ၂၉
၆။ ခုန်ပျံကျော်လွှားတိုးတက်ခြင်း မှန်၏လော .... ၃၂
၇။ တရုပ်ခေါင်းဆောင်များ ကွဲကြခြင်း .... ၃၇
၈။ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု
တော်လှန်ရေး ဟူသည်ကား .... ၄၁
၉။ သဘောတရား ကျူးကျော်မှုမှ
လက်တွေ့ ကျူးကျော်မှုသို့ .... ၅၀
၁၀။ မြန်မာကွန်မြူနစ်နှင့် တရုပ်
ကွန်မြူနစ် ဆက်ဆံရေး .... ၅၃
၁၁။ စွက်ဖက်မှုများ တလှမ်းပြီး တလှမ်း
တိုးလာခြင်း .... ၆၀
၁၂။ မြန်မာကတော့ ချုပ်တည်း
သည်းခံနေခဲ့သည် .... ၆၇
၁၃။ လိုသုံးလိုမယ်ဆောင်ထားရာမှ
ခြောင်ထုတ်သုံးခြင်း .... ၇၃
၁၄။ ရင်ဆိုင်ကြရမည့် အန္တရာယ် .... ၇၉
၁၅။ ဘယ်တုန်းကမှ တရုပ်လက်အောက်
မရောက်ခဲ့ .... ၈၁
—။ သတင်းစာ အချိန်မှန်မှန် မရ (အချုပ်ပို) .... က

## ပြင်ဆင်ဖတ်ရှုရန်

၁။ မျက်နှာ ၁၆၊ ကြောင်းရေ ၂၂ တွင် (Greater Hum) ဟု မှားယွင်းသည်ကို (Greater Hun) ဟု၎င်း၊

၂။ မျက်နှာ ၄၅၊ ကြောင်းရေ ၇-တွင် "တာဝန်ကို မထမ်းဆောင်ရသော၊ တာဝန်မဲ့သော လူထု...." အစား– "တာဝန်ကို မထမ်းဆောင်ရသော လူထု"....ဟု၎င်း၊ ပြင်ဆင် ဖတ်ရှုကြပါရန်

နံ့သာတိုက်

## လိုအပ်မှုကို ဖြည့်စွက်ခြင်း

ဤ 'မော်စီတုံးတရုတ်နှင့် မြန်မာ့ အချုပ်အချာ အာဏာ' ဟူသော စာအုပ်မှာ မိုလ်တထောင် သတင်းစာ၊ 'ပွင့်ပွင့်လင်းလင်း ပြောပါရစေ' အခန်းတွင် ၄၊ ၇၊ ၆၇ နေ့ထုတ်မှ ၂၃၊ ၇၊ ၆၇ နေ့ထုတ်အထိ၊ ဆရာ သိန်းဖေမြင့် ရေးသည့် ယခု လောလောဆယ် ဖြစ်ပျက်နေသော တရုတ်မြန်မာ အရေးအခင်းများဆိုင်ရာ ဆောင်းပါးများကို စုပေါင်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

မိုလ်တထောင်သတင်းစာ 'ပွင့်ပွင့်လင်းလင်း ပြောပါရစေ အခန်း' တွင် ဆရာ သိန်းဖေမြင့်သည် 'ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်သည်' ဟူသော ရှင်းလင်းချက်ဖြင့် အခြားမည်သူ့ကိုယ်စားမျှ ပြောခြင်း၊ ဝါဒဖြန့်ခြင်း မဟုတ်၊ သူ၏ ပုဂ္ဂလိက အမြင်၊ အထင်၊ အယူအဆများကိုသာ လွတ်လွတ်လပ်လပ် တင်ပြနေခြင်း ဖြစ်သော်လည်း ယခုလောလောဆယ် ဖြစ်ပွားနေသော တရုတ်မြန်မာအရေးအခင်းများနှင့် ပတ်သက်လျှင် ဆရာ သိန်းဖေမြင့်သည် အပိုင်နိုင်ဆုံး၊ အခိုင်ခန့်ဆုံး ပြောဆိုနိုင်သူတဦး ဖြစ်သည်ဟု ကျွန်တော်တို့ ယူဆသောကြောင့် ယခုလို စာအုပ်အဖြစ်ဖြင့် ရိုက်နှိပ်၍ အပြန့်နှံ့ဆုံး ဖြစ်အောင် ထုတ်ဝေရခြင်း ဖြစ်ပါကြောင်း။

ထုတ်ဝေသူ

# ရည်ညွှန်းချက်

စာအုပ် ထုတ်ဝေရန် တိုက်တွန်းသော မိတ်ဆွေတဦးထံမှ စာကို ရည်ညွှန်းပါသည်။

ထိုစာတွင် ဆိုထားပုံမှာ-

"ယခုတလော မြန်မာတပြည်လုံး မျိုးချစ်စိတ်တွေ တခဲနက် တက်ကြွနေကြတာဟာ တရုပ်က လူမျိုးကြီး၊ အင်အားကြီး နိုင်ငံ ဆိုပြီး အနိုင်ကျင့်နေတာကို မခံမရပ်နိုင် ဖြစ်လို့သာ တက်ကြွနေကြခြင်း ဖြစ်ပါသည်။ ပီကင်း ရေဒီယိုကလည်း နေ့တိုင်း တနေ့ ၄ ကြိမ် လွှင့်လွှင့်ပြီး တော်လှန်ရေး အစိုးရကို သိက္ခာချ၊ ဆဲ၊ တောတွင်းက သန်းထွန်းတို့ကို သိဒ္ဓိတင်၊ သူတို့ အင်အားကြီးပုံတွေ၊ သူတို့ သဘောတရားရေး မြင့်မား၊ မှန်ကန်၊ ပြောင်မြောက်ပုံတွေ အမျိုးမျိုး ဝါဒဖြန့်မှုကလဲ ပါပါတယ်။ ယခု ဗမာတွေ မျိုးချစ်စိတ်တက်ကြွပြီး ဒေါသထနေတာကို ခိုင်မာ တောင့်တင်းသွားအောင် ကျောက်သား ကွန်ကရစ် (Concrete) ဖြစ်သွားအောင် ဗိလပ်မြေ လိုနေပါတယ်။ အဲဒီ ဗိလပ်မြေဟာ 'ပွင့်ပွင့်လင်းလင်း' ဆောင်းပါးများကို စုပေါင်း ရိုက်မည့် စာအုပ်ကလေးများ ထဲမှာ ပါနေပါပြီ။ ဒါ့ကြောင့် တက်ကြွနေတဲ့ မျိုးချစ်စိတ်တွေကို အခိုင်အမာ ဖြစ်သွားဘို့ အချက်အလက်၊ ပွိုင့်ကောင်းတွေ စုံတဲ့ ဒီစာအုပ်ကလေးကို အမြန် ထုတ်သင့်ပါတယ်။"

ရာဇဝင်စဉ်လာ
တရုပ် ဗမာ မိတ်ဆွေ ရင်းချာ

'ရာဇဝင် စဉ်လာ၊ တရုပ် ဗမာ မိတ်ဆွေရင်းချာ' ဆိုတဲ့ စကားစုကလေးဟာ ကျွန်တော် စာသားရေးပြီး ရန်နိုင်စိန် ဂီတသွင်း စပ်ဆိုခဲ့တဲ့ တရုပ် ဗမာ မိတ်ဆွေဖြစ် သီချင်းမှ ကောက်နုတ်ချက်ဖြစ်တယ်ဗျ။ တရုပ် ဗမာ မိတ်ဆွေဖြစ် လုပ်ငန်းများနှင့် ပတ်သက်တဲ့ ပွဲလမ်းသဘင်များ၊ အစည်းအဝေးများနှင့် ပီကင်း ရေဒီယိုတို့မှာ မကြာခဏ သီဆို အသံလွှင့်ခဲ့တတ်ကြပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၆ နှစ် ၁၇ နှစ်လောက်က စခဲ့ကြတာပါ။ သို့သော်လဲ ပီကင်း ရေဒီယိုမှ ဒီ သီချင်းသံ မကြားရတာ နှစ်အတန်ငယ် ကြာသွားပြီဗျာ။

ခုတလော အဖြစ်အပျက်များကြောင့် ဒီသီချင်းကို ကျွန်တော်များစွာ သတိရမိတယ်။ အထူးသဖြင့် အထက် ဖော်ပြပါ ကောက်နုတ်ချက်ကလေးကို အမြဲတစေ ကြားယောင်နေတယ်။

မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှုဝါဒ၊ ဒီဝါဒကို ကိုင်စွဲပြီး တရုပ်ပြည်တွင်း အာဏာလုပွဲမှာ အနိုင်ကြဲရန် ကြိုးစားနေသူများ၊ ဒီဝါဒကို တကမ္ဘာလုံးက တခုတည်းသော အမှန်တရားအဖြစ်ဖြင့် လက်ခံအောင် လုပ်ရန်ဟူသော ဆောင်ပုဒ်ဖြင့် လူမျိုးကြီး အနိုင်ကျင့်ဝါဒကို လက်တွေ့ ကျင့်သုံး နေသူများနှင့် ထောက်ခံ အားပေးနေသူများ နှောင့်ရှက် ဖျက်ဆီးနေကြခြင်းကြောင့် အဲဒီ 'ရာဇဝင်စဉ်လာ၊ တရုပ် ဗမာ မိတ်ဆွေရင်းချာ' ဆိုတဲ့ အခြေအနေ ပျက်ပြား သွားမှာလေလားဟု အသူးစိုးရိမ်မိတယ်ဗျာ။

သို့သော်လဲ တရုပ် ဗမာ မိတ်ဆွေဖြစ် ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ခုလို ခေါင်းဆောင်မှု ဆိုင်ရာ ယာယီ ဖြစ်ပျက်ရပ် တခုခုက လွယ်လွယ် ကူကူနှင့် ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ဖူးလို့တော့ ယုံကြည်ထားတယ်။

တရုပ် မြန်မာ ဆက်ဆံရေးသမိုင်းတခုလုံးကိုတော့ ကျွန်တော် မရေးလိုပါဘူး။ လွတ်လပ်ရေးရပြီးသည်မှစပြီး ယနေ့ထိဖြစ်သော တရုပ် မြန်မာ ဆက်ဆံရေး သမိုင်းကိုတော့ နည်းနည်း ရေးချင်တယ်။ တရုပ် မြန်မာ နှစ်နိုင်ငံဟာ အင်္ဂလိပ်၊ ဂျပန် စတဲ့ နယ်ချဲ့သမားများ လက်အောက်မှာ ဩဇာခံ ကိုလိုနီ တပိုင်းနှင့် ကိုလိုနီနိုင်ငံများ ဖြစ်ခဲ့ကြတယ်။ နယ်ချဲ့ရဲ့ စိုးမိုး ချုတ်ချယ်မှုကြောင့် အစဉ်အလာ ချစ်ကြည် ရင်းနှီးတဲ့ ဆက်ဆံရေးမျိုး မရှိခဲ့ရဘူး။ ဒုတိယ ကမ္ဘာစစ်ကြီး အပြီးမှာ နှစ်ပြည်ထောင် ပြည်သူလူထုရဲ့ နယ်ချဲ့ ပဒေသရာဇ် ဆန့်ကျင်ရေး လွတ်လပ်ရေး တိုက်ပွဲများကြောင့် ၁၉၄၈ ခုနှစ်မှာ ကျွန်တော်တို့က ပြည်ထောင်စု သမတ



မြန်မာ နိုင်ငံကို တည်ထောင်နိုင်ပြီး နောက်တနှစ်ကြာ ၁၉၄၉ ခုနှစ်မှာတရုပ်ပြည်သူတို့က တရုပ်ပြည်သူ့ သမတနိုင်ငံကို တည်ထောင်နိုင်ခဲ့ကြတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံ ရင်းရင်းနှီးနှီး ဆက်ဆံကြရန် အကောင်းဆုံးသော အခြေအနေများ ဖြစ်ပေါ်လာခဲ့တယ်။

ကျွန်တော်တို့ ပြည်သူတွေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရဟာ တရုပ်ပြည်သူ့ သမတနိုင်ငံ တည်ထောင်ခြင်းကို နှစ်ထောင်းအားရ ကြိုဆိုကြပြီး ဦးဦးဖျားဖျား အသိအမှတ်ပြုခဲ့ကြတယ်။ အဲဒီတုန်းက ကျွန်တော်တို့က တကမ္ဘာလုံး အသိအမှတ်ပြုခြင်း ခံရပြီးဖြစ်တဲ့ လွတ်လပ်သော အချုပ်အချာအာဏာပိုင် သမတနိုင်ငံ၊ တရုပ်ပြည်က တကမ္ဘာလုံးရဲ့ အသိအမှတ်ပြုခြင်းကို တောင်းဆိုနေတဲ့နိုင်ငံ၊ နယ်ချဲ့တွေ မျက်မုန်းကြိုးချင်ကြိုး ဆိုပြီး တရုပ်ပြည်ကို ကြိုဆိုကြခြင်း၊ အသိအမှတ်ပြုခြင်း ဖြစ်ပါတယ်။ ဖဆပလအစိုးရအနေနှင့်ဆိုယင် ကွန်မြူနစ်ဖြူနီ သူပုန်တွေထနေသော်လဲ တရုပ်ကွန်မြူနစ် ဆန့်ကျင်ရေးမဖြစ်ဘဲနှင့် ကြိုဆိုအသိအမှတ် ပြုခြင်းဖြစ်တယ်။ဒါကိုကြည့်ယင် ကျွန်တော်တို့မြန်မာပြည်သူတွေဟာ တရုပ်ပြည်သူတို့နှင့် မိတ်ဆွေဖြစ် နေထိုင်ရေးကို ဘယ်၍ဘယ်မျှ တန်ဘိုးထားသည်ကို ရိပ်မိလောက်ပါတယ်။

ဒီအချက်ကို တရုပ် ခေါင်းဆောင်ကြီးများဟာ တခါတုန်းက မကြာခဏ ထုတ်ဖော် ချီးကျူးတတ်ကြပါတယ်။

၁၉၅၄-ခုနှစ်ကျတော့ တရုပ်မြန်မာဆက်ဆံရေးဟာ တဆင့်တက်ပြီးလာပြန်တယ်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူ-၅

ချက်ကို တရုပ်မြန်မာ နှစ်နိုင်ငံ ပူးတွဲလက်မှတ်ရေးထိုးပြီး ကြေညာခဲ့တယ်။ အမှန်စင်စစ် ဒုတိယ ကမ္ဘာစစ် ပြီးသည့် နောက်ပိုင်းမှာ နိုင်ငံချင်းချင်း ပုံမှန်ဆက်ဆံရေးအတွက် လမ်းညွှန်ပေးနေတဲ့ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူ ၅-ချက်ကို ကမ္ဘာမှာ ပထမဦးဆုံး ထုတ်ပြန်ကြေညာကြတဲ့ နိုင်ငံများဟာ အိန္ဒိယ၊ မြန်မာနှင့် တရုပ်တို့ ဖြစ်ပါတယ်။

၁၉၅၅-ခုနှစ်ကျတော့ တရုပ်မြန်မာ ဆက်ဆံရေးဟာ တဆင့်တက်ပြန်ပါတယ်။ အင်ဒိုချိုင်းနား စစ်ပွဲကြောင့် တတိယကမ္ဘာစစ်ဖြစ်တော့မည်လို အခြေအနေ ဆိုက်ရောက်နေချိန်မှာ လွတ်လပ်သော အာရှအာဖရိက နိုင်ငံများက ဝိုင်းဝန်းတားဆီးကြတယ်။ အင်ဒိုနီးရှားပြည် ဘန်ဒေါင်းမြို့မှာ အာရှအာဖရိက ၂၉ နိုင်ငံ အစည်းအဝေးကျင်းပခဲ့တယ်။ ဒီအစည်းအဝေးကို တရုပ်ပြည်သူ့ သမတနိုင်ငံ တက်ရောက်ခွင့်ရအောင် ဆောင်ရွက်သူများထဲမှာ အထူးခြားဆုံးကတော့ မြန်မာပြည် ဖြစ်ပါတယ်။ နယ်ချဲ့သမားများနှင့် အပေါင်းပါတို့က တရုပ်ပြည်သူ့ သမတနိုင်ငံကို ဝိုင်းပယ်ထားရန် အပြင်းအထန် ကြိုးစားနေချိန်မှာ မြန်မာပြည်က ထိုအစည်းအဝေးကို တရုပ်ပြည်သူ့ သမတနိုင်ငံမတက်ရလျှင် မြန်မာပြည်က တက်မည်မဟုတ်ကြောင်း ပြောဆိုပြီး တောင့်ခံခဲ့တယ်။

ဒါတွေကို အရင်တုန်းကတော့ တရုပ် ခေါင်းဆောင်ကြီးများဟာ ကျေးဇူးတင်စကားများနှင့် မကြာခန ထုတ်ဖော်ပြောဆိုကြတယ်။



ကဲ နောက်ပြီးတော့ အရေးကြီးတကာ့ အကြီးဆုံး ဖြစ်တဲ့ ကိစ္စကို ဖေါ်ပြပါရစေ။ နှစ်နိုင်ငံစပ်ကြားမှာ အငြင်းပွားနေတဲ့ နယ်နိမိတ်ကိစ္စ ဖြစ်ပါတယ်။

ဒီ အငြင်းပွားမှုဟာ ရှေးက နယ်ချဲ့ပဒေသရာဇ်များထားခဲ့တဲ့ ပြဿနာတရပ်ပါ။ လွတ်လပ်သော အချုပ်အချာ အာဏာပိုင် နှစ်နိုင်ငံ အချင်းချင်း ခင်မင်ရင်းနှီးစွာ ဆက်ဆံရန် စိတ်ကောင်း စေတနာ အရင်းခံထားပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ ၅ ချက်အရ ကျွန်တော်တို့ နှစ်နိုင်ငံက ဖြေရှင်းလိုက်ကြတယ်။ နှစ်နိုင်ငံရဲ့ ရန်သူများ အံ့အားသင့်ရပြီး နှစ်နိုင်ငံရဲ့ မိတ်ဆွေများ လိုက်လိုက်လှဲလှဲ ဝမ်းသာကြရတဲ့ ကိစ္စပါ။ ဒီလို ဖြေရှင်းနိုင်လို့ နိုင်ငံငယ်ဖြစ်တဲ့ ကျွန်တော်တို့မှာ လုံခြုံမှု ရပြီဟော လို့ စိတ်ချမ်းသာရာ များစွာ ရသလို နိုင်ငံကြီးဖြစ်တဲ့ တရုပ်ပြည်သူ့ သမတနိုင်ငံမှာ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်မှာ သိက္ခာ များစွာ တက်သွားပါတယ်။

နှစ်နိုင်ငံ ဆက်ဆံရေး အခြေအနေ တိုးတက်ကောင်းမွန်သည်နှင့် အမျှ နှစ်နိုင်ငံ ကုန်ကူးသန်း ရောင်းဝယ်ရေး တိုးတက်ကောင်းမွန် ခဲ့တယ်။ အပြန်အလှန် ယဉ်ကျေးမှု ဖလှယ်တဲ့ လုပ်ငန်းများ များပြားခဲ့တယ်။ တရုပ်ပြည်ထံမှ မြန်မာပြည်က ကြေးငွေ ကုဋေ ၄၀ ဘိုး စီးပွားရေး တည်ဆောက်မှု အကူအညီ ရရှိခဲ့တယ်။

နှစ်နိုင်ငံမိတ်ဆွေဖြစ် နေထိုင်ရေး ကောင်းသည်ထက် ကောင်းစေချင်သော စိတ်ကောင်း စေတနာရှိရင်၊ မုန်းစကို တိုစေပြီး ချစ်စကို ရှည်စေလိုရင် မိတ်ဆွေပီသစွာ ပြုမူကြရင်၊ ငြိမ်းချမ်းစွာ

ယှဉ်တွဲနေထိုင်ရေး မူ ၅ ချက်အရ လက်တွေ့ ကျင့်သုံးကြရင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်သည်ထက် တိုးတက်လာစရာ၊ နှစ်နိုင်ငံ ဆက်ဆံရေး ကောင်းသည်ထက် ကောင်းလာစရာ အကြောင်း ရှိတယ်ဗျ။

ခုတော့ လွန်ခဲ့တဲ့ သုံးလေးနှစ်က စပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူများကို တဖက်က ဖောက်ဖျက်လာတယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေနှင့် အစိုးရ အဆက်ဆက်ကတော့ တလျှောက်လုံး ထိုမူများအရ ကျင့်သုံးခဲ့တယ်ဗျာ။

## တရုပ်ဖြူများကို အားမပေးခဲ့

တနိုင်ငံရဲ့ အချုပ်အချာ အာဏာပိုင်မှုကို အခြားတနိုင်ငံက လေးစားရေး၊ တနိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတနိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုရေး၊ တနိုင်ငံရဲ့ နယ်မြေကို အခြားတနိုင်ငံက မကျူးကျော် မစော်ကားရေး၊ တနိုင်ငံနှင့်တနိုင်ငံ တန်းတူရည်တူ အကျိုးတူစီးပွားရေး၊ယှဉ်ကျေးမှု စသည်များမှာ ဆက်ဆံရေး စသည်များဟာ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူများ ဖြစ်ပါတယ်။

ဒီမူများအရ မြန်မာပြည်က တိတိကျကျ လိုက်နာကျင့်သုံးခဲ့တယ်။



မြန်မာနိုင်ငံက တရုပ်ပြည်သူ့ သမတနိုင်ငံကို အသိအမှတ်ပြုလိုက်တဲ့အခါမှာ ကိုမင်တန် (တရုပ်ဖြူ)အစိုးရဟာ မြန်မာပြည်အဖို့ တရားမဝင်တဲ့ အစိုးရဖြစ်လာတယ်။ မြန်မာနိုင်ငံဟာ ကိုမင်တန်(တရုပ်ဖြူ) အစိုးရကို အသိအမှတ်ပြုခြင်းမှ ရုပ်သိမ်းလိုက်တယ်။ အချို့သော အစိုးရများလို တရုပ်ပြည်သူ့ သမတနိုင်ငံကိုလဲ အသိအမှတ်ပြု၊ တရုပ်ဖြူ (ဖေါ်မိုဆာ) အစိုးရနှင့်လဲ အဆက်မပြတ်ဘဲ ထားခြင်းမဟုတ်ဘူးဗျ။ တရုပ်ဖြူနှင့် ပြတ်ပြတ်သားသား အဆက်ဖြတ်လိုက်တယ်။ တနည်းဆိုရယင် တရုပ်ဖြူအစိုးရကို တရုပ်ပြည်မှာ တရားမဝင်တဲ့ သူပုန်အဖွဲ့အစည်းအဖြစ်ဖြင့် မြန်မာနိုင်ငံက သဘောထား သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာပြည်သူတွေနှင့် အစိုးရအဆက်ဆက်ဟာ မြန်မာပြည်တွင်းမှာ ကိုမင်တန် (တရုပ်ဖြူ) နိုင်ငံရေးလှုပ်ရှားမှုများ၊တရုပ်ပြည်သူ့ သမတနိုင်ငံဆန့်ကျင်ရေး လှုပ်ရှားမှုများ စသည်တို့ကို အားမပေးခဲ့ဘူး။ တရုပ်ဖြူလှုပ်ရှားမှုများကို အားပေးအားမြှောက်ပြုလျှင် သို့မဟုတ် ကြီးထွားခွင့်ပြုလျှင် တရုပ်ပြည်သူ့ သမတနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ ရောက်လိမ့်မည်ဟု ယူဆခဲ့သဖြင့် ဖြစ်ပါတယ်။

တရုပ်ပြည်သူ့ လွတ်မြောက်ရေးတပ်များက တရုပ်ပြည်မပေါ်ရှိ ကိုမင်တန် (တရုပ်ဖြူ) တပ်များကို တိုက်ထုတ်လိုက်တယ်။ တိုက်ထုတ်တဲ့အခါမှာ အချို့ တရုပ်ဖြူတပ်တွေဟာ မြန်မာပြည်တွင်းသို့ ထွက်ပြေး ခိုအောင်းလာကြတယ်။ မြန်မာ့နယ်မြေကို ခြေကုတ်ယူပြီး အားမွေးကာ တ ရုပ် ပြည် ထဲ သို့

ပြန်လည် ဝင်ရောက်တိုက်ခိုက်ရန် ရည်ရွယ်ချက်နှင့် ဝင်လာကြခြင်း ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ မြန်မာနိုင်ငံက လက်ခံမထားပါဘူး။ တရုပ်ဖြူတွေကို အားမွေးခွင့် မပေးပါဘူး။ ကိုမင်တန်(တရုပ်ဖြူ)တပ်များဟာ ကျွန်တော်တို့နယ်မြေထဲ ဝင်ရောက်လာခြင်းသည်ပင် ကျွန်တော်တို့ကိုကျူးကျော်ခြင်းလဲဖြစ်၊ ကျွန်တော်တို့ရဲ့ မိတ်ဆွေတရုပ်ပြည်သူ့သမတနိုင်ငံကိုရန်မူခြင်းလဲဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာပြည်သူတွေနှင့် အစိုးရဟာ တရုပ်ဖြူတပ်များကို နိုင်ငံရေးနည်းနှင့်ရော စစ်ရေးနှင့်ပါ တိုက်ထုတ်ခဲ့ကြပါတယ်။ ဒီလို တရုပ်ဖြူကို တိုက်ကြစဉ် ဗမာ့တပ်မတော်ကို နောက်ကြောမှ ဓါးနှင့် ထိုးနေသူတွေကတော့ ယခု မော်စီတုံး အစိုးရက အားပေး အားမြှောက်ပြုနေတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် အပေါင်းပါ သူပုန်များ ဖြစ်ခဲ့ကြပါတယ်။ သူတို့ အနှောင့်အရှက် ပေးနေသည့် ကြားမှပင် ဗမာ့တပ်မတော်ဟာ တရုပ်ဖြူ ဘုံရန်သူများကို ချေမှုန်း နိုင်ခဲ့ကြပါတယ်။

ဒါဟာ မိတ်ဆွေပီသ သူတို့ရဲ့ အပြုအမူဖြစ်ပါတယ်။ မိတ်ဆွေမပီသရင် တရုပ်ဖြူတွေ အားမွေးနိုင်အောင် ခွင့်ပြုထားခဲ့မှာပေါ့။ တရုပ်ဖြူတွေကို တနေ့ လိုတော့ သုံးနိုင်ရန် မွေးထားခဲ့မှာပေါ့။ (ဗမာပြည် ကွန်မြူနစ် ပါတီကို တရုပ် ကွန်မြူနစ် ပါတီက လိုတော့ သုံးရန် မွေးထားခဲ့ သလိုပေါ့လေ ။)

တခါတုန်းကတော့ ဒီအချက်တွေကို တရုပ် ခေါင်းဆောင်ကြီးများဟာ မြင်နိုင်စွမ်းရှိကြပြီး မြန်မာပြည်သူနှင့် အစိုးရတို့ရဲ့ မိတ်ဆွေပီသမှုကို ချီးကျူးခဲ့ကြပါတယ်။



တရုပ်ပြည်နှင့် မိတ်ဆွေဖြစ် ခိုင်မြဲစွာ နေထိုင်ရေးမူဝါဒဟာ လွတ်လပ်ရေးရပြီး ကတည်းက ယနေ့ထိ မြန်မာ နိုင်ငံက တသမတ်တည်း ကျင့်သုံးနေတဲ့ မူဝါဒ ဖြစ်ပါတယ်။ အစိုးရပြောင်းသော်လဲ ဒီမူဝါဒ မပြောင်းပါဘူး။ အရင်းရှင် ဒီမိုကရေစီလို့ ပီကင်းရေဒီယိုက ခေါ်တဲ့ ဦးနုခေါင်းဆောင်သော အစိုးရနှင့် ဦးဗဆွေခေါင်းဆောင်သော အစိုးရ၊ ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော အိမ်စောင့် အစိုးရနှင့် ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော တော်လှန်ရေး အစိုးရ အားလုံးဟာ ဒီမူဝါဒကို ကျင့်သုံးကြတာဘဲ။

ယခုမှ ပီကင်း အစိုးရနှင့် ပီကင်း ရေဒီယိုတို့က ဖောက်ပြန်သော နေဝင်း အစိုးရ၊ တရုပ် ဆန့်ကျင်ရေး ဖက်ဆစ် အစိုးရ စသည်ဖြင့် ဘယ်လောက် နာမည် ဆိုးတွေ ပေးပေး၊ သမိုင်းရဲ့ အမှန်ကိုတော့ မဖုံးနိုင်ဘူးဗျ။

တော်လှန်ရေး ကောင်စီရဲ့ ကြောရိုး မဏ္ဍိုင် ဖြစ်တဲ့ ဗမာ့တပ်မတော်နှင့် တော်လှန်ရေး ကောင်စီရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းတို့ဟာ အထက်မှာ ဖော်ပြခဲ့တဲ့ တရုပ် ဗမာ မိတ်ဆွေဖြစ် ခိုင်မာရေး လုပ်ငန်းတွေ၊ လှုပ်ရှားမှုတွေနှင့် မူဝါဒတွေကို တလျှောက်လုံး ထောက်ခံ အားပေးကြရုံမက ရှေ့တန်းက နေပြီး ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။ ဘုံရန်သူ တရုပ်ဖြူကို ရှပ်ရှပ် ချုံချုံ တိုက်ခိုက်ခဲ့တာ ဘယ်သူလဲ၊ ဗမာ့တပ်မတော်ပါ။ အခက်အခဲ ဆုံးဖြတ်သော နှစ်နိုင်ငံ ကြားမှာ မပြီးမပြေ ကျန်နေတဲ့ နယ်နိမိတ်ပြဿနာဟာ ဘယ်သူ့ ခေါင်းဆောင်မှုဖြင့် ပြီးပြတ်သွားခဲ့သလဲ၊ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ခေါင်းဆောင်မှု

ဖြစ်ပါတယ်။ ဒီသမိုင်းတွေကို နာမည်ဆိုးအမျိုးမျိုး ပေးခြင်းဖြင့် ဖျောက်ဖျက်လို့ မရပါဘူး။

တရုပ်ခေါင်းဆောင်တွေဟာ ဒါ့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းကို တရုပ်ပြည်သူတွေရဲ့ စစ်မှန်သော မိတ်ဆွေကြီး အဖြစ်ဖြင့် ချီးကျူးခဲ့ကြတယ်။ တော်လှန်ရေးအစိုးရ တက်လာတဲ့အခါမှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ခေါင်းဆောင်မှုဖြင့် တရုပ်ဗမာ မိတ်ဆွေဖြစ် ဆက်ဆံရေး ပို တိုးတက် ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း၊ မကြာခဏ ပြောဆိုကြတယ်။ မြန်မာရုပ်ရှင်ကြည့် ပရိသတ်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက တရုပ်ပြည်သူ့ သမတနိုင်ငံသို့ ဗိုလ်ချုပ်ကြီးနေဝင်း ခရီးသွားခဲ့တဲ့ ရုပ်ရှင်သတင်းကားများကို သတိရနေကြတုန်းပါ။ သမတ လူရှောက်ချီနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့ကိုယ်တိုင် လိုက်ပို့သော နေရာများ၊ ရှုခင်းများနှင့် လှိုက်လှိုက်လှဲလှဲ ပြုံးပြုံးရွှင်ရွှင် ကြိုဆို ကောင်းခြီး ပေးနေကြသော တရုပ်ပြည်သူ လူထုကို မြင်ယောင်နေကြပါတယ်။

လွန်ခဲ့သော အခါများက တရုပ်ပြည်သူတွေနှင့် တရုပ်ပြည်သူ့ ခေါင်းဆောင်တွေဟာ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေးမှုကို ကောင်းစွာ သဘောပေါက်ကြတယ်။ မှန်ကန်စွာ ကျင့်သုံးခဲ့ကြတယ်။ အိမ်နီးနားချင်းကောင်းဝါဒကို လက်ကိုင်ထားကြတယ်။ ငြိမ်းချမ်းရေး လိုလားသလောက် မိတ်ဆွေဖြစ်ရေးကို အားပေးကြတယ်။ ဒါကြောင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမှုများကို တသွေမတိမ်း လိုက်နာကျင့်သုံးနေသော အိမ်နီးနားချင်းကောင်း မြန်မာနိုင်ငံနှင့် မြန်မာခေါင်းဆောင်များကို အထူးချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော်သဖွယ် ဆက်ဆံခဲ့ကြတယ်။ ယနေ့



လဲဘဲ တရုပ်ပြည်သူလူထုရဲ့ သဘောထားနှင့် ဆန္ဒကတော့ ဒီအတိုင်းဘဲ ဆက်လက်ရှိလိမ့်မယ်လို့ မြန်မာပြည်သူတွေက ယုံကြည်ကြတယ်။ ယနေ့ 'ရာဇဝင်စဉ်လာ တရုပ်ဗမာ မိတ်ဆွေရင်းချာ' ဆိုတဲ့ အခြေအနေပျက်ပြားတော့မည်လားလို့ စိုးရိမ်ရလောက်အောင် ဖြစ်လာခြင်းဟာ တရုပ်ခေါင်းဆောင်မှုဆိုင်ရာ ဖြစ်ပျက်ရပ်များကြောင့် ဖြစ်တဲ့အတွက် ယာယီ သဘောသာဆောင်တယ်လို့ နားလည်ထားကြတယ်။ ဘာ့ကြောင့် တရုပ်ခေါင်းဆောင်မှုဆိုင်ရာ ဖြစ်ပျက်ရပ်များက နှစ်နိုင်ငံ ဆက်ဆံရေးကို ယနေ့ အခြေအနေသို့ ပို့ဆောင်ခဲ့သလဲဆိုတာ ကျွန်တော် ဆက် ဆွေးနွေးချင်တယ်ဗျာ။

## ကမ္ဘာ့တော်လှန်ရေး၏ ဗဟို ဟူသော အစွဲ

၄-၇-၆၇ နေ့ထုတ် ဗိုလ်တထောင်သတင်းစာမှာ အောက်ပါအတိုင်း ကျွန်တော် ရေးခဲ့တယ်။

မော်စီတုံး ပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်ရေးဝါဒ၊ ဒီဝါဒကို ကိုင်စွဲပြီး တရုပ်ပြည်တွင်း အာဏာလုပွဲမှာ အနိုင်ကြဲရန် ကြိုးစားနေသူများ၊ ဒီဝါဒကို တကမ္ဘာလုံးက တခုတည်းသော အမှန်တရားအဖြစ်ဖြင့် လက်ခံအောင် လုပ်ရန် ဟူသော ဆောင်ပုဒ်ဖြင့် လူမျိုးကြီး အနိုင်ကျင့်ဝါဒကို လက်တွေ့ ကျင့်သုံးနေသူများနှင့် ထောက်ခံ အားပေးနေသူများ၊ နှောင့်ရှက် ဖျက်ဆီး

နေကြခြင်းကြောင့် အဲဒီ 'ရာဇဝင်စဉ်လာ တရုပ် ဗမာ မိတ်ဆွေ ရင်းချာ'ဆိုတဲ့ အခြေအနေ ပျက်ပြားသွားမှာလေလားဟု အထူး စိုးရိမ်မိတယ် ဗျာ'တဲ့။ ၁၉၆၀ ခုနှစ်လောက်ထိ မော်စီတုံး ခေါင်းဆောင်တဲ့ တရုပ် ကွန်မြူနစ်ပါတီမှာ အခြေခံ အမှား ရယ်လို့ ကျွန်တော် မမြင်မိဘူးဗျ။ ၁၉၄၉ ခုနှစ်က ကျွန်တော် ရေးခဲ့တဲ့ 'မော်စီတုံး သင်ကြားချက်များ' ဆိုတဲ့ စာအုပ်ကို မကြာခင်က ကျွန်တော် ပြန်ဖတ်ကြည့်တယ်။ ထို စာအုပ်မှာ ရေးထားတာတွေ လုံးဝ မှန်တယ်လို့ဘဲ ကျွန်တော် ယူဆတယ်။ ၁၉၄၉ ခုနှစ်ထိ တရုပ်ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲများကို ခေါင်းဆောင်မှု ပေးခဲ့တဲ့ မော်စီတုံးရဲ့ သင်ကြားချက်များဟာ မှန်ကန်ပြီး များစွာ တန်ဖိုးရှိတယ်။ ၁၉၄၉ ခုနှစ် တရုပ် ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီး ဆိုရှယ်လစ် စနစ်သို့ ကူး ပြောင်းရန် ကြားကာလ လုပ်ငန်းများ လုပ်ဆောင်ရာမှာ ခေါင်း ဆောင်မှု ပေးခဲ့တဲ့ မော်စီတုံး သင်ကြားချက်များဟာလဲ မှန်ကန်ပြီး လွန်စွာ တန်ဖိုးရှိပါတယ်။

သည့်နောက်တော့ အရေးအကြီးဆုံးဖြစ်တဲ့ ဆိုရှယ်လစ်စနစ် လက်တွေ့ တည်ဆောက်ရေး ပြဿနာများနှင့် ပတ်သက်ပြီး မော်စီတုံးရဲ့ ပင်ကိုယ် အရေးအသားများ၊ မိန့်ခွန်းများ၊ ညွှန်ကြားချက်များ မတွေ့ရတော့ဘူး ဗျာ။

တရုပ် ကွန်မြူနစ်ပါတီရဲ့ သဘောတရား ခံယူချက်၊ ဝါဒ လမ်းစဉ် စသည်များမှာ ကျွန်တော် လက်မခံနိုင်တဲ့ အချက်တွေ တွေ့စပြုလာတယ်။ မဟာဟန်း(ဝါ)မဟာတရုပ်(Greater Hum) ဟူသော အယူအဆတရုပ်ကို တည်ထောင်ပြီး တိဘက်တွေ၊ မွန်ဂို



တွေကို မဟာတရုပ်ထဲ ထည့်လာတယ်။ တိဘက်လဲ တရုပ်၊ တရုပ်လဲ တိဘက် စတဲ့ မဟာ တရုပ် ဝါဒ ကြောင့် တိဘက်မှာ တရုပ် ကွန်မြူနစ်များဟာ တရုပ်ပြည်သူ့တော်လှန်ရေးဘက်သို့ ပါလာခဲ့တဲ့ တိဘက် အမျိုးသား အင်အားစုအချို့နှင့် ပဋိပက္ခ ဖြစ်လာတယ်။ ဒလိုင်းလားမား ဦးစီးတဲ့ ပုန်ကန်မှု ဖြစ်လာတဲ့ အခါမှာ ထိုစဉ်က တရုပ်ရဲ့ အရင်းနှီးဆုံးသော၊ ကွန်မြူနစ် မဟုတ်သော မိတ်ဆွေဖြစ်ခဲ့တဲ့ အိန္ဒိယပြည်နှင့် ပဋိပက္ခတွေ ဖြစ် လာတယ်။ တိဘက် သူပုန်ကို အိန္ဒိယအစိုးရက မြောက်ပင့် အားပေးတယ်လို့ ဆိုလာတယ်။ နေရူးအစိုးရကို အာရေဗျမှ အင်ဒိုနီးရှားအထိ၊ သီဟိုဠ်မှတိဘက်အထိ၊ နယ်ချဲ့ရန် ကြံနေတဲ့ ဖောက်ပြန်ရေးအစိုးရ ဖြစ်တယ်လို့ သတ်မှတ်လာတယ်။ လွန်စွာ တင်းမာလာတဲ့ ဒီအခြေအနေမှာ နှစ်နိုင်ငံ စပ်ကြားရှိ နယ်နိမိတ် ပြဿနာဟာ စေ့ စပ်မရအောင် ရှုပ်ထွေးသွားတယ်။ လက်နက် ကိုင် ပဋိပက္ခ ပေါက်ကွဲသည် အထိပါဘဲ။

ဒီ အိန္ဒိယ တရုပ် ပဋိပက္ခကြားမှာ တရုပ်ကွန်မြူနစ် ပါတီရဲ့ ထူးခြားတဲ့ နည်းပရိယာယ်တခုကို တွေ့လာရပြန်တယ်။ 'ငါနှင့် မတူ ငါ့ရန်သူ။ ငါ့ရန်သူကို ရန်မမူသူသည် ငါ့မိတ်ဆွေမဟုတ်' ဟူသော နည်းပရိယာယ် ကောက်ချက်ဖြစ်ပါတယ်။ အိန္ဒိယနှင့် တရုပ် ပဋိပက္ခဖြစ်နေရာမှာ 'ကွန်မြူနစ် စစ်မှန်လျှင် သို့မဟုတ် တော်လှန်ရေးသမားဖြစ်လျှင် ကြားမနေရ၊ တရုပ်ဘက်မှ နေရ မယ်'လို့ ဇွတ်တောင်းဆိုလာပါတယ်။ ကွန်မြူနစ်မဟုတ်သော သူတို့က၊ တော်လှန်ရေးသမားဟု မယူဆသောသူများက ကြား နေလျှင် သည်းခံပါသေးတယ်။ ကွန်မြူနစ်အချင်းချင်းဆိုလျှင်၊ တော်လှန်ရေးသမားဆိုလျှင် သူတို့ သည်းမခံတော့ဘူး။ အဲဒီ

အချိန်ကစပြီး ဆိုဗီယက်ယူနီယံနှင့် စ ကွဲကြတာပါဘဲ။ တရုပ် အိန္ဒိယမိတ်ဆွေဖြစ် အသင်း၊ တရုပ် ဗမာမိတ်ဆွေဖြစ် အသင်း စသည်များကိုလဲ မိတ်ဆွေစစ်ရင် တရုပ်ကိုထောက်ခံရမယ်လို့ တောင်းဆိုလာကြတယ်။

ဒီ နည်းပရိယာယ်သစ်ဟာ တခါတုန်းက တရုပ်ကွန်မြူနစ် ပါတီ အောင်မြင်စွာ ကျင့်သုံးခဲ့တဲ့ ရန်သူ့ဘက် ပါနေသူကို ကြား နေအောင်လုပ်၊ ကြား နေသူကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းဆိုတဲ့ နည်းပရိယာယ်ဟောင်းနှင့် လွန်စွာ ခြားနား နေကြောင်း တွေ့ရပါတယ်။

နောက်ကျတော့ အခြေခံသဘောတရား ခံယူချက်နှင့် ဝါဒ တွေ ရွေ့လျားလာပြန်တယ်။

လူ့လောက တိုးတက်ရေး သမိုင်းကို သိပွ နည်းကျကျ ကြည့်မြင်သူတိုင်း၊ ကမ္ဘာ့တော်လှန်ရေးကို ယုံကြည်လက်ခံကြ တယ်။ ယခုအခါ ကမ္ဘာ့အရင်းရှင်စနစ်ကနေပြီး ကမ္ဘာ့ဆိုရှယ် လစ်စနစ်သို့ အမြစ်မှလှန်ပြီး ကူးပြောင်းနေခြင်းဟာ ကမ္ဘာ့ တော်လှန်ရေးကြီးပါဘဲ။ သို့သော် ဒီကမ္ဘာ့ တော်လှန်ရေးကြီး ဟာ နိုင်ငံတိုင်းမှာ တပုံစံတည်းနှင့် ဖြစ်ပွားလိမ့်မယ်လို့ မယူ ဆကြပါဘူး။ ကာလဒေသ ပယောဂ အမျိုးမျိုးကြောင့် ပုံစံ အမျိုးမျိုးနှင့် ဖြစ်ပွားလိမ့်မယ်လို့ ယုံကြည်ကြတယ်။

ကမ္ဘာ့ တော်လှန်ရေးကို ယုံကြည်ကြသူများ အနက် ဗဟိုနှင့် ပတ်သက်ပြီး အယူအဆ ကွဲလာတယ်။ ယခင်ကတော့ ဘယ်ဗဟို ကိုမှ အသိအမှတ် မပြုဘဲ ကိုယ့်တော်လှန်ရေးကိုယ် လုပ်နေသူ များနှင့်၊ ဆိုဗီယက်ယူနီယံကို ဗဟို အဖြစ်ဖြင့် အသိအမှတ်ပြုသူ



များရယ်လို့ ရှိခဲ့တယ်။ ကွန်မြူနစ်နှင့် အလုပ်သမား ပါတီများ က၊ ကမ္ဘာ့ တော်လှန်ရေးရဲ့ အမာခံ အင်အားဟာ ကမ္ဘာ့ ဆိုရှယ်လစ် အင်အားစု ဖြစ်တယ်။ အာရှ၊ အာဖရိက၊ လက်တင် အမေရိကနိုင်ငံများရဲ့ အမျိုးသား လွတ်မြောက်ရေး တော်လှန် ရေးရဲ့ အရံ အင်အားဖြစ်တယ်။ ကမ္ဘာ့ ဆိုရှယ်လစ် အင်အားစု ရဲ့ ကျောရိုးမဏ္ဍိုင်ဟာ ဆိုဗီယက်ယူနီယံဖြစ်တယ်။ ဒါကြောင့် ကမ္ဘာ့ တော်လှန်ရေးရဲ့ ဗဟိုဟာ ဆိုဗီယက်ယူနီယံ ဖြစ်တယ်။ မော်စီတုံး ကိုယ်တိုင် တခါတုန်းက ပြောခဲ့တဲ့အတိုင်း ပြောရ ရင် ဆိုဗီယက်ယူနီယံက လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ၊ အခြား သူတို့ကအသိအမှတ်ပြုသည် ဖြစ်စေ၊ မပြုသည် ဖြစ်စေ သမိုင်းဖြစ်စဉ် ဒိဋ္ဌမ္မ အခြေအနေများက ဆိုဗီယက် ယူနီယံကို ကမ္ဘာ့တော်လှန်ရေးရဲ့ ဗဟိုချက်မ အဖြစ်ဖြင့်လည်း ကောင်း၊ ဆိုဗီယက် ယူနီယံ ကွန်မြူနစ် ပါတီကို ကမ္ဘာ့ တော် လှန်ရေး ခေါင်းဆောင်အဖြစ်ဖြင့် လည်းကောင်း တင်မြှောက် ထားသည်လို့ အဆိုရှိပါတယ်။

လွန်ခဲ့သော လေးငါးနှစ်ကစပြီး သည်အဆိုကို တရုပ် ကွန်မြူ နစ် ပါတီက ပြုပြင် ပြောင်းလဲလာပါတယ်။ ကမ္ဘာ့ တော်လှန် ရေး မုန်တိုင်းကြီးဟာ အာရှ၊ အာဖရိက၊ လက်တင် အမေရိက အမျိုးသား လွတ်မြောက်ရေး တော်လှန်ရေးကြီးသို့ ကူးပြောင်း လာခဲ့ပြီး တရုပ်ပြည်သူ့ သမတနိုင်ငံဟာ ထို မုန်တိုင်းကြီးရဲ့ ဗဟိုချက်ဗွေ ဖြစ်လာတယ်လို့ ဆိုလိုက်ပါတယ်။

ဒါ့ကြောင့် ယနေ့ ကမ္ဘာ့ တော်လှန်ရေးရဲ့ ခေါင်းဆောင် အ ဖွဲ့အစည်းဟာ တရုပ် ကွန်မြူနစ်ပါတီဖြစ်ပြီး ကမ္ဘာ့တော်လှန်ရေး

ခေါင်းဆောင်ကြီးဟာ ဥက္ကဋ္ဌကြီး မော်စီတုံး ဖြစ်လာပါတယ်။

ဒီတော်လှန်ရေး သဘောတရားသစ်ကို အခြေခံအုတ်မြစ်ချပြီး မော်စီတုံး ပုဂ္ဂိုလ်ဆည်းကပ် ကိုးကွယ်မှု ဝါဒကို ထူထောင်ကြတယ်ဗျာ။

မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်မှုဝါဒအတွက် အခြားအခြေခံ အုတ်မြစ်တခုကိုလဲ ချလိုက်သေးတယ်။

သူတို့ဟာ ကမ္ဘာ့တော်လှန်ရေး ဗဟိုချက်မကို တရုပ်ပြည်သို့ ကူးပြောင်း သယ်ယူခဲ့မက တရုပ်ကွန်မြူနစ်ပါတီနှင့် ဥက္ကဋ္ဌ မော်စီတုံးကို ကမ္ဘာ့တော်လှန်ရေးရဲ့ ခေါင်းဆောင် အဖွဲ့အစည်းနှင့် ခေါင်းဆောင်ကြီး အဖြစ်ဖြင့် တင်မြှောက်လိုက်ရုံမက တရုပ်ပြည်သူတို့ရဲ့ တော်လှန်ရေးပုံစံဟာ အခြားနိုင်ငံများက တသွေမတိမ်း လိုက်နာကြရမည့် တခုတည်းသော တော်လှန်ရေးပုံစံအဖြစ်ဖြင့် သတ်မှတ်လိုက်ကြတယ်။ မော်စီတုံးဝါဒအရ တော်လှန်ရေးဟာ တပုံစံတည်းသာ ဖြစ်သွားတယ်။ ၁၉၂၄-၂၇မှ ၁၉၄၉ ခုနှစ်အထိ တရုပ်ပြည်သူတို့ရဲ့ အတွေ့အကြုံ၊ တရုပ်ပြည်သူ့တော်လှန်ရေး သမိုင်းဖြစ်စဉ်နှင့် ၎င်းတို့အပေါ်မှ မော်စီတုံး ထင်မြင်ယူဆချက်၊ သွန်သင်ချက်များဟာ သူ့ကာလ သူ့ဒေသနှင့်ဟပ်မိပြီး မှန်သော အမှန်တရားများ မဟုတ်တော့ဘဲ ကာလ ဒေသမရွေး အားလုံးအတွက် အမှန်တရားများ ဖြစ်သွားတယ်။

တရုပ်ပြည်သူ့ တော်လှန်ရေး နမူနာအတိုင်း တော်လှန်ရေး တပုံစံတည်း ဖြစ်တဲ့အတွက် တစ်အချက်အားဖြင့် လက်နက်ကိုင်



တော်လှန်ရေး ဖြစ်ရမယ်။ နှစ်အချက် ကွန်မြူနစ်ပါတီက လုံးဝခေါင်းဆောင်မှု ရရမယ်။ သုံးအချက် ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ပြည်သူ့ညီညွတ်ရေး တပ်ပေါင်းစု ရှိရမယ်။ လေးအချက် ကွန်မြူနစ်ပါတီ ဦးစီးချုပ်ကိုင်ထားတဲ့ ပြည်သူ့ တပ်မတော်နှင့် အရံ ပြောက်ကျားတပ်များ ရှိရမယ်။ ငါးအချက် တောရွာ ကျေးလက်မှာ အခြေခံပြီး တော်လှန်ရေးဟာ မြို့ကြီးများကို ဝိုင်းမိထားသည်မှ သိမ်းပိုက်မိသည်အထိ ချီတက်သွားရမယ်။ ခြောက်အချက် လွတ်မြောက်သောဒေသများ ထူထောင်ရမယ် စသည်ဖြင့် တရားသေ စွဲမြဲ ခံယူထားကြတယ်။

ဒီပုံစံအတိုင်း မဟုတ်ရင် ပြည်သူ့တော်လှန်ရေး မဟုတ်တော့ဘူးလို့ သတ်မှတ်ထားကြတယ်။ ဒီပုံစံမှ အပ အခြားတော်လှန်ရေး ပုံစံကို တီထွင်ဆင်နွဲကြရင် ဘယ်နည်းနှင့်မျှ အောင်မြင်မည် မဟုတ်။ မာ့က်စ်လီနင်ဝါဒမှ သွေဖီသူတွေ၊ ယခုခေတ် မာ့က်စ်လီနင်ဝါဒ အထွတ်အထိပ်ဖြစ်တဲ့ မော်စီတုံးဝါဒကို ဆန့်ကျင်သူတွေ၊ သစ္စာဖောက် အချောင်သမားတွေ၊ တော်လှန်ရေး ပစ်ပြေးသူတွေ ဖြစ်ကုန်ကြတယ်။

သူတို့ဟာ ဆိုင်ရာ လုပ်သားပြည်သူတွေနှင့် လုပ်သားပြည်သူ ခေါင်းဆောင်တွေက ကိုယ့်ကာလ ကိုယ့်ဒေသ၊ ကိုယ့်အခြေအနေကြည့်ပြီး တော်လှန်ရေးပုံစံကို ချမှတ်ရန် ခွင့်မပြုကြဘူး။ သူတို့ရဲ့ တော်လှန်ရေး ပုံစံကိုသာ တခုတည်းသော အမှန်တရား အဖြစ်ဖြင့် အတင်း သွင်းကြတယ်။ တရုပ်လဲတီဘက်၊ တီဘက်လဲ တရုပ် စတဲ့ မဟာဟန် (ဝါ) မဟာ တရုပ်ဝါဒနှင့် တော်လှန်ရေး တပုံစံတည်း ဝါဒဟာ တဆက်ထဲဘဲ။

တော်လှန်ရေးအစိုးရနှင့် ဗမာပြည် ကွန်မြူနစ်ပါတီငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးကြစဉ်တုန်းက ဆွေးနွေးပွဲ ပျက်ပြားပြီး ငြိမ်းချမ်းရေးမအောင်တာ အကြောင်းမဲ့ မဟုတ်ဘူး၊ တရုပ်ပြည်ပြန် ကွန်မြူနစ်ခေါင်းဆောင်များနှင့် သခင်သန်းထွန်းတို့ဟာ ဗမာ့တော်လှန်ရေးဖြစ်စဉ်ကို တရုပ် တော်လှန်ရေးပုံစံအတိုင်း ကြည့်မြင်ကြပြီး တရုပ်ကွန်မြူနစ်ရဲ့ တော်လှန်ရေးတပုံစံတည်း သဘောတရားကို စွဲစွဲမြဲမြဲ လက်ခံကျင့်သုံးသွားကြခြင်းကြောင့် ဖြစ်တယ်။ ဒါကြောင့် သူတို့ဟာ ပါတီဦးဆောင်မှုရအောင် အပိုဖြစ်တဲ့ ၆-ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးများလုပ်ကြခြင်းဖြစ်တယ်။ ဒါကြောင့် သူတို့လက်နက်ကိုင် သီးခြားတပ်၊ သူတို့ သီးခြား လွတ်မြောက်ရေးနယ်မြေ စသည်တို့ကို ဆက်လက်ထားခွင့်ပြုစေရန် တောင်းဆိုချက်များကို တင်ပြခြင်းဖြစ်တယ်။ ဒါကြောင့် သူတို့ဟာ သူတို့ တောင်းဆိုချက်ကိုသာ တော်လှန်ရေးအစိုးရက လိုက်လျောလိုက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံ အစိတ်စိတ်အမွှာမွှာ ကွဲသွားမည်ကို မြင်နိုင်စွမ်းမရှိကြခြင်းဖြစ်တယ်။ ဒါကြောင့် သူတို့နှင့် သူတို့ ဆရာကြီးများဟာ တော်လှန်ရေး တပုံစံတည်း အယူအဆနှင့် ဆန့်ကျင်နေသော မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲခြင်းကို ဘယ်လိုတွက်တွက် အောင်မြင်မည်လို့ မထင်ကြခြင်းဖြစ်တယ်။ ဒါကြောင့်လဲ တော်လှန်ရေးအစိုးရကို သူတို့ရဲ့ လူတန်းစား သုံးသပ်ချက်နှင့် တော်လှန်ရေးအစိုးရ ဆန့်ကျင်ရေး လမ်းစဉ်များဟာ ယုံနိုင်စရာ မရှိအောင် လွဲမှားနေခြင်းဖြစ်တယ်။



တရုပ်ပြည်သူ့ တော်လှန်ရေးပုံစံကို တခုတည်းသော ပုံစံအဖြစ်ဖြင့် လက်ခံထားသူများအဖို့ ၁၉၂၄ - ၂၇ မှ ၁၉၄၉ အထိ မှန်ကန်ထွန်းပြောင်ခဲ့တဲ့ မော်စီတုံးရဲ့ အရေးအသား၊ အဆိုအမိန့်များ၊ အတွေးအခေါ်များဟာ စကြဝဠာတခုလုံးမှာ ပစ်မလွဲ အသုံးချရန် တခုတည်းသော အမှန်တရားဖြစ်လာပြီး မော်စီတုံးဟာ သူတို့ရဲ့ တဆူတည်းသော ဘုရား ဖြစ်လာခဲ့တယ်။ ဒါကြောင့် တော်လှန်ရေး တပုံစံတည်း ဟူသော အယူအဆဟာ မော်စီတုံး ပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှုရဲ့ အခြေခံ တခု ဖြစ်လာခြင်းပါဗျာ။

## ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေးကို ပယ်ခြင်း

တရုပ် ကွန်မြူနစ် ပါတီဟာ ၁၉၆၀ - ၆၁ ခုနှစ် အထိ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူဝါဒ သဘောတရားများကို နှစ်နှစ်ကာကာ လက်ခံခဲ့တယ်၊ ကျင့်သုံးခဲ့တယ်။ ဒါကြောင့်လဲ အမေရိကန် ပြည်ထောင်စုက ကုလသမဂ္ဂထဲမှာ မဝင်နိုင်အောင် လုပ်ခြင်း၊ ဝိုင်းပယ်ရန် ကြိုးစားနေခြင်းပြုသော်လဲ မအောင်ဘဲ တရုပ်ပြည်သူ့ သမတနိုင်ငံဟာ တနေ့တခြား မိတ်ဆွေနိုင်ငံတွေ များလာခဲ့တယ်။ နိုင်ငံတကာရေးရာမှာ ဂုဏ်သိက္ခာနှင့် ဩဇာတက်လာခဲ့တယ်။

သို့သော်လဲ ကမ္ဘာ့ တော်လှန်ရေး၏ ဗဟိုချက်မှကို တရုပ်ပြည်သို့ ပြောင်းယူခြင်း၊ ကမ္ဘာ့ တော်လှန်ရေး ခေါင်းဆောင်အဖြစ်ဖြင့် ကိုယ့်ကိုယ်ကိုတင်ခြင်း၊ တော်လှန်ရေး တပုံစံတည်း အယူအဆကို ထူထောင်ခြင်း စသည့် လုပ်ရပ်များနှင့် အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေး မူဝါဒ သဘောတရားများကို မှေးမှိန်သေးသိမ်အောင် လုပ်လာတယ်။ မလွဲသာတဲ့အခါများမှာ လက်ခံသလိုလို ဝတ်ကျေတိုင်းကုန် ပြောပေ်ရပြီး အချိန်ရှိသမျှ တိုက်ခိုက်လာတယ်။

ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူဝါဒဟာ အရင်းရှင် နိုင်ငံများနှင့် ဆိုရှယ်လစ် နိုင်ငံများ နိုင်ငံ အချင်းချင်း ဆက်သွယ်ရေး နယ်ပယ်တွင် တိတိကျကျ လိုက်နာ ကျင့်သုံးရမည့် မူများဖြစ်တယ်။ သို့သော်လဲ အရင်းရှင် စနစ်နှင့် ဆိုရှယ်လစ် စနစ် ပြိုင်ဆိုင်မှုကို ရပ်ထားရန် မဟုတ်ဖူး။ လက်နက်ကိုင် မတိုက်ဘဲနှင့် ပြိုင်ဆိုင်ကြရမှာဖြစ်တယ်။ အထူးသဖြင့် စီးပွားရေး၊ သဘောတရားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များမှာ ပြိုင်ဆိုင်ရမည် ဖြစ်တယ်။ သို့ကလို ငြိမ်းချမ်းစွာ ယှဉ်ပြိုင်ခြင်းဖြင့် ဆိုရှယ်လစ်စနစ်က အနိုင်ရမည်လို့ ယုံကြည်ထားတယ်။ ယခုအချိန်မှာ စနစ်နှစ်ခု ယှဉ်ပြိုင်မှုကို နေရာတကာ ကိစ္စအဝဝ၊ ပြဿနာ အမျိုးမျိုးမှာ တွေ့နိုင်တယ်။ ဒါကြောင့်လဲ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးဟာ ယခုခေတ်ရဲ့ လူတန်းစား တိုက်ပွဲပုံစံ တရပ်ဖြစ်တယ်လို့ ပြောကြခြင်းဖြစ်တယ်။

သို့သော်လဲ တရုပ် ကွန်မြူနစ် ပါတီက အရင်းရှင် နိုင်ငံများနှင့် အခြား ဆိုရှယ်လစ် နိုင်ငံများ ငြိမ်းချမ်းစွာ ယှဉ်တွဲ



နေထိုင်ရေး မူအရ စစ်မဖြစ်အောင် လုပ်တိုင်း၊ ငြိမ်းချမ်းစွာ ယှဉ်ပြိုင်မှု လုပ်တိုင်း တော်လှန်ရေး သစ္စာ ဖေါက် နေတယ်၊ အရင်းရှင် လူတန်းစားနှင့် လူတန်းစား ပူးပေါင်းရေး လုပ်နေတယ် စသည်ဖြင့် ဝေဖန် တိုက်ခိုက်ပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေးမူကို ပစ်ပယ်လာတယ်ဗျာ။

တကယ်တော့ နယ်ချဲ့အရင်းရှင်နိုင်ငံကြီးများဟာ ဆိုရှယ်လစ် နိုင်ငံများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲမနေချင်ကြဘူးဗျ။ တတ်နိုင်ရင် ဆိုရှယ်လစ် နိုင်ငံများကို ဝင်ရောက် စွက်ဖက်ပြီး ဆိုရှယ်လစ် စီးပွားရေးစနစ်နှင့် လုပ်သားပြည်သူတို့ရဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို ချက်ချင်းဘဲ ဖျက်ဆီးပစ်ချင်ကြတယ်။

ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖြစ်ပေါ် တိုးတက်လာမှု သမိုင်းကို ပြန်ကြည့်ရင် နယ်ချဲ့အရင်းရှင်နိုင်ငံများက ဝင်ရောက် စွက်ဖက်ခဲ့တာတွေကို တွေ့ကြရမှာပါဘဲ။ ဝင်ရောက် စွက်ဖက်ခြင်းကို လက်လျှော့လိုက်ရတဲ့ အခါမှာလဲ ဆိုရှယ်လစ် နိုင်ငံ များနှင့် တန်းတူ၊ အကျိုးတူ မူများအရ စီးပွားရေး၊ ယဉ်ကျေးမှု ဆက်သွယ်ရေး မလုပ်ချင်ကြဘူး။

ဒါ့ကြောင့် ဆိုရှယ်လစ်နိုင်ငံများဟာ အရင်းရှင် နယ်ချဲ့နိုင်ငံများက ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေးမူများကို လက်ခံ ကျင့်သုံးလာအောင် တိုက်ပွဲဝင်ကြရတယ်။ သို့ကလို တိုက်ပွဲဝင်ရင်းနှင့် ဆိုဗီယက်ယူနီယံနှင့် အရှေ့ ဥရောပ ဆိုရှယ်လစ် နိုင်ငံများဟာ ပြင်ပ စွက်ဖက်မှု နဲနဲဖြင့် ငြိမ်းချမ်းစွာ ဆိုရှယ်လစ်စနစ်ထူထောင်သွားကြရတယ်။

တရုပ်ပြည်သူ့သမတနိုင်ငံကို နယ်ချဲ့သမားက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခွင့် မပေးဘူး။တရုပ်နယ်မြေအချို့ကို နယ်ချဲ့တို့က သိမ်းပိုက်ထားတယ်။ တရုပ်ပြည် ကုလသမဂ္ဂ မဝင်ရအောင် နယ်ချဲ့တို့က တားဆီး ပိတ်ပင်ထားတယ်။ ဒီလို နယ်ချဲ့တွေက နှောင့်ယှက်နေတာကြောင့် အရှုံးပေးပြီး တရုပ်ပြည်သူ့သမတ နိုင်ငံက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူများကို ပစ်ပယ်လိုက် ရမလား။ မဟုတ်ဖူးဗျ။ တရုပ် ပြည်သူတွေနှင့် အစိုးရဟာ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူ အောင်မြင်အောင် တိုက်ပွဲဝင် ကြရမည်သာ ဖြစ်တယ်။

နယ်ချဲ့ အရင်းရှင် နိုင်ငံများဟာ လွတ်လပ်ခါစ ဖွံ့ဖြိုး တိုး တက်ဆဲ နိုင်ငံများနှင့်လဲ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မလုပ် ချင်ဘူးဗျ။ လွတ်လပ်ခါစ နိုင်ငံတွေမှာ နယ်ချဲ့ ကြိုက်သော လူ နေမှုစနစ်များ အောင်မြင်အောင်၊ နယ်ချဲ့ဘက်သား အစိုးရများ ဖြစ်ပေါ်အောင် ဝင်ရောက် စွက်ဖက်ကြတယ်။ ဆက်လက်ပြီး စီးပွားရေးနှင့် အခြား ခေါင်းပုံဖြတ် ချယ်လှယ်မှုများ လုပ်ထား ချင်သဖြင့် နယ်ချဲ့အရင်းရှင်နိုင်ငံများဟာ လွတ်လပ်ခါစ၊ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် တန်းတူ၊ ရည်တူ၊ အကျိုးတူမှုများအရ ဆက်ဆံမှု မပြုကြဘူး။ ဒါကြောင့် လွတ်လပ်ခါစ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူများ အောင်မြင်ရေးအတွက် တိုက်ပွဲဝင်ကြရတယ်။ သို့သော်လဲ တရုပ် ကွန်မြူနစ် ပါတီက ဒါကိုပင် တော်လှန်ရေး လမ်းကြောင်းမှ စွန့်ခွာခြင်းဖြစ်တယ်၊ နယ်ချဲ့သမားကို အပြတ်မတိုက်ဖူး၊ နယ်ချဲ့သမားနှင့် ပူးပေါင်း တယ် စသည်ဖြင့် ဆန့်ကျင် ရှုတ်ချနေကြတယ်။



မလွတ်လပ်သော နိုင်ငံတခုအဖို့တော့ အုပ်စိုးထားသော သူ နှင့် ဘယ်မှာ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လို့ ဖြစ်မလဲ။ ခေါင်းပုံဖြတ် သွေးစုတ်သူနှင့် ခေါင်းပုံဖြတ် သွေးစုတ်ခံရသူ ဘယ်မှာ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လို့ ရမလဲ။ မလွတ်လပ် သေးသော နိုင်ငံတခုဟာ နိုင်ငံတကာဆက်ဆံရေးရာ နယ်ပယ်မှာ ပါဝင် ဆောင်ရွက်ခွင့်မှ မရှိဘဲ။အခြားနိုင်ငံတွေနှင့် လွတ်လပ်စွာမှ ဆက်ဆံခွင့် မရှိသေးဘဲဗျာ။ နိုင်ငံခြား ဆက်သွယ်ရေးဟာ အုပ် စိုးသူ နယ်ချဲ့နိုင်ငံရေးလက်ထဲမှာ ရှိနေတာဘဲ။

တရုပ်ကွန်မြူနစ်ပါတီဟာ ပြဿနာတွေကို ရှုပ်ထွေးပစ်လိုက် တယ်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးဟာ လက်အောက်ခံ နိုင်ငံနှင့် အုပ်စိုးသော နိုင်ငံ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခြင်း ဖြစ် လို့မို့ လွတ်လပ်ရေးတိုက်ပွဲကို စွန့်လွှတ်စေခြင်း ဖြစ်တယ်။ သွေး စုတ် ချယ်လှယ်သူ လူတန်းစားနှင့် သွေးစုတ်ခြယ်လှယ်ခံ လူတန်း စားများ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းဖြစ်လို့မို့ လူတန်းစား တိုက်ပွဲကို စွန့်လွှတ်စေခြင်း ဖြစ်တယ် စသည်ဖြင့် မဆီမဆိုင် မဟုတ် တရုတ် စွပ်စွဲ တိုက်ခိုက်လာတယ်။

သည်လို ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူများကို မှေးမှိန် စေပြီးနောက်၊မဟုတ်တရုတ် စွပ်စွဲတိုက်ခိုက်ပြီးနောက် စကားကြီး စကားကျယ် မော်စီတုံးထံမှ ကောက်နုတ်ချက်တွေ၊ ကျမ်း ကိုးကျမ်းခံတွေနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူများကို ပစ်ပယ်ပြီးနောက် အခြားနိုင်ငံများသို့ သူ့ပုံစံနှင့် ကမ္ဘာ့တော် လှန်ရေးကြီးကို ဇွတ်သွတ်သွင်းလာတယ်။ အခြားနိုင်ငံပြည်တွင်း ရေးများကို ဝင်ရောက်စွက်ဖက်တယ်။ အခြားနိုင်ငံတွေရဲ့ကာလ

ဒေသကွဲပြားချက်တွေ၊အခြေအနေ မတူတာတွေကို အသိအမှတ် မပြုတဲ့ တရုတ်ဆရာကြီးများနှင့် သက်ဆိုင်ရာ နိုင်ငံများမှ တပည့် တပန်းများဟာ စီစီညံညံ မြင်တိုင်း လူထုမကျေနပ်သံ၊ ဆူသံပူသံ ကြားတိုင်း သူတို့စိတ်ကူးနှင့် ဆွဲထားတဲ့ တော်လှန်ရေး အချိန် ဇယားဇေ့ ရောက်နေပြီ၊ တော်လှန်ရေးအုံကြွမှုကြီး ရင့်မာလာပြီ စသည်ဖြင့် တွက်ချက်ကြ၊ ပြောကြ ဆိုကြ၊ အော်ဟစ်ကြပြီး တော်လှန်ရေး လုပ်ဇာတ်တွေ ခင်းခဲ့ကြတယ်ဗျာ။

ဥက္ကဋ္ဌကြီးမော် ခေါင်းဆောင်သော ကမ္ဘာ့ တော်လှန်ရေး ကြီးကို အတင်းမွေးထုတ်ဖို့ ကြိုးစားကြရင်း အချို့နေရာများ မှာ တော်လှန်ရေး သားလျှောတယ်။ အချို့ နေရာများမှာ မွေးသော တော်လှန်ရေးများ ဖြစ်ပေါ်လာတယ်။ အချို့နေရာ များမှာ တန်ပြန်တော်လှန်ရေးအတွက် လမ်းခင်းပေးကြတယ်။

သဘောတရား လမ်းစဉ်၊ မူဝါဒများကို မှန်မှန်နှင့် ကျင့်သုံး ခဲ့လို့ တရုတ်ပြည်သူ့ သမတနိုင်ငံနှင့် တရုတ်ကွန်မြူနစ်ပါတီတို့ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ ရ ထားခဲ့သော အောင်မြင် မှုများဟာ ၁၉၆၀ ခုနှစ်လောက်မှစပြီး ဖောက်ပြန် မှားယွင်း လာသော သဘောတရား၊ လမ်းစဉ်နှင့် မူဝါဒများကြောင့် တခုပြီးတခု လက်လွှတ် ဆုံးရှုံးရတယ်။ ဆိုရှယ်လစ်နိုင်ငံ အချင်း ချင်းကွဲပြီး တရုတ်ပြည်သူ့သမတနိုင်ငံဘက်မှာ အယ်လ်ဘေးနီး ယား တနိုင်ငံထဲသာ ကျန်ရစ်တော့တယ်။ ကွန် မြူ နစ် နှင့် အလုပ်သမား ပါတီများ အချင်းချင်း ကွဲပြီး အနဲစုကလေး သာ တရုတ်ကွန်မြူနစ်ပါတီနှင့် ကျန်ရစ်တော့တယ်။ တရုတ် ပြည်သူ့ သမတနိုင်ငံနှင့် တရုတ်ကွန်မြူနစ်ပါတီအဖို့ အမာခံ



အင်အားကြီးတခု ဆုံးရှုံးသွားခြင်းပါဘဲ။ ပါးစပ် က တော့ အော်နိုင်ပါတယ်၊သခင်စိုးကြီး လိုလေ—အချောင်သမားတွေနှင့် လမ်းခွဲခြင်းသည် အင်အားအစစ်၊ ပြန်လည် ပြင်ဆင်ရေး ဝါဒီ တွေနှင့် ကွဲအက်ရေး၊ ခွဲထွက်ရေးလုပ်ခြင်းသည် တော်လှန်ရေး သစ္စာတရား စသည်ဖြင့်ပေါ့ဗျာ။

နောက် ပြီးတော့ တရုတ်ပြည်သူ့ သမတနိုင်ငံဟာ လွတ်လပ် ခါစ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အာရှအာဖရိက လက်တင်အမေရိက နိုင်ငံ အများစုနဲ့ ကွဲရပြန်ပါတယ်။ မိတ် ရင်း ဆွေ ရင်း တွေ ပြုတ်ကုန်တယ်။ ဒါဟာ အလွန်ကြီးတဲ့ ဆုံးရှုံးမှုပါ။ အထင်ရှား ဆုံး ဆုံးရှုံးမှုကတော့ အင်ဒိုနီးရှားဖြစ်တယ်ဗျာ။

### မိတ်ဆွေရင်းတို့နှင့် ကွဲရခြင်း

အင်ဒိုနီးရှား ကွန်မြူနစ်ပါတီဟာ ဆိုရှယ်လစ် နိုင်ငံများ ပြင်ပရှိ ကွန်မြူနစ် ပါတီတွေထဲမှာ အကြီးဆုံးသော ပါတီဖြစ် တယ်လို့ ကျော်ကြားခဲ့ပါတယ်။ အသင်းဝင် သန်းပေါင်း များစွာနှင့် အင်ဒိုနီးရှားပြည်တွင်းမှာ ပြိုင်ဘက် ကင်း သည့် အလုပ်သမားနှင့် တောင်သူလယ်သမား လူတန်းစား အဖွဲ့အစည်း များကိုလဲ ခေါင်းဆောင်မှု ရထားခဲ့တယ်။ သမတကြီး ဆူကာနို ဟာလဲ ကွန်မြူနစ်ပါတီဝင် မဟုတ်ရုံတမယ်ကျန်သည့်တိုင် သူတို့ နှင့် အပေးအယူမျှတပြီး၊ အတွေး အခေါ်တူပြီး ပူးပေါင်း

ဆောင်ရွက်ခဲ့တယ်။ အစိုးရကို ကြီးကိုင်တဲ့ နိုင်ငံရေးဦးဆောင်မှု အဖွဲ့မှာလဲ သူတို့ပါရတယ်။ တပ်ထဲမှာလဲ သူတို့ဘက်သားတွေ အများအပြား ရှိခဲ့ပါတယ်။အချုပ်အားဖြင့် ဆိုရရင် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီဟာ အစိုးရ အာဏာရပါတီလို့ မခေါ်နိုင်သေးသော်လဲ အစိုးရ အာဏာထဲမှာ ကိုယ်တပိုင်းဝင်နေပြီး အစိုးရ အပေါ်မှာ ဩဇာ ရှိတဲ့ပါတီတရပ် ဖြစ်ခဲ့ပါတယ်။

သို့သော်လဲ အင်ဒိုနီးရှား ကွန်မြူနစ် ပါတီဟာ တရုတ်ကွန်မြူနစ် သဘောတရား၊ မူဝါဒ လမ်းစဉ်ကို ကျင့်သုံးလိုက်တဲ့အတွက် အင်ဒိုနီးရှား လုပ်သား ပြည်သူတွေရဲ့ စီးပွားရေးနှင့် လူမှုရေး ပြဿနာများကို ဖြေရှင်းနိုင်အောင် အာရုံ စူးစိုက်ရမည့်အစား ပြည်ပကို အာရုံ စူးစိုက်ပြီး မလေးရှားနှင့် ရင်ဆိုင်ရေးကို ရှေ့တန်းတင်တယ်။ မလေးရှား ပြည်သူတွေက သူတို့ဘာသာ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး တော်လှန်ရေးကို လုပ်စေရမည့်အစား အင်ဒိုနီးရှားက မလေးရှားထဲ စစ်တပ်နှင့်ဝင်ပြီး တော်လှန်ရေးကို သွင်းကုန် အဖြစ် ယူဆောင်သွားရန် ကြိုးပမ်းခဲ့တယ်။ ကုလသမဂ္ဂမှ ထွက်ပြီး တရုတ် ပြည်သူ့ သမတနိုင်ငံနှင့်အတူ စင်ပြိုင် ကုလသမဂ္ဂတည်ထောင်ရန် ကြိုးပမ်းခဲ့တယ်။

ပီကင်း၊ ဂျာကာတာ ဝင်ရိုးတန်း မဟာမိတ် အဖွဲ့ ဆိုတာ လုပ်ခဲ့ကြတယ်။ နောက်ဆုံးမှာ လက်နက်ကိုင် တော်လှန်ရေး မပါမပြီး ဟူသော အစွဲကြောင့် အခြေအနေကို မစောင့်နိုင်ဘဲ လူထုမပါဘဲ လက်နက်နှင့် အာဏာ သိမ်းရေး၊ စွန့်စားရေး လုပ်ငန်း အမှားကို လုပ်မိတယ်။ ဒါ့ကြောင့် သူတို့ တော်လှန်ရေး မအောင်မြင်ဘဲ တန်ပြန် တော်လှန်ရေး အတွက် လမ်းခင်းပေးသလိုသာ ရှိခဲ့တယ်။ ဤမျှ အင်အားကြီးမားသော အင်ဒိုနီးရှား



ကွန်မြူနစ်ပါတီဟာ ချေမှုန်းခြင်း ခံရပြီး များစွာ အထိနာတယ်။ ပြည်သူလူထုလဲ သိန်းနှင့်ချီပြီး သေကျေ ပျက်စီးကြရတယ်။ ဖြစ်သမျှကို ရန်သူကြောင့်၊ ဖောက်ပြန်ရေးသမားကြောင့် စသည်ဖြင့် လက်ညှိုးထိုးပြီး ကိုယ့်တာဝန်ကို ရှောင်နေလို့ မဖြစ်ဖူး။ ကိုယ်မှားလို့၊ ကိုယ်ညံ့လို့ ရန်သူက လုပ်ချင်တိုင်း လုပ်သွားနိုင်တယ်၊ ဖေါက်ပြန်ရေးသမား အောင်သွားတယ်လို့လဲ ကိုယ့်တာဝန် ကိုယ်မြင်ဖို့ လိုတယ်။

အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ ရှုံးခြင်းသည် တရုတ်ကွန်မြူနစ်ပါတီ ရှုံးခြင်းဖြစ်ကြောင်း ကမ္ဘာကမြင်ရုံမက တရုတ် ပြည်သူလူထုနှင့် တရုတ်ခေါင်းဆောင်များလဲ သိနားလည်ကြတယ်။

တရုတ်ကွန်မြူနစ် ခေါင်းဆောင်ကြားမှာ လည်းကောင်း၊ တရုတ် ပြည်သူလူထုကြားမှာလည်းကောင်း ဆိုရှယ်လစ် နိုင်ငံတွေနှင့် ဘာကြောင့် ကွဲသလဲ၊ ဆိုရှယ်လစ်နိုင်ငံ အများစုက ဘာ့ကြောင့် သူတို့ဖက်က မရပ်သလဲ၊ ကမ္ဘာ့ရှိ ကွန်မြူနစ်ပါတီနှင့် အလုပ်သမားပါတီ အများစုက ဘာ့ကြောင့် တရုတ်ကွန်မြူနစ်ပါတီကို မထောက်ခံကြသလဲ၊ အာရှ အာဖရိကနှင့် လက်တင်အမေရိက ထွန်းသစ်စနိုင်ငံများနှင့် ဘာ့ကြောင့် တနေ့တခြား ကင်းကွာလာရသလဲ၊ ဘာ့ကြောင့် မိတ်ဆွေရင်းချာများ ဆုံးရှုံးရသလဲ စသည်ဖြင့် ဆွေးနွေးကြတယ်။ ဘယ်သူ့တာဝန်လဲလို့ ဝေဖန်ကြတယ်။

ပြည်တွင်းရေးနှင့် ပတ်သက်ပြီးတော့လဲ တရုတ်ပြည်သူတွေနှင့် တရုတ်ခေါင်းဆောင်များ ပြန်လည်စဉ်းစားစရာတွေ ပေါ်လာတယ်ဗျာ။

## ခုန်ပျံကျော်လွှား တိုးတက်ခြင်း မှန်၏လော

တရုပ်ပြည်တွင်းမှာ ဆိုရှယ်လစ်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး မှားတယ် မှန်တယ် စသည်ဖြင့် ကျွန်တော် အကျယ်တဝင့် မဆွေးနွေးလိုဘူးဗျာ။ တကယ်ကတော့ တရုပ်ကွန်မြူနစ်ပါတီရဲ့ 'ကမ္ဘာ့တော်လှန်ရေး' သဘောတရားနှင့် လုပ်ရပ်များသည်သာ ကျွန်တော်တို့နှင့် တိုက်ရိုက် သက်ဆိုင်တယ်။ သို့သော်လဲ တရုပ်ပြည်တွင်း ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေး ပြဿနာ အချို့ကို ဖော်ပြဖို့ လိုတယ် ထင်ပါတယ်။

မော်စီတုံးနှင့် တရုပ်ကွန်မြူနစ် ပါတီတို့ဟာ အခြားနိုင်ငံများမှာ ကမ္ဘာ့တော်လှန်ရေးဖြစ်ရန် ဇွတ်အတင်း ဖြစ်စေချင်သလို တရုပ်ပြည်တွင်းမှာလဲ ဆိုရှယ်လစ်တော်လှန်ရေး အရှိန်အဟုန်ကို ဖြစ်နိုင်သည်ထက် ပိုပြီးလျင်မြန်အောင် ဇွတ်ကြံစည်အားထုတ်ကြတယ်လို့ ကျွန်တော်မြင်တယ်။ ကုန်ထုတ်လုပ်ရေးလက်နက် ကရိယာ တိုးတက်သည်နှင့်အမျှသာ ဆိုရှယ်လစ်တော်လှန်ရေး အရှိန်အဟုန် မြင့်မားလာရမယ်။ ဆိုရှယ်လစ် စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းသွားရမယ်ဆိုတဲ့ မာ့က်ဇ်လီနင်ဝါဒ အခြေခံမူတရားကို ပစ်ပယ်လိုက်ပြီး လူထုအားကိုး၊ တရုပ်လူဦးရေ သန်း ၇၀၀ အားကိုး၊ တရုပ်ကွန်မြူနစ် စည်းရုံးရေးအားကိုးနှင့် တော်လှန်ရေး အဆင့်တွေ ကျော်တက်ဖို့ ကြိုးစားတယ်။ ကျေးလက်တောရွာများမှာရော၊ မြို့ပေါ်နေ ဆင်းရဲသား (အရင်းရှင်ပေါက်စ) ရပ်ကွက်များမှာပါ ကွန်မြူးန်တွေ ထောင်တယ်။ ကျေးလက် တောရွာ ကွန်မြူးန်တွေမှာဆိုရင် လူတိုင်း စွမ်းအား



ရှိသလောက် လုပ်ပြီး လုပ်သလောက် ဝေခွဲယူတဲ့ ဆိုရှယ်လစ်မူ အစား လူတိုင်း စွမ်းအား ရှိသလောက်လုပ်ပြီး လိုသလောက် ဝေခွဲယူဆိုတဲ့ ကွန်မြူနစ်မူများကိုပင် ချမှတ်လာခဲ့တယ်။ ထွန်စက်၊ စိုက်စက် စသော ကုန်ထုတ် လက်နက် ကရိယာတွေ၊ ကုန်လုပ် စွမ်းအားစုတွေ များစွာ တိုးတက်ပြီး ကုန်ပစ္စည်းတွေ အလျှံပယ် ပေါ်ကြွယ်ဝမှ လုပ်ဖြစ်မည့် ကွန်မြူနစ်စနစ် အဆင့်ကို ထွန်တုံးထွန်တံ အဆင့်မှနေပြီး ခုန်တက်ရန် ကြိုးစားခဲ့တယ်။ အိမ်ပေါက်စေ့၊ အိမ်နောက်ဖေး ပန်းဘဲဖိုတွေတည်စေပြီး သံမဏိ ထုတ်လုပ်မှု ခုန်ပျံကျော်တက်ရန် အားထုတ်ခဲ့တယ်။ ခေတ်မှီ သံမဏိ စက်ရုံကြီးတွေ တည်ဆောက်ရတာက ကြာသကိုး။ ဒါကြောင့် စောင့်မနေနိုင်ဘူး။

တရုပ်ပြည် ဆိုရှယ်လစ် တည်ဆောက်ရေးမှာ ခုန်ပျံကျော်လွှား တိုးတက်ရေး ဟူသော ဆောင်ပုဒ်ဖြင့် တော်လှန်ရေး အရှိန်အဟုန်ကို ဇွတ်မြှင့်တင်ခဲ့တာ ဘယ်လောက် အောင်တယ် မအောင်ဘူး၊ ဘယ်လောက်မြတ်တယ်၊ ရှုံးတယ်ဆိုတာကျွန်တော်တို့ တိတိအပ်အပ်မသိဘူးဗျ။ သိရတာ တခုကတော့ စီးပွားရေး ၅ နှစ် စီမံကိန်းများကို ရပ်ဆိုင်းထားလိုက်ရခြင်းပါဘဲ။ ယနေ့ထိလဲ စီးပွားရေး စီမံကိန်း လျာထားချက် ကိန်း ဂဏန်း များ ပြီးမပြီး စာရင်းအင်းများ၊ သုံးသပ်ချက်များ မထုတ်ဝေတော့ဘူး။ တရုပ်ပြည် စီးပွားရေး အခြေအနေ တိုးတက် ကောင်းမွန်လျက်ရှိပါတယ် ဆိုတဲ့ ယေဘုယျ ကြေညာချက်များနှင့် ရာခိုင်နှုန်းများလောက်သာ ထုတ်ပြန်နေတော့တယ်။

ကျေးလက် တောရွာများမှာ တည်ထောင်ခဲ့တဲ့ ကွန်မြူးန်များကိုတော့ ပြန်ပြီး ပြင်ဆင် ခဲ့ပါတယ်။ ရှေ့လောကြီးပြီး

လွန်ထားတာတွေကို လျှော့ချလိုက်တယ်။ ယခုအခါ အမည်အားဖြင့် ကွန်မြူနီလို့ ဆက်ခေါ်နေသော်လဲ အဆင့်မြင့်စိုက်ပျိုးရေး၊ သမဝါယမနှင့် စုပေါင်း လယ်ယာမြေ အဆင့်လောက်သာ ရှိပါတယ်။

ကုန်ထုတ်လုပ်မှု လက်နက် ကိရိယာ မပြည့်စုံဘဲ ခုန်ပျံကျော်လွှားရန် ဘာ့ကြောင့် အားထုတ်ခဲ့သလဲ။ လူဦးရေ သန်းပေါင်း ၇၀၀ ကြောင့် မာန်တက်ပြီး မော်စီတုံးရဲ့ အတွေးအခေါ်ကို စိတ်ဝါဒ လွှမ်းသွားခြင်းကြောင့် ဖြစ်ပါတယ်။

တရုပ် လူဦးရေ သန်း ၇၀၀ ရှိပြီး လူဦးရေ ကြီးမားလွန်းခြင်းနှင့် လူဦးရေ တိုးပွားနှုန်းလျင်မြန်လွန်ခြင်းနှင့် ပတ်သက်ပြီး တရုပ်ကွန်မြူနစ်ပါတီထဲမှာ အယူအဆ နှစ်မျိုးရှိတယ်။ တမျိုးကတော့ များလွန်းအားကြီးတယ်။ "စားဝတ်နေ အဆင့်အတန်းကို ထိထိရောက်ရောက် မြှင့်တင်နိုင်ရန် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုနှုန်းနှင့် လူဦးရေတိုးတက်မှုနှုန်းကို သဟဇာတဖြစ်ရန် တရုပ်လူဦးရေ တိုးတက်မှုကို ကန့်သတ်ရမယ်လို့ ယူဆတယ်။ ကျန် တမျိုးကတော့ မော်စီတုံးရဲ့ အယူအဆဘဲ။ “လူဟာ အဖိုးအတန်ဆုံးသော အရင်းအနှီး ပစ္စည်း ဖြစ်တယ်။ လူနှင့် ရင်းနှီးလာရင် ဘာမဆိုဖြစ်ရမယ်။ ဒါ့ကြောင့် လူဦးရေ တိုးချင်တိုင်း တိုးပေစေအုံး၊ မကန့်သတ်နှင့်။ လူဦးရေကန့်သတ်ဖို့ ပြောဆိုသူတွေဟာ အရင်းရှင်အတွေးအခေါ် ရှိသူတွေဖြစ်တယ်လို့” ဆိုတယ်။

တရုပ် သန်း ၇၀၀ လုပ်ရင် ကုန်ထုတ်လုပ်မှု လက်နက် ကိရိယာတွေ မပြည့်စုံသေးသော်လဲ ကွန်မြူနစ်စနစ်သို့ ရောက်



အောင် ခုန်ပျံကျော်လွှားသွားနိုင်တယ်။ လူဦးရေ သန်း ၇၀၀ လုပ်ရင် ဘာမဆို အောင်နိုင်ရမယ်။ မော်စီတုံးဟာ ရှည်လျားသော တရုပ်သမိုင်း၊ ကျယ်ပြောသော တရုပ်ပြည်၊ ကြီးမားသော တရုပ် လူဦးရေအတွက် အထူး မာန်မာနတက်တယ်။ ဒါဟာ လူမျိုးကြီး ဝါဒရဲ့ ရေသောက်မြစ်ဖြစ်တယ်။

ကြီးမားသော လူဦးရေကြောင့် မော်စီတုံးမှာ ထူးဆန်းသော အတွေးအခေါ်တခု ဝင်ပြန်သေးတယ်။ တရုပ်ပြည်ဟာ အနုမြူစစ်ပွဲကို ကြောက်ဖို့မလိုဘူး။ အနုမြူစစ်ပွဲဖြစ်လို့ တရုပ် သန်း ရာပေါင်းများစွာ သေချင်သေပေစေ၊ ကျန်သော တရုပ်တွေက ယခုရရှိထားသော ယဉ်ကျေးမှုထက် အဆ တထောင် ပိုကောင်းတဲ့ ယဉ်ကျေးမှုသစ်တရုပ်ကို အနုမြူစစ်ရဲ့ ပြာပုံပေါ်မှာ တည်ဆောက်သွားလိမ့်မည်သာ ဖြစ်တယ်လို့ မော်စီတုံးက ဆိုခဲ့တယ်။

ကိုယ့်လူမျိုးကို မကြောက် တရား ဟော ရန် သော် လည်းကောင်း၊ စကားအဖြစ် အနိုင်ယူရန်သော်လည်းကောင်း၊ ဒီလို ပြောတယ်ဆိုရင် သိပ် ကိစ္စမရှိလှပါဘူးဗျာ။ သို့သော်လဲ လူ သန်းရာပေါင်းများစွာ သေချင်သေပေစေဆိုတဲ့ အတွေးအခေါ်ကို အခြေခံပြီး ကိုယ်နိုင်ငံက မိုက်ရူးရဲလုပ်ခြင်း၊ စွန့်စားရေး ဝါဒကို လက်တွေ့ကျင့်သုံးခြင်း၊ သူတပါးကလဲ မိုက်ရူးရဲလုပ်အောင် လှုံ့ဆော် တိုက်တွန်းခြင်း၊ အနုမြူစစ်ကြီးကို ကြောက်သူတွေကို အချောင်သမားအဖြစ်ဖြင့် သမုတ်ခြင်း၊ အနုမြူစစ်ပွဲကြီး ရှောင်ကွင်းရန် ကြိုးပမ်းသော ဆိုဗီယက်ယူနီယံကို အရှုံးပေးသည်ဟု စွပ်စွဲခြင်း၊ အနုမြူလက်နက်ဆန့်ကျင်ရေးကို ပုံသဏ္ဌာန် အမျိုး

မျိုးနှင့် လုပ်နေကြသော ထွန်းသစ်စနိုင်ငံများကို ဆို ဗီ ယက် ပြန်လည် ပြင်ဆင်ရေး ဝါဒီများရဲ့ ဩဇာခံသူများဟု သတ်မှတ်ခြင်း စသည်များဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကျယ်ပြန့်သော ကမ္ဘာ့ပြည်သူလူထုရဲ့ ညီညွတ်ရေးကို ဟန့်တားရာရောက်နေတယ်။

အထက်မှာ ကျွန်တော် ဖော်ပြခဲ့သည်များကို ခြုံကြည့်ရင် မော်စီတုံး ခေါင်းဆောင်မှုဖြင့် တရုပ်ကွန်မြူနစ် ပါတီက ၁၉၆၀ ခုနှစ်လောက်မှစပြီး လိုက်နာကျင့်သုံးလာခဲ့သော ကမ္ဘာ့ တော်လှန်ရေး ဆိုင်ရာ၌လည်းကောင်း၊ တရုပ်ပြည်တွင်း ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေး ဆိုင်ရာ၌လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဆိုင်ရာ၌လည်းကောင်း၊ သဘောတရားအယူအဆမှားများ၊ မူဝါဒအမှားများနှင့် လမ်းစဉ်အမှားများကြောင့် တရုပ်ပြည်သူ့သမတ နိုင်ငံဟာ ဆိုရှယ်လစ်နိုင်ငံ အများစုနှင့်လည်းကောင်း၊ ကမ္ဘာ့ကွန်မြူနစ်နှင့် အလုပ်သမားပါတီ အများစုနှင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ဆဲ ထွန်းသစ်စနိုင်ငံများနှင့်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်၊ ကမ္ဘာ့ အလုပ်သမားများအဖွဲ့ချုပ်၊ ကမ္ဘာ့ ဒီမိုကရက်တစ်လူငယ်နှင့် ကျောင်းသားများအဖွဲ့ချုပ် စသော ကမ္ဘာ့လူထု အဖွဲ့အစည်းများမှ အများစုနှင့်လည်းကောင်း၊ ကွဲပြား ကင်းကွာခဲ့ရတယ်။ ပြည်တွင်းမှာသဲ ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းများနှင့် မှန်မှန်ကြီး တိုးတက်ရမည့်အစား စီမံကိန်းများရပ်ဆိုင်းထားရပြီး စီးပွားရေးတိုးတက်မှု ခြေလှမ်းမမှန်၊ တက်သူတက်၊ ကျသူကျ၊ ဦးထောင်ပဲ့နှင်း ဖရိုဖရဲတွေ့ဖြစ်လာတယ်။ တရုပ်ပြည်သူ့ တော်လှန်ရေးကြီး အောင်မြင်ပြီး ၁၅ နှစ်လောက်အကြာမှာ အလုပ်



သမားတွေနှင့် တောင်သူလယ်သမားတွေက စားဝတ်နေရေး အဆင့်မြင့်ရန် တောင်းဆိုလျှင် စီးပွားရေး ရပ်ကြမ်းဝါဒ ဖြစ်တယ်။ မတောင်းသင့်ဘူး။ တော်လှန်ရေး၊ နိုင်ငံရေးအသိတရားကို ရှေ့တန်းထားပြီး အဆင်းရဲခံရမယ်။ နေထိုင် စားသောက်ရေးမှာ စွန့်လွှတ်ခြင်းအမျိုးမျိုး လုပ်ရမယ်။ ကောင်းကောင်းနေ၊ ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ရန် အားထုတ်ခြင်းဟာ အရင်းရှင်ဝါဒသို့ ပြန်ခြင်း၊ ပြန်လည်ပြင်ဆင်ရေးဝါဒ သွတ်သွင်းခြင်းဖြစ်တယ် စသော အသံများကို ကြားနေရခြင်းဟာ မော်စီတုံးရဲ့ ခုန်ပျံကျော်လွှား တိုးတက်ခြင်းကို သရုပ်ဆောင်သလို ဖြစ်နေတယ်ဗျာ။

## တရုပ်ခေါင်းဆောင်များ ကွဲကြခြင်း

ဒီကိစ္စတွေကို တရုပ်ပြည်သူတွေကြားမှာ၊ တရုပ်ကွန်မြူနစ် ပါတီတွင်းမှာ၊ တရုပ်ခေါင်းဆောင်များကြားမှာ၊ တိုးတိုးတဖုံ၊ ကျယ်ကျယ်တမျိုး၊ ပြောင်ကျကျတဖုံ၊ ခေါင်းပါးရိပ်ခြေတမျိုး ဆွေးနွေးကြတယ်။ ဘယ်သူ့အမှားလဲလို့ ရှာကြတယ်။ တာဝန်ရှိသူကို ရှာကြတယ်။ မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်မှုကိုပင် တိုက်ခတ်လာသူတွေ ပေါ်လာတယ်။

ဒီအချိန်မျိုးမှာ ပုဂ္ဂိုလ်ရေးတွေကလဲ ရှေ့တက်လာမြဲဖြစ်တယ်။ မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်မှုကြောင့် သဘောတရားရေး၊ မူဝါဒရေးနှင့် လမ်းစဉ်ရေးရာများကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ရန် အခွင့်မသာ ဖြစ်ပေတယ်။ ဒီတော့ သဘောတရားရေး၊ နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးများဟာ ဒွေးရော

ရှက်တင်ဖြစ်လာတယ်။ သန့်ရှင်းတဲ့ သဘောတရားရေး၊ မူဝါဒရေး၊ လမ်းစဉ်ရေးတိုက်ပွဲများ မှေးမှိန်လေလေ၊ ညစ်ညမ်းသော ပုဂ္ဂိုလ်ရေးဂိုဏ်းဂဏ တိုက်ပွဲများနှင့် ပြင်းထန်သော အာဏာလုပွဲများ ဖြစ်ပေါ်တတ် လေလေပါဘဲ။

ဒီလို တရုပ်ကွန်မြူနစ် ပါတီထွင်းမှာနှင့် တရုပ် ခေါင်းဆောင်များကြားမှာ သဘောတရားရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ ပုဂ္ဂိုလ်ရေး၊ ကွဲပြဲနေကြတာကို ကျွန်တော်တို့ အပြင်က ဘာမှ တိကျမှန်ကန်စွာ မသိခဲ့ရပါဘူး။ သူတို့အထဲမှာ တခုခုတော့ အဖုအထစ်ရှိနေပြီလို့သာ အရိပ်အမြွက်သိခဲ့ကြရပါတယ်။ ယခု မဟာမစ္ဆည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးဆိုတာဖြစ်ပြီး သူတို့ အကွဲအပြဲတွေကို ဖုံးဖိထားလို့မရ၊ ဖြောင်ဆော်ကြ ကလော်ကြတော့မှ အတော်အတန် ဘာဖြစ်ခဲ့ကြတယ်၊ ဘာဖြစ်နေကြတယ်ဆိုတာ သိရပါတယ်။

သမတ လူရှောက်ချီဟာ မောင်စီတုံးရဲ့ အမှားများကို ဆန့်ကျင်ခဲ့ကြောင်း ခုမှ ထင်ရှားလာတယ်။

တရုပ်ပြည်တွင်း ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးနှင့် ပတ်သက်ပြီး လူရှောက်ချီက ခုန်ပျံကျော်လွှား တိုးတက်ခြင်းမှာ ဆန္ဒလွန်သော အမှားများပါပုံ ဖော်ထုတ်ခဲ့တယ်။ ကွန်မြူနစ်တွေရဲ့ အဆင့်လွန်သောအမှားများကို လူရှောက်ချီက ဆန့်ကျင်တိုက်ခိုက်လို့ ပြင်ပစ်ခဲ့ရတယ်။ လူရှောက်ချီက အလုပ်သမားတွေနှင့် တောင်သူလယ်သမားတွေကို ကုန် ပိုမို ထုတ်လုပ်စေရန်နှင့် သူတို့ရဲ့ စားဝတ်နေ အဆင့်အတန်း မြင့်မားလာစေရန် နိုင်ငံရေး၊ သဘောတရားရေး ပညာပေးနေရုံနှင့်မပြီး၊ ရုပ်ဝတ္ထု မက်လုံး ပေးရမယ်လို့ ဆိုခဲ့တယ်။ ကမ္ဘာ့ တော်လှန်ရေးမှာ



ကာလ ဒေသလိုက်ပြီး နိုင်ငံအသီးသီးမှာ ပုံစံအမျိုးမျိုးနှင့် ဆင်နွှဲကြလိမ့်မယ်လို့ လူရှောက်ချီက ယုံကြည်ခဲ့တယ်။ ဒီလို သဘောကွဲလွဲမှုတွေကို လူရှောက်ချီက 'ကွန်မြူနစ်ကောင်း တယောက်ဖြစ်နည်း' ဆိုသော သူ့စာအုပ်မှာပါသော မူများအရ ပါတီတွင်းမှာ ပါတီ နည်းဖြင့် ဖြေရှင်းစေချင်တယ်။ မောင်စီတုံးက ခွင့်မပြုဘူး။

တရုပ် ကွန်မြူနစ် ပါတီ ပေါလစ် ဗြူရို အဖွဲ့ဝင် တရုပ် ခေါင်းဆောင်များ ကြားမှာ သဘော ကွဲလွဲမှုများ ရှိလာရင် ဗဟို ကော်မီတီ ခေါ်ပြီး အပြန်အလှန် ဝေဖန် သုံးသပ်ကြရန်နှင့် ကြိတ်ချေကြရန် ဖြစ်တယ်။ မပြေမလည်ကြသေးတဲ့ သဘော ကွဲလွဲမှုကျန်သေးရင် ပါတီ တခုလုံးက ဆွေးနွေးစေပြီး ပါတီ ကွန်ဂရက်ခေါ်ကာ ဆုံးဖြတ် ဖြေရှင်းကြရန် ဖြစ်တယ်။

၁၉၅၆ ခုနှစ်တုန်းက ၈ ကြိမ်မြောက် တရုပ် ကွန်မြူနစ် ပါတီ ကွန်ဂရက်ကို ကျင်းပခဲ့တယ်။ အဲဒီ ကွန်ဂရက်မှာ ပါတီ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းသစ်ကို ရေးဆွဲ အတည်ပြုခဲ့တယ်။

အဲဒီ အခြေခံ စည်းမျဉ်းအရ ဗဟို ကော်မီတီကို တနှစ် အနည်းဆုံး ၂ ကြိမ် ကျင်းပရန်၊ ပါတီ ကွန်ဂရက်ကို အနည်းဆုံး ၅ နှစ် တကြိမ် ကျင်းပရန် ပြဋ္ဌာန်းထားခဲ့တယ်။

အရေးကြီးလျှင် အထူး ကွန်ဂရက် သို့မဟုတ် ပါတီကွန်ဖရင့် ကျင်းပနိုင်သေးတယ်။

အထက်တွင် ကျွန်တော်ဖော်ပြခဲ့တဲ့အတိုင်း တရုပ်ကွန်မြူနစ် ပါတီတွင်းမှာ အရေးကြီးသော သဘောကွဲလွဲမှုများ ပေါ်လာတယ်။ အခြေခံ သဘောတရားနှင့် မူဝါဒများမှာ ကွဲလွဲခြင်းဖြစ်တဲ့အတွက် နက်ရှိုင်းသော ကွဲလွဲခြင်းဖြစ်တယ်။ ဒါတင်မက

သေးဘူး၊ ပါတီ ထိပ်တန်းရှိ ခေါင်းဆောင်ကြီးများ ကြားမှာ ကွဲလွဲခြင်းဖြစ်တဲ့အတွက် ကျယ်ပြန့်သော ကွဲလွဲခြင်းလဲဖြစ်တယ်။ ဒါ့ကြောင့် အထူး ကွန်ဂရက် သို့မဟုတ် ပါတီ ကွန်ဖရင့်များ ခေါ်ပြီး ရှင်းလင်းရန် လွန်စွာ လိုအပ်တယ်။ သို့သော်လဲ ပါတီ ဥက္ကဋ္ဌကြီး မော်စီတုံးဟာ ဒီနည်းတွေ မလိုက်ဖူး၊ အထူး ကွန်ဂရက်နှင့် ပါတီ ကွန်ဖရင့်ကို ခေါ်ဘို့ မဆိုထားနှင့်၊ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း အရ ခေါ်ရန် လိုအပ်တဲ့ သာမန် ကွန်ဂရက်နှင့် ဗဟို ကော်မီတီ အစည်း အဝေး များကိုတောင် မှန်မှန် မခေါ်ဘဲထားတယ်။ ၈ ကြိမ်မြောက် ကွန်ဂရက်ပြီးတာ ၁၁ နှစ်ကြာပြီ။ ယခုထိ ၉ ကြိမ်မြောက် ကွန်ဂရက် မကျင်းပနိုင်ဘူး။ မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှု ဝါဒကို အားပေး အားမြှောက် ပြုကြပြီး ပါတီ စည်းမျဉ်း၊ ပါတီတွင်း ဒီမိုကရေစီနှင့် စုပေါင်း ခေါင်းဆောင်မှု မူများကို ဖောက်ဖျက်ခဲ့ကြတယ်။

ကျွန်တော်တို့ ကြားသိရသလောက်တော့ ပါတီ ဥက္ကဋ္ဌကြီး မော်စီတုံး ပေါလစ်ဗျူရို အစည်းအဝေးများကိုတောင် မှန်မှန် မတက်ဖူး။ တော်တော်ကြာကြာဘဲ ဘေးထိုင်ဘုပြောလုပ်ရင်း သူရဲ့ သီးခြား အယူအဆတွေကို ပါတီ စည်းမျဉ်းဘောင်ပြင်ပမှ တင်ပြနေခဲ့တယ်။ ပါတီတွင်း ဂိုဏ်းဂဏ အုပ်စုတိုက်ပွဲနှင့် အာဏာလုပွဲများမှာ လူရှောက်ချိတို့ကို ဆန့်ကျင်သော အုပ်စုဟာ မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှု ဝါဒကို အများဆုံး အသုံးချကြတယ်။ တနည်းပြောရရင် လူရှောက်ချိတို့ကို မော်စီတုံးနှင့် ကိုင်ပေါက်တာပါဘဲ။ မော်စီတုံးကလဲ အလိုတူ အလိုပါ ဖြစ်ခဲ့တယ်။



လူရှောက်ချိတို့က ပါတီတွင်းမှာ စည်းကမ်း တကျ တိုက်တယ်။ သူတို့ကို ဆန့်ကျင်သူတွေက မော်စီတုံး ပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှု ဝါဒကို အလံထူပြီး ပါတီတွင်းနှင့် ပါတီပမှာ တိုက်ကြတယ်။ ဒါနှင့်လဲ မလုံလောက်သေးဘူး။ ပါတီနှင့် နိုင်ငံတော် အာဏာထဲမှာ လူရှောက်ချိတို့က ခိုင်မာစွာ ခြေကုတ် စခန်းတွေ ယူထားနိုင်ကြတယ်။

ဒါ့ကြောင့် ပါတီ ဥက္ကဋ္ဌကြီး မော်စီတုံးဟာ ပါတီ အပြင်မှာ အားသစ်မွေးထုတ်ပြီး တိုက်ရန် စီစဉ်လိုက်တယ်။ သဘောတရားရေး၊ မူဝါဒရေး၊ လမ်းစဉ်ရေး ဆိုင်ရာ လက်နက်သစ် တခုကိုလဲ ထုတ်လိုက်တယ်။

အဲဒီ လက်နက်သစ်ကတော့ ‘မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး’ ဆိုတာ ဖြစ်တယ်။

ပါတီပြင်ပမှာ မွေးထုတ်လိုက်တဲ့ အားသစ်ကတော့ တပ်နီတွေ ဖြစ်တယ်။

ခေါင်းဆောင်များ အနေနှင့်ဆိုရင် မော်စီတုံး၊ လင်ပြောင် စသည်တို့က တစုဖြစ်ပြီး၊ လူရှောက်ချိ၊ တင်ရှောက်ပင်း စသည်တို့က တစုဖြစ်သွားတယ်။

မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ဆိုတာဟာ ဂိုဏ်းဂဏ တိုက်ပွဲနှင့် အာဏာလုပွဲ အတွက် ကတိုက် ကရိုက် မီးပြင်းတိုးပြီး လုပ်လိုက်ရတဲ့ လက်နက်ဖြစ်တဲ့အတွက် သိပ်မသေသပ်ဖူး။ ယခင်တုန်းက မော်စီတုံး လက်ရုံးများနှင့် လွန်စွာ

ခြားနားတယ်။ ယခင်တုန်းက ဆိုရင် မောင်စိတုံးဟာ ပါတီကို သဘောတရားရေး လက်နက်တခု တပ်ဆင် တော့မယ် ဆိုရင် 'ညွှန့်ပေါင်း အစိုးရနှင့် ပတ်သက်၍' ၊ 'ပြည်သူ့ ဒီမိုကရေစီ အာဏာရှင် စနစ်' စသည်ဖြင့် ကျမ်းတစောင် ပေတဖွဲ့ ဖြစ်သွားအောင် ရေးထုတ်လိုက်တယ်။ သို့မဟုတ် စာတမ်းတခု၊ အစီရင်ခံစာတခု အဖြစ်ဖြင့် တင်ပြလိုက်တယ်။ ယခုတော့ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ဆိုတာ ဒီလိုမဟုတ်ဘူး။ ဟိုတစ၊ သည်တခွန်း၊ ရေးတာ၊ သားတာ၊ ပြောတာ၊ ညွှန်ကြားတာတွေကို စုပေါင်းပြီး နားလည်ကြရတယ်။ ဒါကြောင့်လဲ ဒီဆုံးဖြတ်ချက်ဟာဖြင့် မောင်စိတုံး ကိုယ်တိုင် ရေးပါတယ်၊ သူ့မိန်းမ ချန်ချင်း ပြောတာဟာဖြင့် မောင်စိတုံးရဲ့ အတွေး အခေါ်နှင့် အနီးစပ်ဆုံးပါ စသည်ဖြင့် အဋ္ဌကထာ၊ ဋီကာ ဆရာတွေက နောက်က လိုက်ကြရခြင်းဖြစ်ပါတယ်။ ဒီတော့ကာ ဒီလက်နက်ကို ကိုင်စွဲတဲ့ တပ်နီတွေဟာ အလွန်အကျံ တွေဖြစ်ပြီး ခေါင်းဆောင်ကြီးများက ပတ်မ ခဏခဏ တုတ်ပေးကြရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ဆိုတာကို ခေါင်းဆောင်ကြီးများက (ပတ်မ မတုတ်ခင်) မထိန်းသိမ်းမီက တမျိုး၊ ထိန်းသိမ်းပြီးမှ တမျိုး၊ နှစ်မျိုး နားလည်ကြရတယ်။

မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ဆိုတာဟာ ဟောင်းမြင်းသော အတွေးအခေါ် အယူအဆ၊ ဟောင်းမြင်းသော ဓလေ့ ထုံးစံ၊ ပဒေသရာဇ်နှင့် အရင်းရှင် အတွေးအခေါ် အယူအဆ၊ ထုံးစံ ဓလေ့နှင့် ယဉ်ကျေးမှု ဟူသမျှကို ဆန့်ကျင် တိုက်ဖျက်ရန်ဖြစ်တယ်လို့ ဆိုပါတယ်။ ဆိုရှယ်လစ် ယဉ်ကျေးမှု



နယ်ပယ်မှာ ဆိုဗီယက် ပြန်လည် ပြုပြင်ရေးဝါဒ ဩဇာ လွှမ်းနေတဲ့အတွက် ဒါကိုလဲ ဆန့်ကျင် တိုက်ခိုက်ရမယ်လို့ ဆိုပါတယ်။

ပဒေသရာဇ် ယဉ်ကျေးမှုကို အကြွင်းမဲ့ သုတ်သင် ရှင်းလင်းရမယ်ဆိုတဲ့ ကြွေးကြော်သံဟာ ရှေးသူဟောင်းတွေ ခေတ်အဆက်ဆက်က ပြုစု ပျိုးထောင်ထားခဲ့တဲ့ ယဉ်ကျေးမှု အမွေ အနှစ်များကို ပစ်ပယ် ဆန့်ကျင်ခြင်း ဖြစ်လာတယ်။ အရင်းရှင် ယဉ်ကျေးမှုနှင့် ဆိုဗီယက် ပြန်လည် ပြုပြင်ရေး ယဉ်ကျေးမှုကို အကြွင်းမဲ့ သုတ်သင် ရှင်းလင်းရမယ်ဆိုတဲ့ ကြွေးကြော်သံဟာ နိုင်ငံခြား ယဉ်ကျေးမှု ဟူသမျှ (တိုးတက်သော နိုင်ငံခြား ယဉ်ကျေးမှုတွေ အပါအဝင်)ဆန့်ကျင် တိုက်ဖျက်ခြင်း ဖြစ်လာတယ်။

ဒီနေရာမှာလဲ ယဉ်ကျေးမှုများကို ကာလဒေသ အကြောင်းများနှင့် ကပ်ပြီး ဆင်ခြင် သုံးသပ်ခြင်း မပြုကြောင်း တွေ့ရပြန်တယ်။ ယနေ့ထိ ကျန်ရစ် တည်တန့်နေတဲ့ ယဉ်ကျေးမှု ရှေးဟောင်း အမွေအနှစ်တွေဟာ သူ့ခေတ် သူ့အချိန်၊ ကာလ ဒေသ အလျောက် လူအများကိုကျေးဇူးပြုခဲ့လို့ သို့ဖြလို ကျန်ရစ် တည်တံ့နေခြင်းဖြစ်တယ်။ ယခုခေတ် လူတွေက ကိုယ့်ကာလ ဒေသအကြောင်းများနှင့် လျော်ညီစွာ ထုတ်ယူပြုပြင်ပြီး သုံးစွဲရန်သာ ဖြစ်တယ်။ နိုင်ငံခြား ယဉ်ကျေးမှုများမှာလဲ သူ့ခေတ် သူ့ကာလ ဒေသ အလျောက် တိုးတက်ခဲ့တာတွေရှိတယ်။ ဒါတွေကို ကိုယ့်နိုင်ငံ ကာလ ဒေသ အခြေအနေနှင့် လျော်ညီစွာ ထုတ်ယူ ပြုပြင် သုံးစွဲကြရန်သာဖြစ်တယ်။ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ဆိုတဲ့ လက်နက်ကို ကိုင်စွဲသူ တပ်နီ လူငယ်ကလေးတွေဟာ ဒီသဘောကို မြင်နိုင်စွမ်း မရှိကြဘူး။

ဒါ့ကြောင့် တပ်နီတွေဟာ အလွန်အကျွံတွေ လုပ်ကုန်ကြတယ်။ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး အစပိုင်းတုန်းက တပ်နီတွေဟာ တရုပ်ပြည် အမျိုးသား အနုပညာပြတိုက်များ ဝင်ပြီး ရှေးဟောင်း ပန်းချီကားကြီးများ၊ ပန်းပုလက်ရာများနှင့် အခြားသော အနုပညာ ပစ္စည်းများကို ဖျက်ဆီးကြတယ်။ ဗုဒ္ဓ ရုပ်ဆင်းတုများ၊ တရုပ် ရဟန္တာ ရုပ်ဆင်းတုများနှင့် ရှေးပညာရှိကြီးတွေရဲ့ ရုပ်တုများကို ဖြိုခွဲကြတယ်။ ကောင်းကောင်း မွန်မွန် သားသားနားနားနေသူ ဟူသမျှကို အရင်းရှင်ဖောက်ပြန်ရေးသမား၊ သို့မဟုတ် ပြန်လည် ပြင်ဆင်ရေး သမားရယ်လို့ သမုတ်ပြီး သူတို့ အိမ်ပေါ်မှ စဉ္စယားများကို ဆွဲချ၊ ဘီသိုဗင်၊ မိုဇတ် စသော ဆရာကြီးများ၏ ဓါတ်ပြားများကို ရိုက်ခွဲ၊ ဦးချွန်သော ရှူးဖိနပ်ကို အချွတ်ခိုင်း စသည်ဖြင့် အလွန်အကျွံတွေ ဖြစ်ကုန်တယ်။ ခေါင်းဆောင်လုပ်သူများက မနည်းကြီး ပတ်မ တုတ်ယူရတယ်။ ဒါနှင့်တောင် ထိန်းမရချင်သေးဘူး။

ယဉ်ကျေးမှု တော်လှန်ရေးဆိုတာ အတွေးအခေါ်ပြောင်းလဲရေးနှင့် ဆိုင်တယ်။ သဘောတရားရေး၊ အယူဝါဒရေး တိုက်ပွဲဖြစ်တယ်။ ဒီတော့ကာ အကယ်၍သာ စစ်မှန်သော ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး လုပ်ချင်ရင် ပါတီ အနေနှင့်လည်းကောင်း၊ လူထု လူတန်းစား အဖွဲ့အစည်းများ အနေနှင့်လည်းကောင်း ပညာပေးရေး သိမ်းသွင်းရေး လုပ်ငန်းများကို တည်တည် ငြိမ်ငြိမ်၊ စိတ်ရှည် လက်ရှည် သည်းခံစိတ် အပြည့်နှင့် လုပ်ရမည်သာဖြစ်တယ်။ ခုတော့ ဒီလိုမဟုတ်ဘူး။

လူငယ် ကျောင်းသားတွေကို အုံကြွအောင် လှုံ့ဆော်ပေးပြီး လူထုနှင့် အကျပ်ကိုင်သော နည်းများ အသုံးပြုခဲ့တယ်။ အကြမ်း



ဖက်ပြီး လူထုနှင့် အကျပ်ကိုင်ပြီး အတွေးအခေါ်၊ အယူအဆပြောင်းလဲရေး၊ ယဉ်ကျေးမှု တော်လှန်ရေး လုပ်ခြင်းဟာ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး မှုမမှန်ကြောင်း၊ လုပ်ကြံဖန်တီးမှု တရုပ်သာ ဖြစ်ကြောင်း ထင်ရှားစေတယ်။

မော်စီတုံးတို့ သုံးသော လူထုကလဲ အဓိကအားဖြင့် လူငယ်ကျောင်းသား လူထု၊ ကုန်ထုတ်လုပ်မှုဆိုသော လူ့ဘောင်ရဲ့ အဓိက တာဝန်ကို မထမ်းဆောင်ရသော တာဝန်မဲ့သော လူထုသာ ဖြစ်တယ်။

ဒါ့ကြောင့် မော်စီတုံးတို့ ဆင်နွှဲသော မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးဟာ ပစ္စည်းမဲ့ အလုပ်သမားအတွက်လည်း မဟုတ်၊ ယဉ်ကျေးမှုအတွက်လည်း မဟုတ်ကြောင်း ထင်ရှားတယ်။

ယခုတော့ မော်စီတုံးတို့ လူစုဟာ မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးရဲ့ တကဲ့ ရည်ရွယ်ချက်ကို ဖုံးမထားတော့ပါဘူး။

မျှားမကြာမီက ဝန်ကြီးချုပ် ချူအင်လိုင်းဟာ ဂျပန်ကိုယ်စားလှယ် အဖွဲ့တခုကို မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးမှာ ရည်ရွယ်ချက် ၃ ခု ရှိကြောင်း ပြောခဲ့တယ်။ (၁) လူငယ်များ တော်လှန်ရေး သေးအေးမနေအောင် လှုံ့ဆော်ပေးနေရန် (၂) စစ်ကြီးအတွက် စိတ်ဓါတ် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးထားရန် (၃) အရင်းရှင်လမ်း လိုက်နေသော ပြန်လည် ပြင်ဆင်ရေး ဝါဒ ဝင်နေသော တရုပ် ခေါင်းဆောင်စုထံမှ အာဏာကို ပြန်လည် သိမ်းပိုက်ရန် တို့ ဖြစ်တယ် တဲ့ဗျာ။

အင်မတန် ရှင်းပါတယ်။

သို့သော် အံ့ဩစရာတော့ ကောင်းတယ်။ ပါတီ ဥက္ကဋ္ဌကြီး မော်စီတုံး၊ ဝန်ကြီးချုပ် ချူအင်လိုင်း၊ ကာကွယ်ရေးဝန်ကြီး မာရှယ်လင်ပြောင် စသူတို့ဟာ အာဏာ လက်ရှိ ဖြစ်ပါလျက် အာဏာကို ပြန်လည်သိမ်းပိုက်နေရတယ်ဆိုတာ ထူးနေပါတယ်။

ဒီရည်ရွယ်ချက်များကြောင့် မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးနှင့် တပ်နီ လှုပ်ရှားမှုများမှာ တော်လှန်ရေး လုပ်ကြံ ဖန်တီးမှုတွေ များသည်ထက် များလာတယ်။

ဒီရည်ရွယ်ချက်များကြောင့် မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးနှင့် တပ်နီလှုပ်ရှားမှုများဟာ ရန်လိုတယ်၊ စစ်သွေး စစ်မာန် တက်တယ်၊ စွာကျယ်ကျယ်နိုင်တယ်။

ဒီရည်ရွယ်ချက်များကြောင့် မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးနှင့် တပ်နီ လှုပ်ရှားမှုများဟာ စင်ပြိုင် အာဏာ များ ဖြစ်လာတယ်။

မော်စီတုံးတို့ လူစုဟာ ပါတီပြင်ပမှာ အားသစ် မွေးပြီး ပါတီတွင်း တိုက်ပွဲမှာ အနိုင်ရအောင် လုပ်ရုံတွင်မက၊ တရုပ် ကွန်မြူနစ် ပါတီကို ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သည်သာမက လူထု လူတန်းစား အဖွဲ့များကိုလဲ ဖျက်သိမ်းလိုက်တယ်။ တရုပ် ပြည်လုံးဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်ကို လည်းကောင်း၊ ကွန်မြူနစ် လူငယ် အဖွဲ့အစည်းကို လည်းကောင်း ဖျက်သိမ်းလိုက် ကြောင်း ကြေညာခဲ့တယ်။

မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ကော်မီတီနှင့် တပ်နီများဟာ အဆင့်ဆင့်သော ပါတီ ကော်မီတီများ၊ ပါတီ



ရုံးများ၊ အဆင့်ဆင့်သော အစိုးရရုံးများ၊ ဗဟို အစိုးရ ဌာန များ၊ ပြည်နယ် အုပ်ချုပ်မှု ကော်မီတီများ၊ ရုံးများ စသည်တို့ကို စီးနိုင်ရန် ကြိုးပမ်းကြတယ်။ မော်စီတုံး ထောက်ခံသော တော်လှန်သော သူပုန် ကော်မီတီများ လျှောက်ဖွဲ့ပြီး အာဏာ ပြန်သိမ်းပိုက်ရန် ကြိုးစားကြတယ်။

ဒီအချိန်မှာ တပ်နီရဲ့ အလုပ်ဟာ ယဉ်ကျေးမှု အလုပ်လဲ မရှိတော့ဘူး။ ပညာရေး အလုပ်လဲ မရှိတော့ဘူး။ မော်စီတုံး ပုဂ္ဂိုလ် သည်းကပ် ကိုးကွယ်မှုဝါဒကို အမြင့်ဆုံးမြှင့်ရန်နှင့် အရူး အမူး ကျင့်သုံးရန်ဟာ သူတို့ရဲ့ ပထမ အလုပ် ဖြစ်လာတယ်။ တပ်နီ လူငယ်တွေဟာ အရက် ကိုးမောင်းတိုက်ထားတဲ့ နာလာ ဂီရိဆင်လို ဖြစ်ကုန်ကြတယ်။ မော်စီတုံးပုဂ္ဂိုလ် သည်းကပ် ကိုးကွယ်မှုဝါဒဖြင့် ယစ်မူးပြီး ရမ်းချင်တိုင်း ရမ်းလာကြတာဘဲ။ သူတို့ရဲ့ အယူသည်းမှုဟာ ယုံနိုင်စရာ မရှိအောင် ပြင်းထန်လာ တယ်။

မော်စီတုံးရဲ့ အတွေးအခေါ်ဟာ
ကမ္ဘာ၏ တခုတည်းသောအမှန်တရား
မော်စီတုံးရဲ့ အတွေးအခေါ်ဟာ
၂၀ ရာစုနှစ် မာ့က်စ်၊လီနင်ဝါဒရဲ့ အထွတ်အထိပ်
မော်စီတုံးသည် အတုလံ အတုမရှိ
မော်စီတုံးသည် နေမင်းကြီး
မော်စီတုံးသည် ကမ္ဘာ့ တော်လှန်ရေး ခေါင်းဆောင်
မော်စီတုံးသည် တရုပ်ပြည်သူတို့ရဲ့ ကယ်တင်ရှင်

စသည်ဖြင့် ယုံကြည်သက်ဝင်အောင် လုပ်ထားပြီး မောင်စီတုံးနှင့် သဘောကွဲလွဲသူမှန်သမျှ၊ မောင်စီတုံး ဂိုဏ်းသားမဟုတ်သော တရုပ်ခေါင်းဆောင်မှန်သမျှ၊ ပါတီနှင့်အုပ်ချုပ်ရေးထဲမှာ သူတို့တတွေနှင့် အာဏာ လုဘက်၊ သို့မဟုတ် သူတို့ အလိုမကျသူမှန်သမျှကို ပြစ်တင်ရှုတ်ချကြတယ်။ ဩဇာချကြတယ်။ မှုမရှိသော ဝေဖန်ရေး လုပ်ကြတယ်။ အစည်းအဝေးတွေ လုပ်ပြီး စွပ်စွဲကြတယ်။ ပြီးတော့ လမ်းပေါ်ထွက်ပြီး ဆန္ဒပြကြတယ်။ တပ်နီ ကျောင်းသားတွေဟာ ဆရာတွေကို ဖမ်းပြီး ဦးနှောက် ဆေးကြောရေး လုပ်ကြတယ်။ ဆရာတွေက သူတို့ကို ဘာသင်ရမယ်လို့ အမိန့်ပေးကြတယ်။ သူတို့အဖို့ မောင်စီတုံးဟာ တဦးတည်းသော ဆရာဖြစ်ပြီး တဦးတည်းသော အဖေလည်းဖြစ်၊ တဦးတည်းသော အမေလည်း ဖြစ်နေတယ်။

မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးလုပ်ရန် မောင်စီတုံး အတွေးအခေါ်အရ ပညာရေးစနစ်ကို ပြုပြင် ပြောင်းလဲရန် ဆိုပြီး ကျောင်းတွေကို တနှစ် ပိတ်ပစ်လိုက်တယ်။ တပ်နီတွေဟာ မြို့ကနေ တောသွား၊ တောကနေ မြို့တက်၊ ပီကင်းမြို့တော်မှနေပြီး အခြား ပြည်နယ် မြို့များသွား၊ အခြားပြည်နယ်မြို့များမှ ပီကင်းမြို့တော်သို့ စုဝေးလာကြ။ လူထု အုံကြွမှုကြီးတော့ ဖြစ်လာတာပါဘဲ။ သို့သော်လဲ ပတ်မတုတ်လို့ မရအောင် ဖြစ်လာတယ်။ ပီကင်းမှာ နေစရာမရှိတော့ဘူး၊ ပြန်ကြပါတော့လို့ ဆိုလဲမရ။ မီးရထားတွေ အစုလိုက် အပြုံလိုက် အခမဲ့စီးခြင်း၊ စက်ရုံတွေထဲ ဝင်ရှုပ်ခြင်း စသည်ဖြင့် ကုန်ထုတ်လုပ်မှုကို အနှောင့်အယှက်မပြုကြပါနှင့် ဆိုတာလဲ ပြောမရ ဖြစ်နေတယ်။ သို့သော်လဲ မောင်စီတုံးတို့လူစုဟာ သူတို့ကိုလက်မလွှတ်နိုင်ဘူးဗျ။



မောင်စီတုံးတို့လူစုဟာ တပ်နီများကို ကြာလေ လက်မလွှတ်နိုင်လေ ဖြစ်မှာပါဘဲ။ အကြောင်းကတော့ သူတို့ဟာ သေရေးရှင်ရေးတမျှ အရေးကြီးလှတဲ့ အာဏာလုပွဲ၊ နိုင်ငံရေး တိုက်ပွဲကြီးကို ဆင်နွှဲနေရလို့ပါဘဲ။

ဘယ့်လောက် ပြင်းထန်တဲ့ တိုက်ပွဲကြီးများလဲဆိုတာ ကြည့်ပါ။ ယနေ့ထိ သူတို့မလိုလားသော လူရှောက်ချီ၊ တင်ရှောက်ပင်း စတဲ့ ခေါင်းဆောင်ကြီးများကို တရားဝင် ဖြုတ်မချနိုင်သေးဘူး။ ယနေ့ သူတို့ကို အပြီးအပိုင် ဖယ်ရှားလိုက်ပြီ ပြော၊ နက်ဖြန်ကျတော့ သူတို့ကိုတိုက်နေရတုန်းပါ ဆိုလို့ ဆို ဖြစ်နေတယ်။ တရုပ်ပြည်သူ့ သမတနိုင်ငံမှာ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်မှု ဒေသနှင့် ဗဟိုတိုက်ရိုက်အုပ်ချုပ်မှုဒေသပေါင်း ၂၆ နယ်ရှိတယ်။ ၎င်းတို့အနက် မောင်စီတုံးရဲ့ တော်လှန်သော သူပုန်ကော်မတီဆိုတဲ့ အာဏာကို ထူထောင်ပြီး လုံးဝ ချုပ်ကိုင်ထားနိုင်တာ ၆ နယ်ဘဲရှိသေးတယ်။ ကျန်တဲ့နယ်တွေမှာ အချို့က တော်လှန်သော သူပုန်ကော်မတီကို လုံးဝ လက်မခံဘူး။ ယခင်ရှိပြီး ပြည်နယ်၊ သို့မဟုတ် အထူးဒေသ ကွန်မြူနစ်ပါတီကော်မတီနှင့် ပြည်နယ်၊ သို့မဟုတ် အထူးဒေသ အုပ်ချုပ်ရေးကော်မတီများက ဆက်လက်အုပ်ချုပ်နေကြတယ်။ အချို့နယ်တွေမှာ ဘတပြန် ကျားတပြန် ဖြစ်နေတယ်။ အချို့နယ်တွေက တရားဝင်ပါတီ ဌာနချုပ် ကိုယ်စားလှယ်များနှင့် (ဝါ) အထွေထွေ အတွင်းရေးမှူး တင်ရှောက်ပင်းက စေလွှတ်သော ကိုယ်စားလှယ်များနှင့် စကားပြောရမှ ဆုံးဖြတ်မယ်လို့ ပြောနေကြတယ်။ အချို့ ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် အစိတ်အပိုင်းများကလဲ အာဏာလုပွဲမှာ မပါဝင်ဘဲ ကြားနေ

ကြတယ်လို့ ကြားရတယ်။ တပ်နီများကို 'ရှေးဟောင်း အယူရှိသော' အလုပ်သမားများနှင့် တောင်သူ လယ်သမားများက တိုက်ခိုက်လှုတ်ကြတယ်လို့ ပြောသံကလဲ မကြာခဏ ကြားနေရတယ်။ ဒါတွေဟာ နယ်ချဲ့နှင့် မြန်လည် ပြုပြင်ရေး ဝါဒီတွေထံမှ လာသောသတင်းများ မဟုတ်ပါဘူး။ ပီကင်း သတင်းစာတွေနှင့် ပီကင်းရေဒီယိုမှ လာတဲ့သတင်းများအရ သိနိုင်ခြင်းပါ။

သေချာပါတယ်။ မော်စီတုံးတို့ လူစုဟာ တပြည်လုံးအနှံ့ အာဏာပြန့်အောင် သူတို့အရေး လုံးဝ အောင်မြင်အောင် အကြိတ်အနယ် တိုက်နေရတယ်။ သို့ကလို အကြိတ်အနယ်ဖြစ်နေသည်နှင့်အမျှ တပ်နီများကို အားကိုးနေရတယ်။

အကြိတ်အနယ် ဖြစ်နေသည်နှင့်အမျှ မော်စီတုံး ပုဂ္ဂိုလ်ဆည်းကပ်ကိုးကွယ်မှု ဝါဒကို မြှင့်ပေးရတယ်။

## သဘောတရား ကျူးကျော်မှုမှ
## လက်တွေ့ကျူးကျော်မှုသို့

သူတို့ဟာ မော်စီတုံးရဲ့ စာအုပ်စာတမ်းတွေထဲမှ ကောက်နုတ်ချက်တွေထုတ်ပြီး စာအုပ်နီကလေး လုပ်လိုက်တယ်။ ဟိုခေတ် ဟိုအခါ၊ ဟိုတရုပ်ပြည်နှင့် ဟိုကမ္ဘာတန်းက မှန်ခဲ့တဲ့အဆို အမိန့်များထဲမှ စကားစုအချို့ကို ထုတ်ယူပြီး အဆက်အစပ် ကင်းမဲ့စွာ ရွတ်ဖတ် သရဇ္ဈာယ်စေတယ်။ ကာလဒေသ အဆက်အစပ်မရှိသော အဆိုအမိန့်များကို ဂါထာမန်းသလို မန်းစေတယ်။ ပြီးတော့ မျက်ကန်းတစ္ဆေ မကြောက်ဖြစ်အောင် လုပ်ပေးထားတယ်။



သူတို့ဟာ ပြည်တွင်းမှာ အကြိတ်အနယ် တိုက်နေရသည်နှင့်အမျှ ပြည်ပသို့ မော်စီတုံးရဲ့ တော်လှန်ရေးသဘောတရားများကို ဖြန့်ရန် အတင်းကြိုးစားလာကြတယ်။ ပြည်ပမှာ မော်စီတုံး အရေးအောင်မြင်တယ်ဆိုမှ ပြည်တွင်းမှာ သူတို့အရေးလှမှာကိုး။

* နေမင်းနှင့် တူသော မော်စီတုံးရဲ့ အတွေးအခေါ် အလင်းရောင်ဖြင့် ကမ္ဘာ့တော်လှန်ရေးကြီးကို ရဲရဲဝံ့ဝံ့ အပြီးအပိုင် ဆင်နွှဲသွားကြရမည်။
* ကမ္ဘာ့ တော်လှန်ရေးကြီးရဲ့ အမာခံအင်အားဟာ အာရှ အာဖရိကနှင့် လက်တင်အမေရိက ပြည်သူတို့ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး လွတ်မြောက်ရေး တိုက်ပွဲများဖြစ်တယ်။
* ကမ္ဘာ့တော်လှန်ရေးကြီးရဲ့ ဗဟိုချက်မဟာ တရုပ်ပြည်သူ့သမတနိုင်ငံဖြစ်တယ်။
* တရုပ်ပြည်သူတို့ရဲ့ အတုမရှိသော မဟာခေါင်းဆောင်ကြီး၊ ကယ်တင်ရှင်ကြီး၊သမိုင်းတက်မကိုင်ကြီးဖြစ်သောမော်စီတုံးဟာ ကမ္ဘာ့ တော်လှန်ရေးကြီးရဲ့ သေနာပတိ ဗိုလ်ချုပ်မှူး၊ ကမ္ဘာ့ ပြည်သူတို့ရဲ့ မဟာခေါင်းဆောင်ကြီးလဲဖြစ်တယ်။
* ဒါကြောင့် ကမ္ဘာပြည်သူတွေဟာ မော်စီတုံးရဲ့ အတွေးအခေါ်များကို လက်ခံယုံကြည် ကြရမယ်။အာရှ အာဖရိကနိုင်ငံတွေဟာ တရုပ်ပြည်ရဲ့ တော်လှန်ရေး အတွေ့အကြုံကို ယူပြီး တရုပ်ပုံစံအတိုင်း တော်လှန်ရေး လုပ်ကြရမယ်။

မော်စီတုံးတို့လူစုနှင့် တပ်နီတွေရဲ့ ဒီအယူအဆ၊ ဒီယုံကြည်ချက်များဟာ တကယ်တော့ အခြားနိုင်ငံတွေကို သဘောတရားရေး ကျူးကျော်မှုဖြစ်တယ်။

ခုအခါ သဘောတရားရေး ကျူးကျော်မှုမှ ကာယကံမြောက် ကျူးကျော်မှုသို့ ဆိုက်ရောက်လာပါတယ်။

တပ်နီတွေဟာ လက်ထဲမှာ မော်စီတုံး ကောက်နုတ်ချက်များ စာအုပ်နီကိုင်၊ ရင်ဘတ်မှာ မော်စီတုံးတံဆိပ်ထိုး၊ ပါးစပ်က မော်စီတုံးဂါထာများ ရွတ်ဖတ်ပြီး ကမ္ဘာ့ တော်လှန်ရေးကြီး ဆင်နွှဲရန် ချီတက်ကြတယ်။

သူတို့ကို အခြားနိုင်ငံများရှိ တော်လှန်သော ပြည်သူတွေက ကြိုဆိုကြမယ်။ဆရာ တင်ကြမယ် စသည်ဖြင့် သူတို့မြော်လင့်ကြတယ်။ တပည့်တပန်းများကလဲ အထိုက်အလျောက် ရနိုင်တာမို့ မြော်လင့်ချက်ဟာ အခြေကိုက်တော့မဟုတ်ပါဘူး။ မော်စီတုံးရဲ့ ကမ္ဘာ့တော်လှန်ရေး ညွှန်ကြားချက်များကို လက်မခံသူ၊ တရုပ်လူမျိုးကြီးဝါဒကို ဆန့်ကျင်သူ၊ ကိုယ့်တော်လှန်ရေးကို ကိုယ့်နည်းနှင့်ကိုယ်၊ ကိုယ့်ခေါင်းဆောင်မှုနှင့်ကိုယ် လုပ်ကြမည့်သူများကို သစ္စာဖောက်များ၊ ဖောက်ပြန်ရေးသမားများ အဖြစ်ဖြင့် သတ်မှတ်ပြီး သူတို့နှင့် သူတို့ဘက်သားများက ချေမှုန်းတိုက်ခိုက်ကြမယ်လို့ ဟိတ်ထုတ် နေကြတယ်။

ဒီလို အထင်ရှိနေကြတဲ့အတွက်၊ ဒီလို မြင်နေကြတဲ့အတွက်၊ ဒီလို ပြဋ္ဌာန်းထားကြတဲ့အတွက် မော်စီတုံး ခေါင်းဆောင်စုနှင့် တပ်နီများဟာ ကျွန်တော်တို့နိုင်ငံမှာ သူတို့ ဝါဒဖြန့်ချင်တိုင်း ဖြန့်ခွင့်ရှိရမယ်၊ သူတို့ စာအုပ်နီများကို မြန်မာလို ပီကင်းမှာ ရိုက်နှိပ်ပြီး မြန်မာပြည်ထဲမှာ ကြိုက်သလိုဝေခွင့်ရှိရမယ်၊ သူတို့ ရင်ဘတ်မှာ မော်စီတုံးတံဆိပ်ကို မြန်မာဥပဒေက ဘယ်လိုဆိုဆို၊ မြန်မာ့ ကျောင်းစည်းကမ်းများ ဘယ်လို သတ်မှတ် ထားထား၊



လွတ်လပ်စွာ တပ်ဆင်ခွင့် ရှိရမယ် စသည်ဖြင့် သံတမန်နည်းနှင့်ရော အခြားနည်းများနှင့်ပါ တောင်းဆိုလာခြင်း၊ခွင့် ရရ၊ မရရ ဇွတ်လုပ်လာခြင်းဖြစ်တယ်။ ဒါကြောင့်လဲ တရုပ်ပြည်သူ့ သမတနိုင်ငံပါ အပါအဝင် တကမ္ဘာလုံးက တရားဝင် အသိအမှတ်ပြုထားတဲ့ မြန်မာနိုင်ငံအစိုးရကို လက်နက်ကိုင် ပုန်ကန်ထကြွနေတဲ့ သူပုန်များကို သူတို့ သတင်းကိုယ်စားလှယ်၊ သူတို့အစိုးရသတင်းစာ၊ သူတို့ရေဒီယိုမှ လွတ်လွတ်လပ်လပ်ကြီး ထောက်ခံအားပေးဘို့ ကျွန်တော်တို့ပြည်တွင်းရေးကို ကြိုက်သလိုဝင်ရောက်စွက်ဖက်ဖို့ အခွင့်အရေးများ သူတို့မှာ အပြည့်အဝရှိတယ် ယူဆပြီး ပြောင်လုပ်နေကြခြင်း ဖြစ်တယ်ဗျာ။

### တရုပ်ကွန်မြူနစ်နှင့် ဗမာကွန်မြူနစ် ဆက်ဆံရေး

သခင် သန်းထွန်းခေါင်းဆောင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) က တရုပ်ကွန်မြူနစ်ပါတီကို အစစအရာရာ မှီခိုအားထားတာဟာ အစဉ်အလာတရပ် ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဗ-က-ပ တောမခိုမီကလေးမှာ သခင် သန်းထွန်းဟာ ကာလကတ္တားသွားပြီး ကွန်မြူနစ်အစည်းအဝေး လာတက်တယ်။ အဲဒီ အစည်းအဝေးမှာ သခင်သန်းထွန်းပြောတဲ့ စကားများကို ကျွန်တော်မှတ်မိသေးတယ်။ဖဆပလဟာ ဗမာ ကိုမင်တန်ဖြစ်သွားပြီ။ တရုပ်ပြည်မှာ ကိုမင်တန် အစိုးရကို တရုပ်ကွန်မြူနစ်ပါတီက လုပ်သလို ကျွန်တော်တို့ လုပ်ရတော့မှာဘဲ။ဖဆပလ က တချက်ချရင် ကျွန်တော်တို့က နှစ်ချက် ပြန်ချမယ်တဲ့ဗျ။

ဆိုလိုတာကတော့ တရုပ်ပုံစံအတိုင်း လက်နက်ကိုင် တော်လှန်ရေးလုပ်တော့မယ်လို့ ဖြစ်ပါတယ်။ လက်နက်ကိုင် တော်လှန်ရေး

လုပ်၊ တောခို၊ လွတ်မြောက်သော ဒေသများ တည်ထောင်၊ မြို့တွေကို ဝိုင်းထား၊ ညွန့်ပေါင်းအစိုးရဖွဲ့ရန် ပြင်ဆင်၊ နောက် မြို့တွေကို သိမ်းပြီး ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစု ညွန့်ပေါင်း အစိုးရဖွဲ့၊ တရုပ် နမူနာအတိုင်းပါဘဲ။

ဗ-က-ပ တွေ တောခိုစက အချို့ သူတို့ရောက်ရာဒေသများမှာ တရုပ်ကွန်မြူနစ်များ အကူအညီရောက်နေပြီဆိုပြီး ဟိုဟာ လက်ညှိုးထိုးပြ၊ ဒီဟာ လက်ညှိုးထိုးပြကာ ဝါဒဖြန့်ကြသေးတယ်။

သခင် ဗသိန်းတင်၊ ဗိုလ်ဇေယျ၊ ရဲဘော် အောင်ကြီး စတဲ့ ထိပ်တန်း ခေါင်းဆောင်များနှင့် ပါတီဝင် အများအပြားကို တရုပ်ပြည်သို့ အကူအညီရရန် စေလွှတ်ခဲ့ကြတယ်။

၁၉၅၀ တဝိုက်မှာ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ၂ နှစ်အတွင်း စစ်အောင်နိုင်ရေး ဆိုတဲ့ ကြွေးကြော်သံကို ထုတ်လိုက်ပါတယ်။ ဒီ ကြွေးကြော်သံ ကတော့ လေလုံးထွားခြင်း သက်သက် ဖြစ်သွားပါတယ်။ ဒီ ကာလမှာ ဗ-က-ပ ရဲ့ အကြီးဆုံးသောစစ်ရေး အားထုတ်မှုကတော့ မြန်မာပြည် မြောက်ပိုင်းမှာ လွတ်မြောက်သော ဒေသများ အခိုင်အမာ တူထောင်ရန် ဖြစ်ပါတယ်။ အစီရင်ခံစာ တခုထဲမှာ သခင်သန်းထွန်းက "မြန်မာပြည်မြောက်ပိုင်းမှာ တရုပ်ပြည်နှင့် အဆက်အသွယ်ကောင်းသော လွတ်မြောက်ရေးဒေသများ ရှိရမယ်၊ အဲဒီ ဒေသများကို ခြေကုတ်ယူပြီး စစ်အောင်နိုင်ရေး တိုးချဲ့သွားရမယ်"လို့ အကြောင်းပြခဲ့ပါတယ်။

သခင်သန်းထွန်းတို့ရဲ့ အကြံအစည်တွေဟာ မအောင်ဘူး။ ကိုယ့်ပြည်သူလူထုအပေါ် အားမကိုးနိုင်တဲ့၊ နိုင်ငံခြားအားကိုး တဲ့ အကြံအစည်ဟာ ဘယ်မှာ အောင်နိုင်ပါမည်လဲဗျာ။



အထူးသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရဟာ အချုပ်အချာ အာဏာပိုင်လွတ်လပ်ရေးကို ထိန်းသိမ်းနေတယ်။ မည်သည့် စစ်အုပ်စုမှ မပါဝင်ဘဲ၊ ဘယ်သူ့ စစ်အခြေခံ စခန်းမှ အဖြစ်မခံဘဲ လွတ်လပ်စွာ ကြားနေတဲ့ နိုင်ငံဖြစ်တယ်။ အိမ်နီးနားချင်း နိုင်ငံတွေနှင့်လဲ သင့်မြတ်အောင်နေတယ်။ တရုပ်ပြည်သူ့ သမတနိုင်ငံကို ပထမဦးဆုံး အသိအမှတ်ပြုသော နိုင်ငံလဲ ဖြစ်တယ်။ ပြီးတော့ ကမ္ဘာမှာ ပထမဆုံးအကြိမ် အိန္ဒိယသမတ နိုင်ငံ၊ တရုပ်ပြည်သူ့သမတနိုင်ငံတို့နှင့်တွဲပြီး ငြိမ်းချမ်းစွာယှဉ်တွဲ နေထိုင်ရေး မူ ၅ ချက်ကို ကြေညာခဲ့တယ်။

တရုပ်ပြည်သူ့အစိုးရဟာ ထိုစဉ်က ဒီ အခြေအနေတွေကို ကောင်းစွာနားလည်တယ်။ သူတို့ လိုက်နာကျင့်သုံးနေတာကလဲ ကမ္ဘာ့ ငြိမ်းချမ်းရေးဝါဒ၊ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေး မူဝါဒနှင့် အိမ်နီးနားချင်းကောင်း ဆက်ဆံရေးများဖြစ်တယ်။ ဒါ့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရနှင့် ပုံမှန်ဆက်ဆံရေးကို အထူး တန်ဘိုးထားခဲ့တယ်။

ဒါ့ကြောင့် သခင်သန်းထွန်းတို့ရဲ့ အကြံအစည်များ မအောင်ခဲ့ခြင်းဖြစ်တယ်။ တရုပ်ပြည်သူ့ အစိုးရနှင့် တရုပ် ကွန် မြူ နစ် ပါတီတို့ဟာ မြန်မာနိုင်ငံတွင်းမှာ ဗ-က-ပ နှင့် အခြားသော သူပုန်ထနေသူများကို ပီကင်းရေဒီယိုကသော်လည်းကောင်း၊ အခြား သူတို့လက်အောက်ခံ ရေဒီယိုက သော်လည်းကောင်း၊ သူတို့ စာနယ်ဇင်းများမှ သော်လည်းကောင်း၊ ဝါဒဖြန့်မပေးခဲ့ပါဘူး။ နိုင်ငံရေးအကူအညီ မပေးခဲ့ပါဘူး။ လက်နက်ခဲယမ်းစတဲ့ ရုပ်ဝတ္ထု အကူအညီများလဲ မပေးခဲ့ပါဘူး။ အကူအညီရရန်အတွက်ဆိုပြီး ဒီက သွားသူများကို လူလူချင်း ငဲ့ညှာ ထောက်ထားရမည့်

သဘောအရ နိုင်ငံရေးခိုလှုံခွင့် ပေးထားတယ်လို့သာ တရုတ်ပြည်သူ့ အစိုးရက ရှင်းပြခဲ့ပါတယ်။ တရုတ်ပြည်သို့ ရောက်နေသူများရဲ့ စာရင်းကြီးကိုတောင် ပေးခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာအစိုးရကလဲ သူတို့တတွေက မြန်မာပြည်ကို အနှောင့်အရှက် မပေးကြရင် ပြီးတာဘဲ၊ သူတို့ကိုကိုင်ပြီး တရုတ်ပြည်က မြန်မာပြည်တွင်းရေး ဝင်စွက်ဖက်ရာ မရောက်ရင် ပြီးတာဘဲ၊ နိုင်ငံရေးခိုလှုံခွင့်ပေးတာကို ကန့်ကွက်စရာမရှိပါဘူးလို့ ပြောခဲ့တယ်။

တရုတ် ခေါင်းဆောင်များဟာ အခါအခွင့် သင့်တဲ့အခါ မြန်မာအစိုးရခေါင်းဆောင်များကို ဗမာ ကွန်မြူနစ် တွေ နှင့် ငြိမ်းချမ်းရေးလုပ်နိုင်ရင် ကောင်းမယ်။ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ပြီး၊ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော မြန်မာပြည်ဖြစ်အောင် ထူထောင်ကြစေချင်တယ် စသည်ဖြင့် ပြောတတ်ကြပါတယ်။ ဒီစကားမျိုးကို ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသူတို့ကိုလဲ ပြောခဲ့တယ်။ ဗိုလ်ချုပ်ကြီး နေဝင်းကိုလဲ ပြောခဲ့တယ်။ ဒီစကားမျိုးကို ပြောတာတောင်မှ “ခင်ဗျားတို့ပြည်တွင်းရေး ဝင်စွက်ရာရောက်မှာစိုးလို့ မပြောချင်ပါဘူး၊ သို့သော်လဲ သည်လောက် ရင်းနှီးလာမှတော့ ဒီစကားမျိုးပြောတာ ကိစ္စမရှိတန်ကောင်းဘူး” ဆိုပြီး ပြောတာပါလို့ ပလ္လင်ခံကြပါသေးတယ်။

သူတို့ဟာ မြန်မာအစိုးရခေါင်းဆောင်များကိုသာ ကွန်မြူနစ်နှင့် ငြိမ်းချမ်းရေး လုပ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ ပြောတာ မဟုတ်ပါဘူး။ ဗ-က-ပ တွေကိုလဲ ငြိမ်းချမ်းရေးပူးပေါင်း ဆောင်ရွက်ရေးလုပ်ဖို့ ပြောတတ်တယ်လို့ သိရပါတယ်။



ဒါတွေဟာ တရုတ်ကွန်မြူနစ်ပါတီ လိုင်းမပြောင်းခင်က အခြေအနေတွေ ဖြစ်ပါတယ်။

အထက်မှာ ကျွန်တော် ဖော်ပြခဲ့သလို ၁၉၆၀ ခုနှစ် နောက်ပိုင်းမှာ တဖြည်းဖြည်း တရုတ်ကွန်မြူနစ်ဟာ လိုင်းပြောင်းလာတယ်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူဝါဒကို နယ်ချဲ့နှင့် ပူးပေါင်းရေး မူဝါဒဖြစ်တယ်လို့ ရှုတ်ချလာတယ်။ တရုတ်ပုံစံနှင့် ကမ္ဘာ့တော်လှန်ရေးလုပ်ရန် ဇွတ်အတင်း စည်းရုံး လှုံ့ဆော်လာတယ်။ မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်မှု ဝါဒ ဝင်လာတယ်။

အဲဒီလို လိုင်းပြောင်းလာသည်နှင့်အမျှ ဗ-က-ပ ကို မသိမသာ ပံ့ထုတ်လာခဲ့တယ်။ တရုတ်ပြည်သူ့သမတနိုင်ငံ အမျိုးသားနေ့မှာ ဗ-က-ပ က ပို့တဲ့သဝဏ်လွှာများကို ပီကင်းရေဒီယိုမှ ဖတ်ကြားခဲ့တယ်။

“မြန်မာပြည်မှာ လက်နက်ကိုင် ပုန်ကန် တကြွနေတဲ့ အဖွဲ့အစည်းတခုရဲ့ သဝဏ်လွှာကို တရုတ်အစိုးရ ရေဒီယိုမှ အသံလွှင့်ခြင်းဟာ မသင့်လျော်ပါဘူး” လို့ ကျွန်တော်တို့ဘက်က ပြောတဲ့အခါမှာ တရုတ်ခေါင်းဆောင်ကြီးများက “သည်လို အဓိပ္ပါယ်မကောက်ပါနှင့်၊ ကျွန်တော်တို့အမျိုးသားနေ့မှာ ချစ်ကြည်ရေး သဝဏ်လွှာပို့ရင် ဘယ်သူကပို့ပို့ ကြိုဆိုပြီး ဖော်ပြသင့်တယ် ထင်လို့ပါ” လို့ ပြေပြစ်စွာ ရှင်းလင်းခဲ့ကြပါတယ်။

အမှန်ကတော့ ဒါဟာ မျက်နှာ နှစ်ဖက် မူဝါဒ တခုကို တရုတ် ခေါင်းဆောင်များက ကျင့်သုံးလိုက်ခြင်း ဖြစ်ပါတယ်။ ဗမာ ကွန်မြူနစ်(သန်းထွန်း) တို့ကိုလဲ တတ်နိုင်သမျှ မြှောက်စား

မယ်။ မြန်မာ အစိုးရနှင့်လဲ သင့်မြတ်အောင် ဆက်ဆံ နေထိုင်မယ်ဆိုတဲ့ မူဝါဒဖြစ်ပါတယ်။

တော်လှန်ရေး အစိုးရက တောတွင်း လက်နက်ကိုင် အင်အားစုများနှင့် ငြိမ်းချမ်းရေး စကားပြောရအောင် တွေ့ဆုံဆွေးနွေးရေး ဖိတ်ခေါ်လိုက်တဲ့အခါ သခင်စိုးနှင့် အခြား တောတွင်း အင်အားစုများက အရင်ရောက်လာပြီး သခင်သန်းထွန်း တို့ ဗ-က-ပ ဟာ တော်တော်နှင့် စကားမပြန်တာကို မှတ်မိကြပါလိမ့်မယ်။

တရုပ် ခေါင်းဆောင်များက သည်ကိစ္စမှာ ကူညီပါရစေလို့ တော်လှန်ရေး အစိုးရကို ချဉ်းကပ်လာတယ်။ ငြိမ်းချမ်းရေးအတွက် လှန်စွာ စိတ်အား ထက်သန်နေတဲ့ တော်လှန်ရေး အစိုးရဟာ သူတို့ အကူအညီကို လက်ခံလိုက်တယ်။ ဒီတော့ သူတို့က နိုင်ငံရေး ခိုလှုံခွင့် ပေးထားသည်ဆိုသော ဗသိန်းတင်၊ ဗိုလ်ဇေယျစသော ဗ-က-ပ ခေါင်းဆောင် တစုကို ရန်ကုန်သို့ အထူးလေယာဉ်ပျံဖြင့် ပို့ပေးလိုက်ပါတယ်။ ငြိမ်းချမ်းရေးကို ရိုးသားစွာ လိုချင်သည်က တကြောင်း၊ တရုပ် ခေါင်းဆောင်များရဲ့ စေတနာကို ယုံသည်ကလဲ တကြောင်းကြောင့် တော်လှန်ရေး အစိုးရဟာ ဗမာ ကွန်မြူနစ်နှင့် တရုပ် ကွန်မြူနစ်အတွက် သူပုန်တွေဘဲ၊ သူပုန် လက်ခံသူတွေဘဲ စတဲ့ သဘောထားမျိုးတွေ မထားဘဲ သံတမန် ဆက်ဆံမှု ထုံးစံတွေ ဘေးချိတ်ပြီး ပြုမူဆောင်ရွက်လိုက်ခြင်း ဖြစ်ပါတယ်။ ဗသိန်းတင်တို့ မြန်မာပြည်ပြန်ရောက်လာပြီးနောက် သူတို့ထံမှ စကားကြားရပြီးမှ သခင်သန်းထွန်းတို့ လူစုဟာ တွေ့ဆုံ ဆွေးနွေးရန် ရဲဘော်ဌေး



ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ကို စေလွှတ်ခြင်းဖြစ်ပါတယ်။ တနည်းပြောရရင် နိုင်ငံခြားမှ မိစိမ်းပြေမှ ငြိမ်းချမ်းရေး စာပွဲဝိုင်းသို့ လာခဲ့ကြခြင်းပါ။

ငြိမ်းချမ်းရေးအတွက် တွေ့ဆုံ ဆွေးနွေးရေး လုပ်ကြတဲ့အခါကျတော့လဲ တရုပ်ပုံစံနှင့် တော်လှန်ရေးကိုသာ နားလည်ထားတဲ့ ဗ-က-ပဟာ ကိုယ့်ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အကျိုးကို ဦးထိပ်မထားဘူး။ ကိုယ့်ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ပကတိ ရုပ်ဝတ္ထုအခြေအနေများကိုအခြေခံပြီးဖြစ်နိုင်သော အဖြေကိုမရှာဖူး။ သူတို့ပါတီ လက်ဦးမှုနှင့် ခေါင်းဆောင်မှုရရေး၊ လွတ်မြောက်သောဒေသနှင့်သူတို့ ကိုယ်ပိုင် လက်နက်ကိုင် တပ်များ ထိန်းသိမ်းထားရေး၊တောထဲမှနေပြီး အစိုးရအာဏာထဲသို့ တိုက်ရိုက်ဝင်သွားနိုင်ရေး စသည့် ရည်မှန်းချက်များကိုသာ တရားသေ ဆုပ်ကိုင်ထားပြီး ငြိမ်းချမ်းရေး ပြောဆိုခဲ့တယ်။ တောတွင်း လက်နက်ကိုင် အင်အားစု အမျိုးမျိုးအနက်မှ တခုဖြစ်သော ဗ-က-ပကို သူတို့တောင်းဆိုချက်များအတိုင်း လိုက်လျောရလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ အစိတ်စိတ်အမွှာမွှာဖြစ်သွားမည်ကို သူတို့နည်းနည်းမျှ ထည့်မစဉ်းစားဘူး။

တွေ့ဆုံ ဆွေးနွေးရေး ပျက်သွားပြီးတဲ့နောက် တော်လှန်ရေး အစိုးရဟာ မူလကတိအတိုင်း တောတွင်းမှ ဆွေးနွေးရန် လာရောက်ကြသော ကိုယ်စားလှယ်များကို သူတို့နေရင်း အရပ်သို့ ပြန်ခွင့်ပြုပါတယ်။ပြန်နိုင်အောင်လဲ ကူညီခဲ့ပါတယ်။ ဗသိန်းတင်နှင့် အချို့ဟာ ပီကင်းကို ပြန်သွားကြတယ်။ ခပ်ပြောင်ပြောင်ပါဘဲခင်ဗျ။

ဒီကိစ္စတွေနှင့် ပတ်သက်ပြီး ငြိမ်းချမ်းရေးနှင့် တရုပ် ဗမာ မိတ်ဆွေဖြစ် ဆက်လက် တည်မြဲရေးကို အထူး လိုလားတဲ့ တော်လှန်ရေး အစိုးရဟာ ခွန်းကြီးခွန်ငယ် ဘာမှ မပြောဆိုခဲ့ဘူးဗျ။

## စွက်ဖက်မှုများ တလှမ်းပြီးတလှမ်း တိုးလာခြင်း

တွေ့ဆုံ ဆွေးနွေးပွဲများ ပျက်ပြီးနောက် မကြာမီ နိုင်ငံခြားမှာ စာအုပ်နီ ကလေး တအုပ် ပေါ်လာပါတယ်။ ဘာသာစကား ပေါင်းစုံနှင့် ရိုက်နှိပ်ထုတ်ဝေဟန်တူပါတယ်။ သို့သော် မြန်မာပြည်ထဲကိုတော့ အင်္ဂလိပ်လို ထုတ်ဝေသော စာအုပ်နီကလေး ရောက်လာဟန် တူတယ်။ ပီကင်းမြို့ရှိ နိုင်ငံခြား ဘာသာ ထုတ်ဝေရေး ဌာနမှ ထုတ်ဝေတယ်။ ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော တော်လှန်ရေးအစိုးရကို ဗ-က-ပတို့ မြင်ပုံမြင်နည်း၊ အကဲဖြတ်ပုံ အကဲဖြတ်နည်း အတိုင်း ရေးသားထားတယ်။ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံ ဆွေးနွေးပွဲ ပျက်ပြားရခြင်းအတွက် တော်လှန်ရေး အစိုးရအပေါ် အပြစ်ဖို့ထားတယ်။ ပြန်လည် ပြင်ဆင်ရေး ဝါဒီတွေ ဩဇာကြီးနေတယ်လို့ လဲဆိုပြီး သတ်လျှို့ထားတယ်။

တရုပ် ပြည်သူ့ အစိုးရ ကိုယ်စားလှယ်များက ဒီကိစ္စ သူတို့ မသိရပါဘူးလို့ ငြင်းဆိုတယ်လို့ ကြားရတယ်။ တော်လှန်ရေး အစိုးရကလဲ သူတို့မဟုတ်ဘူးဆို ပြီးတာဘဲ။ မြန်မာ နိုင်ငံနှင့် တရုပ်ပြည်သူ့ သမတ နိုင်ငံကြား သတ်လျှို့ချင်သူတွေရှိနေတော့



ကြားက လုပ်ကြံတာ ဖြစ်ချင်လဲ ဖြစ်မယ်လို့ သဘောထားလိုက်ပါတယ်။

(ယနေ့ ပီကင်းက အသံလွှင့်ချက်များဟာ အဲဒီ စာအုပ်နီကလေးမှာ ပါတဲ့အတိုင်း ထပ်တူထပ်မျှ လိုက်နေပါတယ်။)

၁၉၆၀ ခုနှစ် နောက်ပိုင်းမှာ တစ တစ ပြောင်းလဲလာတဲ့ တရုပ်ကွန်မြူနစ်ပါတီ လိုင်းနှင့် အဲဒီ စာအုပ်နီပါ သဘော သွားများဟာ ရှေ့နောက် ညီတယ်လို့ ကျွန်တော်က ယူဆခဲ့တယ်။

၁၉၆၂ ခုနှစ် တော်လှန်ရေး အစိုးရ တက်လာပြီးတဲ့နောက် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို ပြဋ္ဌာန်းခဲ့တယ်။ လူနှင့် လူ့ ပတ်ဝန်းကျင် အညမည တွေးခေါ် မြော်မြင်ရေး တရားကို ကြေညာခဲ့တယ်။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ခဲ့တယ်။ ဆိုဗီယက်ယူနီယံနှင့် အခြား ဆိုရှယ်လစ် နိုင်ငံများဟာ ဒီစာတမ်းတွေ၊ အကြောင်းအရာတွေကို သူတို့ စာနယ်ဇင်းတွေမှာ၊ ရေဒီယိုမှာ အပြည့်အစုံ တင်ပြခဲ့ကြတယ်။ လမ်းစဉ် ပါတီဖွဲ့စည်းပုံ စည်းမျဉ်းကိုတောင် ဘာသာပြန်ဆို ထုတ်ဝေခဲ့ကြတယ်။ သူတို့ အမြင်နှင့် လုံးဝ ထပ်တူ ထပ်မျှ မဟုတ်သော်လည်း တိုးတက်သော လမ်းစဉ်နှင့် တိုးတက်သော အတွေးအခေါ်များ ဖြစ်ကြောင်း ရေးသား ထောက်ခံခဲ့ကြတယ်။ လမ်းစဉ် ပါတီကို တကယ့် လုပ်သား ပြည်သူ့ ပါတီ အဖြစ်ဖြင့် အောင်မြင်စွာ တည်ဆောက် သွားစေချင်သော ဆန္ဒများကိုလဲ ဖော်ပြကြတယ်။ ဒါတွေဟာ ကျွန်တော်တို့ကို အားပေးခြင်း ဖြစ်ရုံမက ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး သူတို့ ပြည်သူတွေကို အမှန်အတိုင်း အသိပညာပေးထားပြီး ပူးပေါင်း

ဆောင်ရွက်ရေးအတွက် လှုံ့ဆော်နေခြင်းလဲ ဖြစ်တယ်။ မိတ်ဆွေကောင်းတို့က လုပ်ရမည့် အလုပ်ကို လုပ်ကြခြင်းပါဘဲ။

တရုပ်ပြည်သူ့ သမတ နိုင်ငံမှာတော့ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် အညမညနှင့် ပါတီ ဖွဲ့စည်းပုံများ အကြောင်းကို ပြည်သူလူထု သိအောင် တလုံး တပါဒမျှ မပြော၊ မရေး။ လုံးဝ ရှောင်နေပါတယ်။ တရုပ် မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးမှာ မလွဲသာလို့ ရေးရလျှင် လည်းကောင်း၊ ပြောရလျှင် လည်းကောင်း၊ တရုပ်မြန်မာ နှစ်ပြည်ထောင် မိတ်ဆွေဖြစ် တည်မြဲရေး ဆိုတဲ့ အချက်တခုကိုသာ ရေးတော့ ပြောတော့တယ်။ ဦးနုတို့ခေတ်တုန်းကမှ မြန်မာပြည်ရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဆိုင်ရာဖြစ်ပေါ် တိုးတက်မှုများ၊ အကြောင်းများကို အတော်အတန် ရေးဖော် ပြောဖော်ရသေးတယ်ဗျာ။

သူတို့ဟာ ကျွန်တော်တို့ရဲ့ ပြည်တွင်းရေးကို တလုံးတပါဒမျှ ဝင်ရောက် စွက်ဖက်ပြီး မပြောချင် သလိုလို ဟန်အမူအရာ ပြခဲ့တယ်။

သို့သော်လဲ တိတ်တိတ်ကတော့ဖြင့် မြန်မာ့ ဆိုရှယ်လင်လမ်းစဉ် အညမညနှင့်ပါတီတို့ကို ဆန့်ကျင်စပြုနေပြီဖြစ်ကြောင်း တွေ့ရတယ်ဗျာ။

တော်လှန်ရေးအစိုးရဟာ အမျိုးသား လွတ်မြောက်ရေးကို အပက်ဖက်မှ မြှင့်တင်တယ်။ အမှီခိုကင်းသော စီးပွားရေးစနစ်ကို တည်ဆောက်ရန် ဘဏ်များကို ပြည်သူပိုင် သိမ်းခဲ့တယ်။ လက္ကားဆိုင်ကြီးများ၊ ပွဲရုံကြီးများ၊ ကုန်စည် ဒိုင်ကြီးများ စတဲ့ ကုန်သွယ်ရေး လက်ဝါးကြီးအုပ် အဖွဲ့အစည်းများကို ပြည်သူ



ပိုင် သိမ်းခဲ့တယ်။စက်မှုလုပ်ငန်းကြီးများကိုလဲ ပြည်သူပိုင် သိမ်းခဲ့တယ်။

ဘဏ်တိုက်ကြီးများ၊ ကုန်သွယ်ရေး လက်ဝါးကြီးအုပ် အဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်းကြီးများဟာ နိုင်ငံခြားပိုင်ကများပြီး တရုပ်အမျိုးသားပိုင် အများအပြားပါတယ်။ စီးပွားရေးလုပ်ငန်းကြီးများကို တော်လှန်ရေးအစိုးရက ပြည်သူပိုင်လုပ်ခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား လွတ်လပ်ရေးအတွက် ကောင်းသလောက် နိုင်ငံခြားသား စီးပွားရေးသမားများ ထိခိုက်နစ်နာကြသဖြင့် မကျေနပ်ကြဘူး။ သို့သော်လဲ တော်လှန်ရေးအစိုးရဟာ ဘယ်သူ့ကိုမျှ ကွက်ပြီး တိုက်ခိုက်ခြင်းမဟုတ်ဘဲ မူအရ လုပ်ခြင်းမို့လို့ ဘယ်သူကမျှ မပြောသာခဲ့ဘူး။

တော်လှန်ရေးအစိုးရဟာ လွတ်လပ်သောအမျိုးသား ယဉ်ကျေးမှုဘဝကိုလဲ ထူထောင်နေတယ်။ နိုင်ငံခြား ယဉ်ကျေးမှုဩဇာလွှမ်းအောင် ထိုးဖောက်ဝင်ရောက်နေတဲ့ အပေါက်များကို လိုက်ပိတ်တယ်။ ပုဂ္ဂလိကပိုင် ကျောင်းများကို ပြည်သူပိုင်လုပ်ခြင်းဟာ နိုင်ငံခြားယဉ်ကျေးမှု ဩဇာဝင်ရာ အကြီးဆုံးသော အပေါက်များကို လိုက်ပိတ်ခြင်း ဖြစ်ပါတယ်။ သာသနာပြု ကျောင်းအမျိုးမျိုးနှင့် တရုပ်ကျောင်းအမျိုးမျိုးဟာ နိုင်ငံခြား ယဉ်ကျေးမှုဩဇာထူထောင်ရာ ဗဟိုများဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ပုဂ္ဂလိကပိုင်ကျောင်းများကို ပြည်သူပိုင် လုပ်လိုက်ခြင်းဟာ လွတ်လပ်သောအမျိုးသား ယဉ်ကျေးမှုထူထောင်ရေးနှင့် အမျိုးသား လွတ်လပ်ရေးအတွက် ကောင်းသည်နှင့် အမျှ နိုင်ငံခြားယဉ်ကျေးမှု လွှမ်းမိုးရေးကို လုပ်နေကြသူတို့ ထိခိုက်

နှစ်နာသွားကြပြီး မကျေမနပ်ဖြစ်ကြတယ်။ ဒါပေမဲ့ တော်လှန်ရေးအစိုးရဟာ ဘယ်သူ့ကိုမှ ကွက် တိုက်ခိုက်ခြင်းမဟုတ်၊ မူအရ လုပ်ခြင်းဖြစ်သဖြင့် ဘယ်သူကမှ မပြောသာခဲ့ကြဘူး။

တော်လှန်ရေးအစိုးရက သို့ကလို စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်မှာ နိုင်ငံခြားဩဇာတွေ ကင်းရှင်းအောင် ဖယ်ရှားတဲ့ အခါ တရုပ်များဟာ ဆိုရှယ်လစ်စစ်မှန်ရင် အားတက်သရော ကြိုဆိုထောက်ခံသင့်တယ်၊အကြိတ်အခဲ မထားသင့်ဘူး။

တရုပ်ပြည်သူ့သမတနိုင်ငံ ခေါင်းဆောင်များဟာ တော်တော်ထူးဆန်းတယ်။တရုပ်ပြည်တွင်းမှာ ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေး အရှိန်အဟုန်ကို အဆမတန် မြန်စေချင်တယ်။ ခုန်ပျံကျော်လွှား တိုးတက်ရေးလုပ်တယ်။ သူတို့နှင့် သဘော ကွဲလွဲသူ မှန်သမျှကို အရင်းရှင် လမ်းလိုက်ကြ၊ ပြန်လည်ပြင်ဆင်ရေး ဝါဒသမား စသည်ဖြင့် ခေါ်ပြီး တိုက်ခိုက်ကြတယ်။တရုပ်ပြည်မှာတော့ တရုပ်ဆိုရင် သန်းကြွယ်သူဌေးကြီးများ ဖြစ်ဖြစ်၊ အလုပ်သမား၊ တောင်သူလယ်သမား ရာပေါင်းထောင်ပေါင်း များစွာကို ခေါင်းပုံဖြတ်နေသူ ဖြစ်ဖြစ်၊ မှောင်ခိုဈေးလုပ်နေသူ ဖြစ်ဖြစ်၊ဘိန်းချနေသူ ဖြစ်ဖြစ်၊ ငွေတိုးကြီးစားသူ ဖြစ်ဖြစ် အားပေးထောက်ခံလိုက်တာဘဲ။တရုပ်ဘဏ်တိုက်များက အရင်းအနှီး ဖြည့်လို့တောင် ပေးလိုက်သေးတယ်။

မော်စီတုံးခေါင်းဆောင်စုရဲ့ နောက်လိုက်များဟာ 'တရုပ်ခေါင်းဆောင်ကြီး မော်စီတုံးသည် ကမ္ဘာ့ ခေါင်းဆောင်ကြီး ဖြစ်သည်။ မော်စီတုံးသည် မြန်မာပြည်သူလူထုရဲ့ ခေါင်းဆောင်ကြီးဖြစ်သည်' စသည်ဖြင့် ဇွတ်ယုံကြည်နေကြတဲ့ အတွက်



တရုပ်ပြည် ပြင်ပမှာ၊ မြန်မာပြည်မှာ သူတို့ရဲ့အတွေးအခေါ်၊ အယူအဆ၊ သူတို့ရဲ့ယဉ်ကျေးမှု စသည်များကို ပင်လယ်ရပ်ခြား တရုပ်အမျိုးသားများသာမက သက်ဆိုင်ရာ တိုင်းပြည်မှ လူထုကပါ လက်ခံအောင် ဇွတ်အတင်းဝါဒဖြန့်ကြတယ်။သက်ဆိုင်ရာ တိုင်းပြည်၊ သက်ဆိုင်ရာလူမျိုးထဲမှ လူများက သူတို့ရဲ့ကိုယ်ပိုင် အတွေးအခေါ်၊ ကိုယ်ပိုင်အယူအဆ၊ ကိုယ်ပိုင် ယဉ်ကျေးမှုကို ရှေ့တန်း တင်လာလျှင် သူတို့ကို မော်စီတုံး နောက်လိုက်များက ကျဉ်းမြောင်းသော လူမျိုးရေးဝါဒသမားတွေ၊ လူမျိုးရေး သွေးဖိရေးသမားတွေ စသည်ဖြင့် သမုတ်ပြီး ဆန့်ကျင်တိုက်ခိုက်ကြတယ်။ သို့ကလို တိုက်ခိုက်ရင်း သူတို့ရဲ့ လူမျိုးကြီးဝါဒကို တွင်တွင်ကြီး ကျင့်သုံးကြတယ်။

အချို့နိုင်ငံကြီးများဟာ သူတို့ ဝါဒဖြန့် စာပေများကို မြန်မာဘာသာပြန်ဆိုပြီး နိုင်ငံခြားမှာပင် မြန်မာ ဘာသာဖြင့် ပုံနှိပ်ကာ မြန်မာပြည်တွင်းသို့ သွင်းလာကြတယ်။ အများဆုံး လုပ်တာကတော့ တရုပ်ပြည်သူ့သမတနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့ ဖြစ်တယ်။တဦးက ပီကင်းမြို့မှာ မြန်မာလို ပုံနှိပ်ထုတ်ဝေတယ်။ အခြားတဦးက မနီလာမြို့မှာ ပုံနှိပ်ထုတ်ဝေတယ်။

နိုင်ငံခြားယဉ်ကျေးမှု လွှမ်းမိုးရေးကို တားဆီးနေတဲ့ တော်လှန်ရေးအစိုးရဟာ ဒီကိစ္စကို တတ်နိုင်သလောက် ကန့်သတ်သင့်တယ်လို့ ယူဆတယ်။ ဒါ့ကြောင့် နိုင်ငံခြားမှာ မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်စာတမ်း စသည်များကို မြန်မာပြည်တွင်း သွင်းမလာရဘူးလို့ ပိတ် ပစ် လိုက် တယ်။

မြန်မာလို ထုတ်ဝေချင်ရင် မြန်မာ့ဥပဒေ စည်းမျဉ်းများအရ မြန်မာပြည်ထဲမှာ ပုံနှိပ်ထုတ်ဝေနိုင်ကြတယ်။

တရုပ်ပြည်သူ့ သမတနိုင်ငံမှ တပါး အားလုံးသော နိုင်ငံတွေက လိုက်နာကြပါတယ်။ တရုပ်ပြည်ကတော့ ပီကင်းမှာ မြန်မာလို ပုံနှိပ်ထုတ်ဝေမြဲ ထုတ်ဝေတယ်။ မြန်မာပြည်ထဲကို နည်းအမျိုးမျိုးနှင့် သွင်းမြဲ သွင်းလာတယ်။ သူတို့ရဲ့ မြန်မာ ဘာသာဖြင့် ဝါဒဖြန့် စာပေများကို သယ်ဆောင်တဲ့ တရုပ်တွေနှင့် မြန်မာနောက်လိုက်တွေကလဲ အတော် နှံ့အောင် ပို့ကြတယ်။

မော်စီတုံးရဲ့ အတွေးအခေါ် ကောက်နုတ်ချက်များဆိုတဲ့ စာအုပ်နီကလေးဟာ မြန်မာဘာသာဖြင့် မြန်မာပြည်ထဲ ရောက်နေတာ အတော်ကြာသွားပြီ။ ဒါဟာ မတရား ရောက်နေတာ၊ အစိုးရက ချမှတ်ထားသော စည်းမျဉ်းဥပဒေများကို ဖောက်ဖျက်ပြီး ရောက်နေတာ၊ ဒါဟာ မော်စီတုံး ခေါင်းဆောင်စုနှင့် နောက်လိုက်များရဲ့ ကျူးကျော်မှုဖြစ်တယ်။

တရုပ်ပြည်တွင်းမှာ အာဏာလုတိုက်ပွဲများ ပြင်းထန်သည်နှင့်အမျှ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှုတော်လှန်ရေးဆိုတဲ့ သောင်းကျန်းမှု ခြေလှမ်းကြဲလာသည်နှင့်အမျှ မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှုဝါဒ မြင့်လာသည်နှင့်အမျှ၊ ကျွန်တော်တို့ ပြည်ထဲသို့ တရုပ်ကျူးကျော်မှုတွေ တိုးလာတယ်။ ဗမာ ကွန်မြူနစ် (သန်းထွန်းအုပ်စု) များကို ရှေ့တန်းပို့တဲ့ အလုပ်လဲ သွက်လာတယ်။ ဆင်ဝှာဆိုတဲ့ မော်စီတုံးခေါင်းဆောင်စု ဝါဒဖြန့်ယန္တရားဟာ တရုပ်ပြည်ရောက် ဗ-က-ပ ခေါင်းဆောင် အချို့ရဲ့ လှုပ်ရှားမှုများကို ဝါဒဖြန့်ပေးလာတယ်။ မြန်မာပြည်ရှိ ဆင်ဝှာ



ကိုယ်စားလှယ်ဟာ ဘယ် လောက် အတင့်ရဲ ခြောင်ကျသလဲ၊ တရုပ်ပြည်ရောက် ဗ-က-ပ ခေါင်းဆောင်အချို့ လှုပ်ရှားမှု ဓာတ်ပုံသတင်းကို ပြည်သူပိုင် သတင်းစာများသို့ပင် ဖြန့်ဝေခဲ့တယ်ဗျာ။

## မြန်မာကတော့ ချုပ်တည်း သည်းခံနေခဲ့သည်

သို့ကလို မော်စီတုံး ခေါင်းဆောင်စု တပ်နီများနှင့် နောက်လိုက်များဟာ မြန်မာပြည်ပေါ်မှာ ဝါဒ ကျူးကျော်မှုနှင့် ကိုယ်ထိလက်ရောက် ကျူးကျော်မှုများ တလှမ်းပြီတလှမ်း တိုးလာသော်လဲ မြန်မာများဘက်ကတော့ ချုပ်တည်း သည်းခံနေခဲ့တယ်။ ကျွန်တော်တို့ သတင်းစာများကလဲ ဘာမှ မရေးခဲ့ပါဘူး။ တရုပ်နှင့် သည့်ပြင် ကွန်မြူနစ်တွေ သဘောကွဲလွဲမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ထွန်းသစ်စ နိုင်ငံများ အပေါ် တရုပ်ကွန်မြူနစ်ကို သဘောထားပုံနှင့် သူတို့ လုပ်ရပ်များနှင့် ပတ်သက်၍လည်းကောင်း တရုပ်ပြည်မှာ ဖြစ်ပွားလာတဲ့ အာဏာလုပွဲ မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ကျွန်တော် မရေးတာလဲကြာပြီ။ ကျွန်တော်တို့ သတင်းစာကလဲ မရေးတာကြာပြီ။ အခြား ပြည်သူပိုင် သတင်းစာတွေကလဲ သိပ်မရေးကြပါဘူး။ များစွာ ဆင်ခြင်နေခဲ့ကြတယ်။

တော်လှန်ရေး အစိုးရဟာလဲ အစစ အရာရာ ချုပ်တည်း သည်းခံနေခဲ့တယ်။ နိုင်ငံခြားရေး ဌာနကနေပြီး ကန့်ကွက်လား၊ တိုင်းတာလား ဘာမျှ မလုပ်ခဲ့ဘူး။

သို့ပေမယ့်သူတို့တရုပ်ပြည်သူ့အစိုးရဘက်မှတော့ ကျွန်တော်တို့ အစိုးရကို တိုင်လား၊ တောလား၊ ကန့်ကွက်လား မကြာခဏ လုပ်တယ်။ ဘာမဟုတ်တဲ့ အသေးအဖွဲ့ ကိစ္စကလေးတွေနှင့် ပတ်သက်ပြီးလဲ ငယ်တဲ့အမှု ကြီးအောင်ချဲ့ပြီး ကန့်ကွက်တတ်တယ်။ သူတို့ကို တရုပ်နီလို့ သတင်းစာက ဖော်ပြမိရင်လဲ ကန့်ကွက်တာဘဲ။ ပီကင်း အစိုးရလို့ ခေါ်ရင်လဲ ကန့်ကွက်တာဘဲ။ မြန်မာပြည်က အိန္ဒိယပြည်နှင့် နယ်နိမိတ် စာချုပ် ချုပ်တော့လဲ ကန့်ကွက်တာဘဲ။ သူတို့ကို စာချုပ် ကော်ပီမပြဘဲနှင့် လက်မှတ် မထိုးရဘူးတဲ့၊ သူတို့ သဘောမတူဘဲ ကျွန်တော်တို့က ဘာမှ မလုပ်ရဘူးလိုလို ဖြစ်နေတယ်။ ဒါဟာ ကျွန်တော်တို့ မြန်မာပြည်ရဲ့ အချုပ်အချာ အာဏာကို ထိပါးလာတာ ဖြစ်တယ်။ တော်လှန်ရေး အစိုးရဟာ ချုပ်တည်း သည်းခံပါတယ်။ သူတို့လို ခွန်းကြီး ခွန်းငယ်ပြောပြီး ကန့်ကွက် မနေပါဘူး။ သို့သော်လဲ တိုင်းပြည်၏ အချုပ်အချာ အာဏာပိုင်မှုကိုတော့ လုံးဝ အထိ မခံခဲ့ဘူး။ ကိုယ်လုပ်စရာရှိတာကို ဘယ်သူ့ သဘောတူညီမှုမှ စောင့်မနေဘဲ လုပ်လိုက်တာဘဲ။

တရုပ်ပြည်သူ့ အစိုးရဟာ အခါတိုင်းနှင့်မတူ တနေ့တခြား ပိုပိုပြီး ရန်လိုလာတာကို တွေ့ရတယ်။ ဝံပုလွေနှင့် သိုးငယ်လို နင်မဟုတ်ရင် နင့်အဖေဘဲ ဆိုတာမျိုး သိပ်လိုတယ်။ တရုပ်ပြည်သူ့ အစိုးရ နိုင်ငံခြားရေး ဌာနကို တပ်နီတွေ နာရီပေါင်း ၃၀ ဝင်စီးပြီးတဲ့ နောက် ပိုဆိုးလာတယ်။ တပ်နီတွေဟာ တရုပ် နိုင်ငံခြားရေးရုံးကို နောက်ထပ်လဲ အကြိမ်ကြိမ် ဝင်စီးတယ်။ ဝင်စီးတယ်ဆိုတာ ရုံးအပြင်က ဝိုင်းထားတာ မဟုတ်ဘူး။ ရုံးတွင်းဝင်ပြီး မွှေတာ။ သူတို့ မကြိုက်သူကိုဖယ်ပြီး ကြိုက်သူကို ခန့်ထားဘို့



ကြိုးစားတာ၊ တခါတော့ သူတို့စီးထားရာ နိုင်ငံခြားရေးရုံးကို ဝန်ကြီးချုပ် ချူအင်လိုင်း ကိုယ်တိုင်လာပြီး ပတ်မကြီး တုတ်ယူရတယ်။ နောက်ထပ် လာမရှုပ်ကြနှင့်လို့ ပြောယူရတယ်။ မှော်ရုံး ရုံးပြီး ရမ်းတဲ့အခါ ရမ်းတာကို မရမ်းအောင် ချုပ်ထားရုံနှင့်မရဘူး။ မှော်ကို ပြန်နုတ်ယူရမယ်။ ချူအင်လိုင်းဟာ မှော်ကိုတော့ ပြန်မနုတ်ရဲဘူး။ ဘာကြောင့်လဲ ဆိုတော့ မော်စီတုံး ခေါင်းဆောင်စုရဲ့ အင်အားနှင့် အာဏာဟာ မှော်သွင်းထားတဲ့ တပ်နီများပေါ်မယ် မှီနေလို့ပါဘဲ။

တရုပ် အစိုးရက ဘယ်လောက် ရန်လိုသလဲ။ အဲဒီလောက် ကျွန်တော်တို့ တော်လှန်ရေး အစိုးရက ချုပ်တည်း သည်းခံတယ်။ သို့သော်လဲ ကျွန်တော်တို့ တိုင်းပြည် လွတ်လပ်ရေး၊ ကျွန်တော်တို့ နိုင်ငံတော် အချုပ်အချာ အာဏာပိုင်မှု၊ ကျွန်တော်တို့ လူမျိုးရဲ့ ဂုဏ်သိက္ခာကိုတော့ တရွေးသားမျှ အထိ မခံဘူး။

ကျွန်တော်တို့ နိုင်ငံမှာ ပြည်သူပိုင် စာအုပ်ဆိုင်များရှိတယ်။ ယနေ့ထိ မော်စီတုံးရဲ့ ကျမ်းကြီး ကျမ်းခိုင်များ၊ လက်ရွေးစင် ကျမ်းများ၊ ပေါင်းချုပ်များ ရောင်းချလျက်ရှိတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေ အားလုံး ဖတ်ရှု လေ့လာနိုင်ကြတယ်။ ထိုကာလ၊ ထိုဒေသ အခြေအနေများအရ ထိုသို့ တွေးခေါ်ခြင်း၊ ရေးသား ပြောဆိုခြင်း၊ ညွှန်ကြားခြင်း မှန်တယ်၊ သို့မဟုတ်မှားတယ်။ ဤကာလ ဤဒေသ အခြေအနေများအရ၊ ဤသို့ တွေးခေါ်ခြင်း၊ ရေးသား ပြောဆိုခြင်း၊ ညွှန်ကြားခြင်း မှန်တယ်၊ သို့မဟုတ် မှားတယ် စသည်ဖြင့် ဝေဖန် ဉာဏ်နှင့် ယှဉ်ပြီး ကျွန်တော်တို့ ပြည်သူတွေ လွတ်လွတ်လပ်လပ် လေ့လာနိုင်

ကြတယ်။ တော်လှန်ရေး အစိုးရနှင့် လမ်းစဉ်ပါတီဟာ တွေးခေါ်မှုမှာ လွတ်လပ်ရေးကို အားပေးတယ်။ ပြည်သူတွေမှာ ဝေဖန်ရေး ဥာဏ် ရင့်သန်လာအောင် လုပ်ပေးနေတယ်။ တဖက်သတ် ဘူးသွင်းခြင်းကိုတော့ လက်မခံဘူး။ ဒါ့ကြောင့် ကာလ ဒေသ အခြေအနေများမှ အဆက် ကင်းလွတ်ပြီး ဘူးသွင်းရန် ရည်ရွယ်ချက်နှင့် ကောက်နုတ်လာတဲ့ မော်စီတုံး အတွေးအခေါ်ဆိုတဲ့ စာအုပ်နီကိုတော့ လက်မခံဘူး။ အဲဒီ ကောက်နုတ်ချက်တွေကို ကြက်တူရွေးလို ပြောဘတ်ရုံ၊ သာလိကာလို ရန်ထောင်တတ်ရုံ၊ ဂါထာလို ရွတ်ဖတ်သရဇ္ဈာယ်ရုံလုပ်တဲ့ အလုပ်မျိုးကို ကျွန်တော်တို့ ဝါသနာ မပါဘူး။ သန်းပေါင်း ၇၀၀ ရှိတဲ့ လူတွေဟာ သူတို့ဘာသာ စက်ရုပ် လုပ်ချင် လုပ်ကြ၊ နွား လုပ်ချင်လုပ်ကြ၊ ကျွန်တော်တို့ ၂၅ သန်းရှိတဲ့ လူတွေက စက်ရုပ် အလုပ်မခံနိုင်ဘူး၊ နွားအဖြစ် မခံနိုင်ဘူး။ ကျွန်တော်တို့ ပြည်ထောင်စု မြန်မာ နိုင်ငံမှာ မွေးဖွား ကြီးပြင်းကြတဲ့ လူတိုင်းဟာ (ကချင်ရော၊ မွန်ရော၊ ချင်းရော၊ ဗမာရော)လူအစစ် ဖြစ်ရမယ်။ လွတ်လပ်စွာ တွေးခေါ်တတ်ရမယ်။ ဝေဖန်ဥာဏ် ရင့်သန်လာရမယ်။ တီထွင် ဖန်တီးတတ်ရမယ်။

ပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှု ဝါဒဟာ ဘယ်ပုဂ္ဂိုလ်ကိုစွဲပြီးဖြစ်ဖြစ် လူကိုတုံးစေတယ်။ လူကို သိုးအုပ် နွားအုပ်လုပ်ပစ်တယ်။ လူကို စက်ရုပ် ဆံစေတယ်။ ဒါကြောင့် မော်စီတုံး ပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှု ဝါဒကို တရုပ်ပြည်မှာ သူတို့ အကြောင်းနှင့် သူတို့ ထူထောင်နေကြတာကို ကျွန်တော်တို့ မကန့်ကွက်သော်လဲ မြန်မာပြည်ထဲ လာပြီး ထူထောင်ကြတာကိုတော့ ကျွန်တော်တို့ ကန့်ကွက်ရမယ်။ တားဆီး ပိတ်ပင်ရမယ်။



အထူးသဖြင့် ဝါဒအရရော ကိုယ်ထိလက်ရောက်ပါ ကျူးကျော်ခြင်း ဖြစ်နေလို့ ပို ကန့်ကွက်ရမယ်။ပိုပိတ်ပင် တားဆီးရမယ်။

တော်လှန်ရေး အစိုးရ ပညာရေးဌာနက ကျောင်းများမှာ သတ်မှတ်ပြဋ္ဌာန်းထားသော တံဆိပ်ရင်ထိုး အမှတ်အသားများမှ တပါး အခြား တံဆိပ်ရင်ထိုး အမှတ်အသားများ မတပ်ဆင်ရလို့ တားမြစ်လိုက်တော့ ဘယ်သူ့ကိုမှ ကွက်ပြီးတိုက်တာမဟုတ်ဘဲ မူအရ လုပ်လိုက်တာ ဖြစ်သော်လဲ ကျွန်တော်တို့ ကတော့ မော်စီတုံး တံဆိပ်တွေ ထိတော့မှဘဲ ဆိုပြီး အထူးဘဲ ဝမ်းသာကြတယ်။ ဘာကြောင့်လဲဆိုတော့ မော်စီတုံး တံဆိပ် တပ်ဆင်ခြင်းဟာ မော်စီတုံး ပုဂ္ဂိုလ် ဆည်းကပ် ကိုးကွယ်မှု ဝါဒကို မြန်မာပြည်တွင်းသို့ ဇွတ်သွင်းရန် ကြိုးပမ်းသူတွေရဲ့ ခြေလှမ်း ဖြစ်ကြောင်း သိလို့ပါဘဲဗျာ။

နင်မဟုတ် နင့်အဖေဘဲဆိုပြီး၊ သိုးငယ်ကို အနိုင်ကျင့်ချင်တဲ့ ဝံပုလွေလို မော်စီတုံးပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်မှုကိုမြန်မာပြည်တွင်းသို့ ဇွတ်အတင်းသွင်းရန် ကြိုးပမ်းနေသူတွေ၊ တရုပ်ပုံစံနှင့် ကမ္ဘာ့တော်လှန်ရေးကို မြန်မာပြည်သို့ သွင်းကုန်အဖြစ်ဖြင့်ပို့ရန် ပြင်ဆင်နေသူတွေ၊ နိုင်ငံငယ်များဟာ သူတို့ လုပ်ချင်တာလုပ် အလုပ်ခံရမယ်လို့ ဆိုပြီးကျူးကျော်စော်ကားလိုတဲ့လူမျိုးကြီးဝါဒ ဝင်နေသူတွေ သူတို့တတွေအတွက်တော့ တော်လှန်ရေးအစိုးရ ပညာရေးဌာနက ကျောင်းများမှာ သတ်မှတ်ပြဋ္ဌာန်းထားသော တံဆိပ်ရင်ထိုးအမှတ်အသားများမှတပါး၊အခြားတံဆိပ်၊ရင်ထိုး၊ အမှတ်အသားများ မတတ်ဆင်ရဘူးလို့ တားမြစ် လိုက်ခြင်းဟာ အချက်ကောင်း၊အကွက်ကောင်း ဖြစ်နေတယ်။မော်စီတုံး

တံဆိပ်ကို ရင်မှာထိုးပြီး ကျွန်တော်တို့တတွေ ခက်ရာခက်ဆစ် ထူထောင်နေကြရတဲ့ ကျောင်းတွင်း စည်းကမ်းကို ဖောက်ဖျက်ကြတော့တယ်။ ဒီပြင်အဖျက်သမားတွေ အမျိုးမျိုး ဖျက်လို့မရနိုင်တော့သော အခြေအနေရောက်လာတဲ့ ပညာရေးလောက ငြိမ်းချမ်းရေးကို သူတို့နှောက်ရှက်ကြတော့တယ်။ တော်လှန်ရေးအစိုးရက နည်းအမျိုးမျိုးနှင့် ကာကွယ် ထိန်းသိမ်းနေတဲ့ နိုင်ငံတော်စည်းကမ်း ဥပဒေများကို သူတို့တတွေက ထိပါးတိုက်ခိုက်လာကြတော့တယ်။ဒီရာဇဝတ်မှုများ ကျူးလွန်အောင် တရုပ်ကျောင်းသားကလေးတွေကို၊ တရုပ်မြန်မာ နှစ်ပြည်ထောင် ဆက်ဆံရေး ကောင်းအောင် ထိန်းသိမ်းဖို့၊ ပင်လယ်ရပ်ခြား တရုပ်အမျိုးသားများကို အိမ်ရှင်နိုင်ငံများမှာ ကောင်းကောင်း နေကြရအောင် ပဲ့ကိုင်ပြုပြင်ဖို့ တာဝန်ရှိသော တရုပ်လူကြီးအချို့က မြှောက်ပေးကြတယ်။ ရှို့ပေးကြတယ်။ မော်စီတုံး တံဆိပ်တွေ ဝေပေးကြတယ်။ ပညာရေး အာဏာပိုင်တွေကို တော်လှန်ကြဘို့၊ သတင်းစာဆရာတွေကို စော်ကားကြဘို့ သူတို့ကဘဲ ပညာပေးကြတယ်။

တချို့ အေးအေးချမ်းချမ်းနေချင်တဲ့ မြန်မာတွေက ပြောကြတယ်။ ဒီလောက်ဘဲ ဒီ တရုပ်တွေ အဖြစ်သဲရသလား၊ မော်စီတုံးတံဆိပ်ကလေး ရင်မှာမထိုးရတာနှင့် ဖြစ်နေလိုက်ကြတာ ကျောင်းမှာမထိုးရလဲ အိမ်မှာ ထိုးရုံပေါ့တဲ့ဗျ။

မော်စီတုံး ဝါဒ အတင်းသွင်းလိုသူတွေ၊ လူမျိုးကြီးဝါဒဝင်ပြီး ကျွန်တော်တို့ နိုင်ငံမှာ သူတို့ ထင်သလို လုပ်နိုင်တယ်လို့ယူဆနေသူတွေဟာ၊ ဒီ တံဆိပ်ကိစ္စကို အသုံးချပြီး၊ သူတို့ရဲ့



ကျူးကျော်ရေး ခြေလှမ်းနှင့် ကျွန်တော်တို့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ရေး ခြေလှမ်းကို ပထမဦးဆုံး ပြောင်လှမ်းလိုက်ခြင်းသာဖြစ်တယ်ဗျ။ ဒါကြောင့် ဒီလောက် အဖြစ်သဲကြတာပါ။

## လိုသုံးလိုမယ် ဆောင်ထားရာမှ ပြောင်ထုတ်သုံးခြင်း

တရုပ် ကွန်မြူနစ် ပါတီဟာ မြန်မာပြည်နှင့် ပတ်သက်ပြီး ဟိုယခင်ကဆိုလျှင် မျက်နှာ နှစ်ဖက်ဝါဒကို ကျင့်သုံးခဲ့တယ်။ ယခုတော့ မျက်နှာတဖက်ဝါဒကိုဘဲ ကျင့်သုံးတယ်။ ဟိုယခင်က မြန်မာအစိုးရနှင့်လဲ သင့်မြတ်အောင် ရင်းရင်းနှီးနှီး ဆက်ဆံတယ်။ မြန်မာအစိုးရကို လက်နက်နှင့်ပုန်ကန်နေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗ က ပ)ကိုလဲ သင့်မြတ်အောင် ဆက်ဆံတယ်။ ယခုတော့ မြန်မာအစိုးရကို ကျောပေးလိုက်ပြီ။ ဗ-က-ပ ဘက်ကိုဘဲ လုံးဝ မျက်နှာမူထားပြီ။

ဒါက အကြမ်းဖျင်းသဘောပါဘဲ။ ဒီကြားထဲမှာ အသေးစိတ် အပြောင်းအလဲကလေးတွေတော့ ရှိသေးတာပေါ့။ ဥပမာ ၁၉၅၂ ခုနှစ် မတိုင်မီကဆိုရင် တရုပ်ပြည်ရှိ ဗ-က-ပ ကိုယ်စားလှယ်တွေဟာ များစွာ အရေးပေးခံရတယ်။ ဒီနောက်တော့ ဗ-က-ပ ဟာ တရုပ်မြန်မာ ဆက်ဆံရေးရဲ့ နောက်တန်းကို အတော်ရောက်သွားတယ်။ မြန်မာအစိုးရကသာ ရှေ့တန်းနေတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီတက်လာတဲ့အခါမှာလဲ သူတို့သဘောထား အပြောင်း

အလဲရှိသလောက် ရှိသေးတယ်။ တကြိမ်တခါမှာ တော်လှန်ရေးအစိုးရကို သူတို့ဘက်ပါအောင်— သူတို့ဘက်ပါအောင်ဆိုတာကလဲ သူတို့နှင့် မတည့်သူကို ကျွန်တော်တို့ကပါ ရန်မူအောင်၊ သူတို့ရဲ့ တပည့်ဖြစ်အောင်၊ နည်း အမျိုးမျိုး နှင့် ဆွဲသေးတယ်။ ဒီအခါမျိုးမှာ မြန်မာအစိုးရနှင့် ရင်းနှီးရေးကို ရှေ့တန်း တင်တယ်။ ဗ-က-ပ ဟာ နောက်ကွယ်မှာနေရတယ်။ တဖက်က တရုပ်ပြည်တွင်းမှာ အပြောင်းအလဲတွေ ဖြစ်လာတယ်။ မောင်စိတုံး ပုဂ္ဂိုလ်ဆည်းကပ် ကိုးကွယ်မှုဝါဒ တဖြည်းဖြည်း ရုပ်လုံးပေါ်လာတယ်။ ကမ္ဘာ့ တော်လှန်ရေး သဘောတရား လွန်စွာ ပြင်းထန်လာတယ်။ လူမျိုးကြီးဝါဒ ပိုပြီး ပြတ်သားလာတယ်။ အာဏာလု နိုင်ငံရေးတိုက်ပွဲများနှင့် ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေး ဖြစ်ပေါ်လာတယ်။

အခြားတဖက်မှ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေး အစိုးရဟာ ပြည်ပရေးရာများမှ နိုင်ငံတကာနှင့် ချစ်ကြည်ရေး ကြားနေရေးဝါဒကို တိကျစွာကျင့်သုံးတယ်။ ပြည်တွင်းရေးရာမှာ ဘယ်နိုင်ငံကိုမှ တပည့်မခံ၊ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ပုံစံနှင့် ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေး လုပ်နေတယ်။ ဗ-က-ပ နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားခဲ့တယ်။ ဗ-က-ပ ဟာ မောင်စိတုံး ခေါင်းဆောင်ရဲ့ သစ္စာရှိတပည့်ရင်းများဖြစ်ကြောင်း အဖက်ဖက်က ထင်ရှားလာတယ်။ မျှားမကြာမီက သခင် သန်းထွန်း ကိုယ်တိုင်က မောင်စိတုံး ခေါင်းဆောင်စုဘက်မှာ ပြတ်ပြတ်သားသား ရပ်ကြောင်း သက်သေထူပြရတယ်။

မောင်စိတုံး ခေါင်းဆောင်စုဟာ ပြည်တွင်းမှာ အာဏာလုပွဲ အကြိတ်အနယ်ဖြစ်နေစဉ် သူတို့ရဲ့ ကမ္ဘာ့ တော်လှန်ရေးကြီး



အောင်မြင်နေကြောင်း ပြရမယ်။ ကမ္ဘာ့ မီးရှူးတန်ဆောင်ကြီး မောင်စိတုံးရဲ့ ခေါင်းဆောင်မှုကို တော်လှန်နေသော မြန်မာပြည်သူလူထုကလဲ လက်ခံနေပြီလို့ သူတို့ ပြည်သူတွေကို ဟိတ်ဟန်ပေးဘို့ကလဲ အင်မတန်လိုနေတယ်။

အဖျက်လမ်းစဉ်ကို မမိုက်မသုံး ယုံကြည်နေတဲ့ ဗ-က-ပဟာ မြန်မာပြည်သူတွေနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာပြည်ရဲ့ ပကတိရုပ်အနေနှင့် ပတ်သက်၍ လည်းကောင်း၊ ဘယ်တုန်းကမျှ အမှန်အတိုင်း မမြင်ခဲ့ဘူး။ ပြောင်းပြန်တွေသာ မြင်တတ်တယ်။ ယခုလဲဘဲ တော်လှန်ရေး အစိုးရကို အရင်းရှင်ကြီး၊ မြေရှင်ကြီး၊ စစ်အာဏာရှင် အစိုးရလို့ မြင်နေတယ်။ ပြည်သူ လူထုရဲ့ အခြေခံ မျိုးချစ် စိတ်ဓါတ်နှင့် အခြေခံ ယေဘုယျ တော်လှန်ရေး အသိဉာဏ်ကိုလဲ အထင်သေးတယ်။ ဒါ့ကြောင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် အရ ပြုပြင် ပြောင်းလဲမှုများ အနယ်မထိုင်ခင် ဖြစ်ပေါ်လာတဲ့ အမှားများ၊ ချွတ်ယွင်းချက်များ၊ ဟာကွက်များကြောင့် လုပ်သား ပြည်သူတွေ မကျေမနပ် ဖြစ်ရခြင်းကို လူထုက တော်လှန်ရေး အစိုးရအား ဆန့်ကျင်ခြင်းလို့ ထင်မှတ်ကြတယ်။ လူထု မကျေနပ်မှုရှိတိုင်း ဗ-က-ပ ကို ထောက်ခံနေပြီ၊ အားကိုးနေပြီလို့ ထင်ကြတယ်။ လကျ်ာ ဖောက်ပြန်ရေးသမားများရဲ့ တော်လှန်ရေး အဖျက် လုပ်ငန်းများကိုလဲ သူတို့ဘက်မှ လူထု ထောက်ခံမှုကို ကြိုဆိုနေကြတယ်။ တော်လှန်ရေး အစိုးရဘက်က ချွတ်ယွင်းချက်ကို သူတို့အားလို့ ထင်ကြတယ်။ တော်လှန်ရေး အစိုးရဘက်ကမှားရင် ဘယ်လိုမှန်အောင်၊ ဟာနေရင် ဘယ်လို ပြည့်အောင် ပြုပြင် နေကြတာကို သူတို့ မသိဘူး။ ဒါ့ကြောင့် သူတို့ဟာ ယခုအခြေအနေကို သူတို့ အဖို့ အခွင့်

အသာဆုံး အခြေအနေ၊ တော်လှန်ရေး အရင့်ကျက်ဆုံး အခြေအနေလို့ ယူဆနေကြတယ်။ သူတို့ ဆရာ မော်စီတုံး ခေါင်းဆောင်စုကလဲ သူတို့ဘက်က သူတို့ အကြောင်းများကြောင့် ဒီအတိုင်းဘဲ ထင်မြင် ယူဆကြတယ်။

အထက်ပါ အကြောင်းများကြောင့် တရုပ် ပြည်သူ့ အစိုးရဟာ မျက်နှာနှစ်ဖက် ဝါဒကိုစွန့်ပြီး လက်ရှိ အရေး အခင်းကို ချက်ကောင်းယူကာ လိုသုံးလိုမယ် ဆောင်ထားသော ဗမာပြည် ကွန်မြူနစ်ပါတီကို ဖြောင်ထုတ် သုံးလိုက်ခြင်းပါဘဲဗျာ။

လိုသုံးလိုမယ် ဆောင်ထားရာမှ ဖြောင်ထုတ်သုံးခြင်း ခံရတဲ့ ဗ-က-ပ (သခင် သန်းထွန်းတို့ လူစု)ကလဲ မဆွတ်ခင်က ညွတ်ချင်သူတွေဖြစ်ပါတယ်။ အသုံးခံရန် စောင့်နေတာ ကြာပါပြီ။ ၁၉ နှစ်လုံးလုံး လက်နက်ကိုင် ပုန်ကန် တော်လှန်ရေး လမ်းစဉ်ကို လိုက်လာခဲ့ကြတယ်။ ဘာတခုမျှ မယ်မယ်ရရ အောင်မြင်မှု မရသေးဘူး။ ပြည်သူလူထု များရာစုရဲ့ ထောက်ခံမှု မရအောင် နိုင်ငံတော် အာဏာနှင့် ကွာလှမ်းဝေးနေသေးတောင် ရောင်စုံ သူပုန် အားလုံးကုန်ရဲ့ ညီညွတ်ရေးရအောင် သူတို့ ခေါင်းဆောင်နိုင်ရင်၊ ရောင်စုံ သူပုန်တွေရဲ့ ဗိုလ်တကာ ဗိုလ်ဖြစ်နေရင်၊ သူတို့ ဗ-က-ပ ခိုင်ခိုင်မာမာ ခြေခြေ မြစ်မြစ် အားဖြစ်လာရင် တော်သေးတာပေါ့။ သို့မဟုတ် ဘာမှ မရတောင် ၁၉ နှစ်လုံးလုံး လက်နက်ကိုင် ပုန်ကန် တော်လှန်ရေး လုပ်ခဲ့တဲ့ အတွေ့အကြုံတွေကြားမှ သင်္ခန်းစာများ ထုတ်တတ်ပြီး နိုင်ငံရေး အသိဥာဏ်လေးများ တိုးတက်လာရင် တော်သေးရဲ့။ ခုတော့ သူတို့မှာ အောင်မြင်မှု တခုမှ မရ။ ဘာတခုမျှ တိုးတက်မှု မရှိ။



ဒါကြောင့် ဗ-က-ပ ဟာ တနေ့ထက် တနေ့ပိုပြီး ပြည်တွင်းမှာ သူများအားကို ကိုယ့်အားလုပ်တယ်။ ပြည်ပမှ အဖြစ်အပျက်များမှာ သူတို့အတွက် အကွက်ကောင်း ရှာတယ်။ အချက်ကောင်း စောင့်တယ်။ တနေ့တခြား ပို၍ပို၍ ပြည်ပ အကူအညီကို အားကိုးနေရတော့တယ်။ မော်စီတုံး ခေါင်းဆောင်စုနှင့် သူတို့ဟာ ဘုန်းကြီးရှူးနှင့် လှေ့လူး ဆိုတာလို လိုက်ဘက်နေကြပါတယ်။

ဗ-က-ပ ဟာ တခါတုန်းက တတိယ ကမ္ဘာစစ်ကြီးဖြစ်ရေးမှာ သူတို့ရဲ့ ထွက်ပေါက်မြင်တယ်။ တတိယ ကမ္ဘာစစ်ကြီး ဖြစ်လာလို့ မြန်မာပြည်ဟာ နယ်ချဲ့နှင့် နယ်ချဲ့ ဆန့်ကျင်ရေး အင်အားစုများ၊ နယ်ချဲ့နှင့် ဆိုရှယ်လစ် အင်အားစုများ စစ်တိုက်ရာ စစ်တလင်းကြီး ဖြစ်လာရင် သူတို့က ဆိုရှယ်လစ် တရုပ်ပြည်ရဲ့ အကူအညီဖြင့် နယ်ချဲ့ ဆန့်ကျင်ရေး တပ်ပေါင်းစုကြီးကို ခေါင်းဆောင်ပြီး နိုင်ငံ အာဏာကို ယူသွားနိုင်မယ်။ ဒီ မျှော်လင့်ချက် သူတို့မှာ အတော် ကြီးခဲ့တယ်။

သို့သော်လဲ ကမ္ဘာ့ ငြိမ်းချမ်းရေး အင်အားစုတွေက တတိယ ကမ္ဘာစစ်ကြီး ဖြစ်ခွင့်မပေးဘူး။ ဒေသဆိုင်ရာ စစ်ပွဲများကို မကူးစက် မပျံ့နှံ့အောင် လုပ်ရုံသာမက ဒေသဆိုင်ရာ စစ်ပွဲများ ရပ်စဲသွားအောင် လုပ်နေကြတယ်။ ဒါ့ကြောင့် ဗ-က-ပ ဟာ အတုလံ အတုမရှိသော မဟာ မော်စီတုံး ခေါင်းဆောင်တဲ့ ကမ္ဘာ့ တော်လှန်ရေးကြီး ကိုသာ သူတို့ရဲ့ ထွက်ပေါက် အဖြစ်ဖြင့် မျှော်လင့် စောင့်စားနေကြတော့တယ်။ ဥက္ကဋ္ဌကြီး မော်နှင့်

ကမ္ဘာ့တော်လှန်ရေးကြီး အပေါ်မှာ သူတို့ တတွေဟာ လုံးဝ အားကိုးအားထားပြီး ပုံအောလိုက်ကြတော့တယ်။

သူတို့ဟာ ရှေ့သွားနောက်လိုက် ညီကြပါပေတယ်။ မော်စီတုံးခေါင်းဆောင်စုနှင့် တပ်နီများက ကမ္ဘာ့ တော်လှန်ရေး ဟူသော အလံလွှင့်ပြီး မြန်မာပြည်ကို ကျူးကျော်ရန် အဆင်သင့်၊ ဗ-က-ပ က ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး ဟူသော အလံလွှင့်ပြီး ကျူးကျော်သူကို ထောက်ခံ၊ ကူညီ ပူးပေါင်းရန် အဆင်သင့်။

ယခု တရုပ်ပြည်သူ့သမတနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတို့ဟာ သံတမန် ဆက်သွယ်ရေး မရပ်စဲသေးဘူး။ (တရုပ်ဘက်က သံအမတ်ကြီးကို ပြန်မလွှတ်တော့ဘူး ဆိုပေမယ့် မရပ်စဲသေးဘူး။) နှစ်ပြည်ထောင် စစ်ဖြစ်နေတာလဲ မဟုတ်သေးဘူး။ ဒါပေမယ့် မော်စီတုံး ခေါင်းဆောင်စုရဲ့ တရုပ် ပြည်သူ့ အစိုးရဟာ သံတမန် အဆက်အသွယ် မရှိတော့သလို၊ နှစ်နိုင်ငံ စစ်ဖြစ်နေတဲ့ အခြေအနေမှာလို ပြောဆို ကျင့်ကြံ နေတယ်။ သူတို့ အစိုးရက မြန်မာ အစိုးရကို ခေါ်ဝေါ် ပြောဆို ဆက်ဆံနေပုံဟာ သံတမန် ဆက်ဆံမှုရှိနေတဲ့ နိုင်ငံအချင်းချင်း ဆက်ဆံပုံမျိုး မဟုတ်ဘူး။ တော်လှန်ရေး အစိုးရကို လက်နက်နှင့် ပုန်ကန်တိုက်ခိုက်နေတဲ့ ဗ-က-ပနှင့်အခြားသူပုန်များကို ဖြောင်အားပေးနေတယ်။ သူတို့ရဲ့ အစိုးရ သတင်းစာများနှင့် ပီကင်း ရေဒီယိုက တော်လှန်ရေး အစိုးရကို သဘောတရားရေး၊ နိုင်ငံရေး စစ်ပွဲဆင်နွှဲနေတယ်။ ပီကင်း ရေဒီယိုဟာ ဗ-က-ပရဲ့ ရေဒီယိုသဖွယ်လဲ ဖြစ်နေတယ်။



ဒီလို ဖြောင်ကျူးကျော်ခြင်းနှင့် ဖြောင်ဝင်ရောက် စွက်ဖက်ခြင်းတို့မှ မော်စီတုံး ခေါင်းဆောင်စု နောက်ဆုတ်မဲ့ လက္ခဏာ မရှိဘူး။

မော်စီတုံး ခေါင်းဆောင်စုဟာ ကျူးကျော်ရေးနှင့် စွက်ဖက်ရေး ခြေလှမ်းများကို ပိုကျဲကျဲ လှမ်းလာစရာ အလားအလာ ရှိတယ်။ ဗ-က-ပများကလဲ သူတို့နှင့် ထောက်ခံ၊ ကူညီ ပူးပေါင်းမှု ပိုလုပ်ရန် အလားအလာရှိတယ်။

သူတို့ရဲ့ အန္တရာယ်ကို ဖော့တွက်လို့ မရဘူး။

မော်စီတုံး ခေါင်းဆောင်စုဟာ တရုပ် စစ်တပ်ကြီးများနှင့် မြန်မာပြည်တွင်းသို့ ကိုယ်တိုင် ကိုယ်ကျ ဝင်တိုက်သည်အထိတော့ ခြေလှမ်းကျဲမယ်မဟုတ်ဘူး ထင်ပါတယ်။ သို့သော်လဲ ဗ-က-ပနှင့် အပေါင်းပါများကို စင်ပြိုင် အစိုးရ ထောင်နိုင်သည်အထိ နိုင်ငံရေး အကူအညီ ပေးလိမ့်မယ်။ ဗ-က-ပနှင့် အပေါင်းပါများကို လက်နက်ခဲယမ်း အကူအညီနှင့် အခြား ရုပ်ဝတ္ထု အကူအညီများ ပေးလိမ့်မယ်။ တရုပ်ပြည် ရောက်နေပြီး အရင်က ပြန်မလွှတ်ဘဲ ထားခဲ့တဲ့ ဗ-က-ပနှင့် အခြား သူပုန် အဖွဲ့အစည်းဝင်များကိုလဲ ပြန်လွှတ်လိမ့်မယ်။ တရုပ် အကြံဥာဏ်ပေး တပ်နီ အကြံဥာဏ်ပေး ပုဂ္ဂိုလ်များ၊ မော်စီတုံး ကေဒါများလဲ ပို့ပေးလိမ့်မယ်။

သူတို့ဟာ လွတ်မြောက်သော နယ်မြေများ အခိုင်အမာ တည်ထောင်ရန် ကြိုးစားကြမယ်။ လွတ်မြောက်သော နယ်မြေ ဒေသန္တရ အစိုးရများ ဖွဲ့မယ်။ ပြီးတော့ တရုပ်ပြည်နှင့် အဆက်

အသွယ် အကောင်းဆုံးသော ခြေကုတ် စခန်းပေါ်မှာ စင်ပြိုင် အစိုးရထောင်ဘို့ ကြိုးစားကြလိမ့်မယ်။

ဒီလိုဘဲ သူတို့အန္တရာယ်ကို ကျွန်တော်တို့ ကြိုတင် မြင်ထားကြဘို့ လိုတယ်။ ဒီအန္တရာယ်ကို ကျွန်တော်တို့ ပြည်သူတွေ ရဲရဲကြီး ရင်ဆိုင်ပြီး တိုက်ကြရလိမ့်မယ်။

ဒါဟာ အဆန်းတော့လဲ မဟုတ် ပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာ ကွန်မြူနစ်(ဖြူ-နီ) သူပုန်တွေနှင့် အခြား သူပုန်တွေ ဒီလို လုပ်ဘို့ ကြိုးစား နေကြတာ ကြာပါပြီ။ သို့သော် ယခင်က မအောင်ခဲ့တာကို ယခုတော့ အောင်မှာဘဲလို့ သူတို့ ထင်နေကြတယ်။ တွက်နေကြတယ်။ ဘာ့ကြောင့်လဲဆိုတော့ မော်စီတုန်း ခေါင်းဆောင်စုက သူတို့ဘက်က ကူညီပြီး ဖြောင်စွက်ဖက် ပါဝင်လာလို့ သူတို့ ပိုအားကြီးလာပြီဟာကိုး။

သို့သော်လဲ သူတို့ဟာ ၁၉ နှစ်လုံးလုံး မရခဲ့တဲ့ အောင်မြင်မှုကို ယခုလဲ ရမှာမဟုတ်ဘူးဆိုတာ သေချာတယ်။ ပိုသေချာတာကတော့ အရင်တုန်းက သူတို့ မအောင်ရုံသာ မအောင်ပြီး ဘုံးဘုံးလဲကျ ရှုံးနိမ့်ခြင်း မရှိသော်လဲ ယခုပွဲကြီး ပွဲကောင်းမှာတော့ သူတို့ဟာ ဘုံးဘုံး လဲကျ ရှုံးနိမ့်ရမယ် ဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ရဲ့ ဆရာက မြန်မာပြည်ကို ဖြောင်ကျကျ ဝင်ရောက် စွက်ဖက် ကျူးကျော်သူ ဖြစ်လာပြီး သူတို့က ဝင်ရောက် ကျူးကျော်သူကို ထောက်ခံ အားပေး ပူးပေါင်းသူ သစ္စာဖောက်များ လုံးလုံးဖြစ်လာလို့ပါဘဲ။ ခုခေတ် သမိုင်းဖြစ်စဉ်မှာ ဘယ်အခန်းမှ ပါရတယ်ဆိုတဲ့ အချက်ဟာ သိပ်အရေးကြီးတယ်။ ဖေါက်ပြန်တဲ့ အခန်း ကလား၊ တိုးတက်တဲ့ အခန်းကလား၊ သူများ နိုင်ငံကို ဝင်ရောက် ကျူးကျော် သူနှင့်



ထိုကျူးကျော်မှုကို ကူညီ ပူးပေါင်း သူတို့ဟာ သမိုင်းရဲ့ ဖေါက်ပြန်သော အခန်းမှာ ပါဝင်ရပြီး အရှုံးကို မုချ မျက်နှာ မူနေတယ်။ နိုင်ငံခြား ကျူးကျော် စွက်ဖက်မှုကို ဘယ်နည်း ဘယ်ပုံသဏ္ဍာန်နှင့် ဖိလာ ဆန့်ကျင်ရသူ၊ တားဆီးရသူ၊ ခုခံ တိုက်ခိုက်ရသူဟာ သမိုင်းရဲ့ တိုးတက်သော အခန်းမှ ပါဝင်ရပြီး အောင်မြင်မှုကို မုချ မျက်နှာမူနေတယ်။

## ဘယ်တုန်းကမှ တရုပ်လက်အောက် မရောက်ခဲ့

ယခုခေတ်ဟာ ကြီးနိုင် ငယ်ညှင်း လုပ်ရတော့တဲ့ ခေတ်မဟုတ်တော့ဘူး။ တနိုင်ငံနှင့်တနိုင်ငံ ဝင်ရောက်စွက်ဖက် ကျူးကျော် စော်ကားချင်တိုင်း စော်ကားနိုင်တဲ့ ခေတ် မဟုတ်တော့ဘူး၊ ကျူးကျော်ခြင်း၊ ရန်စခြင်းကို ခုခံကာကွယ်ရသူ၊ ကိုယ့်လွတ်လပ်ရေး ကိုယ်ကာကွယ်ရသူတို့ အောင်မြင်မှုရနေကြတဲ့ ခေတ်ဖြစ်တယ်။

ခုခေတ်ရဲ့ သဘောသကန်ကို ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံ လုပ်သားပြည်သူတွေက သရုပ်ဆောင်နေကြတယ်။ "ငါတို့ရဲ့ အချုပ်အချာ အာဏာ ထိပါးမှုကို ငါတို့ ငုံ့မခံ"၊ "မော်စီတုန်းဝါဒ အလိုမရှိ"၊ "နိုင်ငံခြား ကျူးကျော်မှု အားပေးတဲ့ ပြည်တွင်း သစ္စာဖောက်တွေ တိုက်ထုတ်" စတဲ့ ဆောင်ပုဒ်များကို တညီတညွတ်၊ တပြိုင်နက်တည်းကိုင်စွဲပြီး အုံကြွနိုးကြားလာကြတဲ့ လုပ်သားပြည်သူတွေက သရုပ်ဆောင် ပြနေကြတယ်ဗျာ။

မော်စီတုန်း ခေါင်းဆောင်စုနှင့် တပ်နီတွေရဲ့ ကျူးကျော်မှုနှင့်ကျူးကျော်မှုကိုကူညီအားပေးသူ ဗ-က-ပ တို့ရဲ့ မော်စီတုန်း

တံဆိပ် တပ်ဆင်ခွင့် တိုက်ပွဲ၊ မြန်မာ့ စည်းကမ်း၊ မြန်မာ့ဥပဒေများကို ချိုးဖောက်ရေးတိုက်ပွဲ၊ ပီကင်းရေဒီယိုနှင့် ပီကင်း သတင်းစာများရဲ့ နိုင်ငံရေးရန်စ၊ ပြည်တွင်းရေး စွက်ဖက်မှု တိုက်ပွဲ။ တိုက်ပွဲပထမအချိန်မှာ မြန်မာနိုင်ငံဘက်မှ လုံးဝအနိုင်ရနေပြီ၊ သူတို့ဘက်မှ လုံးဝ ရှုံးသွားပြီ။

ဒါပေမဲ့ ဒါဟာ သူတို့ရဲ့ ကျူးကျော်ရေး၊ စွက်ဖက်ရေး၊ သစ္စာဖောက်ရေးလမ်းကြောင်း အစသာ ရှိသေးတယ်။ ပထမ အချီသာ ဖြစ်တယ်။ဒုတိယအချီ တတိယအချီစသည်ဖြင့် အသွင် အမျိုးမျိုး၊ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းအမျိုးမျိုးနှင့် ကျူးကျော် ရေး၊စွက်ဖက်ရေး၊ သစ္စာဖောက်ရေးများကို ဆက်လုပ်ကြလိမ့်ဦး မယ်။ သူတို့ရဲ့ တော်လှန်ရေး အဖျက်လုပ်ငန်းတွေ ပိုများလာ လိမ့်ဦးမယ်။ မြန်မာ့ ပြည်သူတွေက မောင်စီတုံးကို မြန်မာပြည် သူတွေရဲ့ မဟာခေါင်းဆောင်ကြီး အဖြစ်ဖြင့် အသိအမှတ် မပြု မချင်း၊ သူတို့ရဲ့ လူမျိုးကြီးဝါဒအတိုင်း ကြီးစိုးမှုကို လက်မခံ မချင်း မောင်စီတုံးခေါင်းဆောင်စုနှင့် တပ်နီတွေက ဆက်လက် ကျူးကျော် စော်ကားနေကြပြီး ဗ-က-ပနှင့်အပေါင်းပါတို့ကလဲ မောင်စီတုံး အန္တေဝါသိက၊ တပ်နီနောက်လိုက်၊ တရုပ် ရုပ်သေး အဖြစ်ဖြင့် အစိုးရ မဖြစ်ရမချင်း ဆက်ပြီး ကျူးကျော်ရေးကို အားပေးကူညီ ပူးပေါင်းနေကြဦးမှာဘဲ။သူတို့မှာ ဖောက်ပြန် သောဇွဲ ရှိကြတယ်။

ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံ လုပ်သားပြည်သူ အပေါင်းကလဲ သူတို့ရဲ့ ကျူးကျော်ရေး၊ စွက်ဖက်ရေးနှင့် သစ္စာဖောက်ရေးလုပ်ငန်းများ လုံးဝရပ်စဲပြီး သူတို့ ပေးနေသော ဘေးရန်အန္တရာယ်ဟူသမျှ ကျွန်တော်တို့ နိုင်ငံနယ်မြေမှ လုံးဝ



ကင်းရှင်းသွားသည်အထိ ခုခံ တိုက်ခိုက်ကြရမည်သာ ဖြစ်တယ်။ ကျွန်တော်တို့ လုပ်သားပြည်သူတွေမှာ တော်လှန်ရေးဇွဲ ရှိရမယ်။

သူတို့ဟာ ကျူးကျော်ရေး၊ စွက်ဖက်ရေးနှင့် သစ္စာဖောက် ရေး၊ တော်လှန်ရေး အဖျက်လမ်းကြောင်းကို လိုက်တဲ့အခါမှာ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ချီတက်ကြမှာ ဖြစ် တယ်။ အနုနည်း၊ အကြမ်းနည်း၊ တိတ်တိတ်တမျိုး၊ ပြောင် တမျိုး၊ စစ်မြေပြင်မှာရော၊ စက်ရုံ၊ အလုပ်ရုံ၊ ကျောင်း၊ လယ် ယာ ချောင်းမြောင်းမှာပါ လုပ်ကြလိမ့်မယ်။ သူတို့မှာ ဖောက် ပြန်ရေး ဥာဏ်နီ ဥာဏ်နက်တွေရှိတယ်။

ကျွန်တော်တို့ လုပ်သားပြည်သူတွေကလဲ နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် စစ်မြေပြင်မှာရော၊ စက်ရုံ၊ ရုံး၊ အလုပ်ရုံ၊ အလုပ်စခန်း၊ ကျောင်း၊ လယ်ယာ၊ ချောင်းမြောင်းမှာပါ ခုခံ တိုက်ခိုက်ကြရလိမ့်မယ်။ ကျွန်တော် တို့မှာလဲ တော်လှန်ရေး ဥာဏ် တော်လှန်ရေး ပရိယာယ် ကြွယ်ဝ ကြရလိမ့်မယ်။

သူတို့က တော်လှန်ရေး အဖျက်လုပ်ငန်းများ တိုးလုပ်မယ်။ ကျွန်တော်တို့ လုပ်သားပြည်သူတွေက ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေး အောင်မြင်အောင်၊ ဆိုရှယ်လစ် ဒီမိုကရေစီ ထူထောင်နိုင်အောင်၊ ကမ္ဘာ့ ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်း ရေး ရအောင် တိုး၍တိုး၍ လုပ်ကြရမယ်။

သူတို့က ကျွန်တော်တို့ စီးပွားရေး အားနည်းအောင် လုပ်မယ်။ ကျွန်တော်တို့က စီးပွားရေးအားကြီးအောင် လုပ်ရ မယ်။ သူတို့က ကုန်ပစ္စည်းထုတ်လုပ်မှု ကျဆင်းအောင် လုပ်ကြ

မယ်။ ကျနော်တို့က ကုန်ပစ္စည်းထုတ်လုပ်မှုပိုပိုသွားအောင် အားထုတ်ကြရမယ်။

ဘယ်လောက် ခက်ခက်၊ ဘယ်လောက် စွန့်လွှတ်ရ စွန့်လွှတ်ရ၊ ဘယ်လောက် ဒုက္ခခံရခံရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရနှင့် ကျွန်တော်တို့ လုပ်သားပြည်သူတွေဟာ ဒုတိယအချီ၊ တတိယအချီ၊ စတုတ္ထအချီ စသည်ဖြင့်လဲ အောင်မြင်မှု ရမှာ သေချာတယ်။

ယနေ့ဖြစ်ရတဲ့ တရုတ်မြန်မာ အရေးအခင်းဟာ မော်စီတုံးရဲ့ ကမ္ဘာ့ တော်လှန်ရေး၊ မော်စီတုံးကို ကမ္ဘာ့ တော်လှန်ရေး ခေါင်းဆောင်ကြီး အဖြစ်ဖြင့် မြှင့်ပေးထားတဲ့ မော်စီတုံး ပုဂ္ဂိုလ်ဆည်းကပ် ကိုးကွယ်မှု ဝါဒနှင့် တရုတ် ပုံစံ မဟာ ဖဆွည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးတို့ကို မြန်မာပြည်တွင်းသို့ ဇွတ်သွင်းရန် ကြံစည် အားထုတ်ခြင်းရဲ့ ရလဒ်ဖြစ်တယ်။ တရုတ် လူမျိုးကြီး ဝါဒကို မြန်မာပြည်အပေါ် လက်တွေ့ ကျင့်သုံးခြင်းရဲ့ ရလဒ်လဲဖြစ်တယ်။ ထို့ပြင်တဝ ယနေ့ဖြစ်နေတဲ့ တရုတ် မြန်မာ အရေးအခင်းများဟာ တရုတ်ပြည်တွင်းမှာ အာဏာလုပွဲ ခေါင်းဆောင်မှု အပြောင်းအလဲ တိုက်ပွဲများရဲ့ ဂယက်လဲ ဖြစ်တယ်။ ကျွန်တော်တို့ မြန်မာ့ သမိုင်း တလျှောက်လုံးမှာ ဒီလိုဂယက်မျိုး တကြိမ် နှစ်ကြိမ်မက ထခဲ့ဘူးပါတယ်။ မောင်းဂွတ် လူမျိုး ဂျင်ဂစ်ခန်တို့ တရုတ်ပြည် ဝင်သိမ်းစဉ်က အရှိန်လွန်ပြီး မြန်မာပြည်ထဲ ဝင်လာဘူးသေးတယ်။ မြန်မာပြည်သူတွေကို အနှောင့်အရှက်တွေ ပေးသွားခဲ့ဘူးသေးတယ်။ မြန်မာ သက္ကရာဇ် ၈၀၆-၈၀၈၊ ခရစ်နှစ် ၁၄၄၄-၁၄၄၆ တုန်းကလဲ တရုတ်ပြည်မှ



မောကိုးခွင် ကိုးသိန်း သခင် သိုဟန်ဘွားဟာ ယူနံ ဘုရင်ခံ ဥဒည်ဘွားနှင့် စစ်တိုက်ရင်း စစ်ရှုံးတဲ့အတွက် အင်းဝ ဘုရင် နရပတိ လက်ထက်မှာ မြန်မာပြည်ထဲ နောက်လိုက် ဗိုလ်ပါနှင့် ဝင်လာပြီး မြန်မာ့ ငြိမ်းချမ်းရေးကို နှောင့်ယှက်ခဲ့ပါတယ်။ ယူနံ ဘုရင်နှင့် သိုဟန်ဘွားတို့ မြန်မာ့ မြေပေါ်မှာ တိုက်ပွဲတွေ ပြင်းပြင်းထန်ထန် ဖြစ်မနေအောင် အင်းဝ ဘုရင်က ကြားဝင် ဖြေရှင်းပေးလိုက်ရသေးတယ်။

ခရစ်နှစ် ၁၇ ရာစုထဲမှာ တရုတ်ပြည် မင်း (MING) မင်းဆက် ပြုတ်ကျပြီး မန်ချူး မင်းဆက်များ တက်ပါတယ်။

မင်း မင်းဆက် နောက်ဆုံး ဘုရင် ယုံလီဟာ နောက်လိုက် ဗိုလ်ပါနှင့် မြန်မာပြည်ထဲ ဝင်လာတယ်။ မြန်မာ စစ်တပ်များနှင့် တိုက်ရပါသေးတယ်။ အင်းဝ ဘုရင်က ယုံလီတို့ လူစုကို လက်နက်ဖြုတ်ပြီး စစ်ကိုင်းမှာ ထိန်းသိမ်းထားရတယ်။ နောက်တော့ ယူနံကို သိမ်းပိုက် အုပ်ချုပ်ထားတဲ့ မန်ချူး ဘုရင်ခံက မြန်မာပြည်ထဲ စစ်တပ် အလုံးအရင်းနှင့် ဝင်လာပြန်တယ်။ သူ့တောင်းဆိုချက်က ယုံလီ ဘုရင်ကိုအပ်ရန် ဖြစ်လေတော့ အင်းဝ ဘုရင်က ယုံလီကို အပ်လိုက်ပါတယ်။

မျက်မှောက်ခေတ် အဖြစ်အပျက်တွေကတော့ ပူပူ နွေးနွေး ရှိပါသေးတယ်။ တရုတ်ပြည်မှာ မော်စီတုံး ခေါင်းဆောင်တဲ့ တရုတ်ပြည်သူ့ တော်လှန်ရေးကြီး အောင်မြင်ပြီး၊ တရုတ်ပြည်သူ့ သမတ နိုင်ငံ တည်ထောင်တဲ့ အခါ၊ စစ်ရှုံး ကိုမင်တန် အစိုးရရဲ့ တရုတ်ဖြူတပ်များဟာ မြန်မာနိုင်ငံ အတွင်းသို့ ချင်းနင်း ဝင်ရောက် လာပါတယ်။ တရုတ်ဖြူတပ်များဟာ မြန်မာ နိုင်ငံရဲ့

လွတ်လပ်ရေးကို ခြိမ်းခြောက်လာတယ်။ တရုပ်ဖြူ ဝင်ရောက်ကျူးကျော်မှုကို ထောက်ခံ အားပေးပြီး၊ တရုပ်ဖြူနှင့် ပူးပေါင်းဆောင်ရွက်သော တိုင်းရင်းသား သစ္စာဖောက်တွေလဲ ပေါ်ခဲ့ပါတယ်။

ဒီလို သမိုင်းတလျှောက် တရုပ်ပြည်တွင်းမှာ မင်းပြောင်းမင်းလဲဖြစ်တိုင်း မြန်မာပြည်မှာ ဂယက်ရိုက်ပြီး ဆူပွက် လှုပ်ရှားတတ်သော်လဲ၊ မြန်မာဟာ အခြေမပျက်ခဲ့ပါဘူး။ မြန်မာပြည်အဖြစ်ဖြင့် တည်တံ့ ခိုင်မြဲနေခဲ့ပါတယ်။ ပြင်ပ ဘယ်သူ့ကိုမှ ပုံယုံ အားကိုးခြင်း မပြုဘဲ အဓိက ကိုယ့်အား ကိုယ်ကိုးပြီး ရပ်တည်ခဲ့ခြင်း ဖြစ်ပါတယ်။ တရုပ်ဘုရင်တွေက မြန်မာကို သူတို့ သြဇာခံထင်ပြီး၊ တရုပ် လူမျိုးကြီး ဝါဒကို ကျင့်သုံး ခဲ့သော်လည်း ဘယ်တုန်းကမှ မြန်မာဟာ တရုပ် လက်အောက်မရောက်ခဲ့ပါဘူး။ သူတို့အကြောင်းနှင့် သူတို့ မြန်မာပြည်တွင်းမှာ ဝင်ရောက် စွက်ဖက် ရှုပ်ရှုပ် ပွေပွေ လုပ်ခဲ့တဲ့ တရုပ် အင်အားစုမှန်သမျှ မြန်မာပြည်မှ ထွက်သွားခဲ့ကြရတာပါဘဲ။ ရာဇဝင်စဉ်လာ တရုပ်ဗမာ မိတ်ဆွေရင်းချာ ဆိုတာလိုပါဘဲ။ မြန်မာပြည်ကို ကျူးကျော် ဝင်ရောက် စွက်ဖက်ခြင်း ရှုပ်ရှုပ် ပွေပွေ လုပ်ခြင်း မပြုသော တရုပ်ပြည်သူတွေနှင့် မြန်မာပြည်သူတွေဟာ မိတ်ဆွေရင်းချာ၊ ဆွေမျိုး ပေါက်ဖော်သဖွယ်သာ ဆက်လက် ဆက်ဆံနေထိုင်သွားခဲ့ကြပါတယ်။

ခုလဲ မောင်စီတုံး ခေါင်းဆောင်စုနှင့် တပ်နီတွေရဲ့ ကျူးကျော်မှု၊ စွက်ဖက်မှု၊ ဗ-က-ပနှင့် အပေါင်းပါတို့ရဲ့ သစ္စာဖောက်မှု၊ ကျူးကျော်ရေး အားပေးမှု၊ သူတို့အားလုံးရဲ့ ရှုပ်ရှုပ်ပွေပွေ



လုပ်မှုတွေဟာ မုချ ရှုံးနိမ့်ပျက်ပြားပြီး ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အချုပ်အချာ အာဏာပိုင်မှုကို ကျွန်တော်တို့ ထိန်းသိမ်းကာ ပြည်ထောင်စု မြန်မာနိုင်ငံ လုပ်သားပြည်သူတွေနှင့် တရုပ်ပြည်သူတွေဟာ ရာဇဝင် စဉ်လာ တရုပ်ဗမာ မိတ်ဆွေ ရင်းချာဆိုတဲ့ စကားအတိုင်း ဆက်လက် နေထိုင် ကူးလူး ဆက်ဆံ သွားကြလိမ့်မယ်လို့ မမှိတ်မသုံ ယုံကြည်ကြောင်း ဖော်ပြလိုက်ရကြောင်းပါဗျာ။

သိန်းဖေမြင့်

( ဤတွင် မောင်စီတုံး တရုပ်နှင့် မြန်မာ့ အချုပ်အချာ အာဏာ ဆောင်းပါးများ ပြီးဆုံးသည်။)

( အချင်ဒိ )

## သတင်းစာ အချိန်မှန်မှန် မရ

တရုပ် ကျောင်းသား အချို့က ပြည်သူပိုင် ကျောင်းများမှာ ကျောင်းစည်းကမ်း ဖျက်ခြင်း၊ ဆူပူခြင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိ တရုပ်လူကြီး အချို့က ထောက်ခံ အားပေး၊ မြှောက်ထိုး ပင့်ကော် လုပ်ခြင်းတို့မှ အကြောင်းရင်းခံ ဖြစ်ပွားလာတဲ့ တန်ပြန် ဆန္ဒပြမှုနှင့် ဆူပူမှုများကြောင့် သတင်းစာများ မှန်မှန် မရကြောင်း၊ သို့မဟုတ် လုံးဝမရကြောင်း မကျေမနပ် ပြောကြဆိုကြသံ မကြာခဏ ကြားနေရတယ်ဗျ။

ကျွန်တော် ကိုယ်တိုင်လဲ သတင်းစာ အချိန် မှန်မှန် မရဘူး။ ၂၇ ရက်နေ့ကဆိုရင် အိမ်မှာ ဗိုလ်တထောင် သတင်းစာ မရလို့ ညနေမှ သတင်းစာတိုက်သွားပြီးယူရတယ်။ တိုက်ဖိုင်တွဲတွေထဲက ဖြုတ်ယူလာရခြင်းပါ။ တိုက်ကတော့ အကုန်ဖြန့်ဝေလိုက်တာဘဲ။ ခါတိုင်းပို့နေကျ နေရာတွေကို အမှန်အတိုင်း ပို့လိုက်တာဘဲ။

ဗိုလ်တထောင် သတင်းစာလိုဘဲ အခြား သတင်းစာတိုက်တွေကလဲ အခါတိုင်းလို (စောင်ရေတိုးလျှင် တိုးမည်သာ) ရိုက်နှိပ် ထုတ်ဝေနေကြတာဘဲ။

ဗိုလ်တထောင် သတင်းစာဆိုရင် အချိန်မှန်ထွက်ရန် အယ်ဒီတာ အဖွဲ့ရော၊ အုပ်ချုပ်ရေး အဖွဲ့ရော၊ ပုံနှိပ် လုပ်သားများပါ အစွမ်းကုန် ကြိုးစားကြတယ်။ စဖြစ်တဲ့ နေ့က သွားလာရေး အခက်အခဲဖြစ်ပြီး ည အလုပ်သမား အချို့ အလုပ်မဆင်းနိုင်ကြဘူး။ ဒီတော့ နေ့ အလုပ်သမားတွေက အိမ်မပြန်ဘဲ ဆက်အလုပ်ဆင်းကြတယ်။ အုပ်ချုပ်ရေးပိုင်းက ကာယ၊ ဥာဏ အလုပ်



သမားတွေဟာ ခါတိုင်းဆိုရင် ည အလုပ်မရှိဘူး။ ခုတော့ ည အလုပ်ဆက်ဆင်းတဲ့ အလုပ်သမားများ အတွက် ကျွေးမွေးရန် စီစဉ် ကြရတယ်။ ခါတိုင်းလို ထမင်း၊ သို့မဟုတ် ခေါက်ဆွဲ စသည် ဖြင့် ဝယ်ကျွေးရန်လဲ မလွယ်ကူဘူး။ ဒီတော့ တိုက်ရှေ့မှာဘဲ မီးဖိုပြီး ချက်ပြုတ်ကြရတယ်။ ချက်ချင်း ဆန်ရှာရ၊ ဆီရှာရ စတဲ့ အလုပ်တွေဟာ မလွယ်ဘူး။ သို့လော်လဲ ဖြစ်အောင် လုပ်ကြတယ်၊ ခုအချိန်မျိုးမှာ အယ်ဒီတာ အဖွဲ့မှာလဲ သတင်းထောက်က အယ်ဒီတာ အလုပ်ကိုဝင်ကူရသလို၊ အယ်ဒီတာကလဲ သတင်းထောက်နှင့်အတူ လိုက်ပြီး သတင်း စုဆောင်းတန် စုဆောင်းရတယ်။ အားလုံး တာဝန်ကျေကြလို့ သတင်းစာ မှန်မှန်ထွက်နေခြင်းဖြစ်တယ်။

သတင်းစာတွေက ထုတ်ဝေ လိုက်ပါလျက်နှင့် သတင်းစာ ဖတ်သူတွေ၊ အထူးသဖြင့် အမြဲတန်း ယူနေသူတွေ လက်ထဲ သတင်းစာ မရောက်ခြင်းဟာ ဆိုင်ရာ တဆင့် ဖြန့်ဝေသူတွေ အလုပ် လုပ်လို့ မရခြင်းကြောင့်သော် လည်းကောင်း၊ တာဝန် မကျေပွန်၍ သော်လည်းကောင်း၊ အလုပ် မဆင်းကြ၍သော် လည်းကောင်း ဖြစ်ပါလိမ့်မယ်။ သို့သော်လဲ ကျွန်တော်က သူတို့ ကို ကွက်ပြီး အပြစ်မတင်ချင်ပါဘူး။ ယေဘုယျ အခြေအနေကို က သူတို့လိုဖြစ်နေတာကိုး။

ဖြစ်လာတယ်ဆိုရင် သက်ဆိုင်ရာ ကျောင်းတွေကို ပိတ်လိုက်ရတယ်။ စည်းကမ်းဖောက်ဖျက်ပြီး ဆူပူရေးကို စပေးလိုက်တဲ့ တရုပ် ကျောင်းသား တစုကြောင့် စည်းကမ်း လိုက်နာချင်တဲ့ တရုပ် ကျောင်းသားများရော၊ မြန်မာ တိုင်းရင်းသား ကျောင်းသား အများစုကြီးပါ နစ်နာ ဆုံးရှုံးကြရတာဘဲ။ ပညာ သင်

ကြားမှ အရှိန်အဟုန် ပျက်သွားရတယ်ဗျ။ နောက်တဆင့်တိုးပြီး ဖြစ်လာတယ်ဆိုရင်ဘဲ စက်ရုံ၊ အလုပ်ရုံ၊ ရုံး စသည်များကို ထိခိုက်လာတယ်။ အလုပ်မတက်သူက မတက်၊ အလုပ်မှ ဆင်းသူကဆင်း၊ အလုပ်မှာ ရှိနေသူကလဲ အလုပ် ကောင်းစွာ မလုပ်ဖြစ်ကြတယ်။ အလုပ်ကို လုံးဝ ပိတ်ပစ်သူက ပိတ်ပစ်လိုက်တယ်။ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းတွေကလဲ ရပ်စဲကုန်ကြတယ်။ အချုပ်အားဖြင့် ဆိုရရင် တိုင်းပြည် ကုန်ထုတ်လုပ်မှုကို ထိခိုက်သွားတယ်ဗျာ။

**စည်းရုံးရေးသည် ပထမ၊ စည်းရုံးရေးသည် ဒုတိယ၊ စည်းရုံးရေးသည် တတိယ**

ခုလိုဖြစ်လာတော့ ကျောင်းတွေကို ပိတ်ပစ်တဲ့အတွက် အာဏာပိုင်တွေကို အပြစ်မဆိုသာဘူးဗျ။ လက်ရှိ အခြေအနေအရ ကျောင်းသားတွေ တစုတရုံးတည်း ဖြစ်နေကြရင် ထိန်းသိမ်းမရဒေါသ မချုပ်တည်းနိုင်ဖြစ်ပြီး ပိုမို ကြီးမားတဲ့ တန်ပြန် ဆန္ဒပြပွဲကြီးများ ပေါ်လာနိုင်တယ်။ သို့သော်လဲ ကျောင်းသားများကို သည့်ထက်ပိုပြီး နိုင်ငံရေး အသိပညာ ပေးထားခဲ့မယ်၊ ကိုယ့်စည်းရုံးရေး ကိုယ်ပိုင်ပိုင်နိုင်နိုင် လုပ်ခဲ့ပြီးမယ်ဆိုရင် အိမ်ပြန်လွှတ်၊ တယောက် တပေါက် ဖြစ်စေသည်ထက် ကျောင်းမှာ သူ့အစုအဝေးနှင့်သူ ရှိနေခြင်းက ပိုကောင်းတယ်။ ဆရာနှင့်ကျောင်းသား ခေါင်းဆောင် သို့မဟုတ် ကျောင်းသား စည်းရုံးရေးမှူးများက လိုသလို ပဲ့ကိုင်သွားနိုင်တယ်။ ဆူပူရေး သမား၊ ပြည်တွင်း ပြည်ပ ပယောဂများကို ဝိုင်းပယ်ထားပြီး ငြိမ်းချမ်းစွာ ပညာ သင်ကြားရေးကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်မယ်။



စက်ရုံ၊ အလုပ်ရုံ၊ ရုံးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတို့ကို ပိတ်ပစ်သော အာဏာပိုင်များကိုလဲ အပြစ်မဆိုနိုင်ပါဘူး။ အလုပ်မတက်ကြသူများနှင့် တက်ပြီး အလုပ် မလုပ်ဘဲစကားထိုင်ပြောနေသူများကိုလဲ အပြစ်မဆိုချင်ပါဘူး။ အခု အခြေအနေမှာ အလုပ်သမားတွေ အမှုထမ်းအရာထမ်းတွေဟာ ကောဠာဟလ ကို လွယ်လွယ်ယုံပြီး၊ ဖြစ်လာလျှင် ထိတ်လန့်တကြားစိုးရိမ်တကြီးဖြစ်ပြီး အလုပ်စိတ်ဖြောင့်ဖြောင့် မလုပ်နိုင်ဖြစ်တတ်ကြတယ်။ အကယ်၍သာ သည့်ထက်ပိုပြီး နိုင်ငံရေး အသိဉာဏ်ပေးထားခဲ့ရင်၊ ပိုင်ပိုင်နိုင်နိုင် မှန်မှန်ကန်ကန်ကြီး စည်းရုံးထားခဲ့ရင်တော့ စက်ရုံ၊ အလုပ်ရုံ၊ ရုံးတွေမှာ တစုတဝေးတည်း ရှိနေကြခြင်းက အကောင်းဆုံးဘဲ။ အရာရှိများနှင့် ခေါင်းဆောင်များဟာ လုပ်သားထုကို လိုသလို ပဲ့ကိုင်သွားနိုင်မယ်။ ကုန်ထုတ်လုပ်ငန်းလဲ အလုပ်ပျက်ကြမှာ မဟုတ်ဘူး။ လူနည်းစုဖြစ်သော ပြည်တွင်း ပြည်ပ ပယောဂဝင်နေတဲ့ ဆူပူရေးသမားများကိုလဲ လွယ်ကူစွာ ဝိုင်းပယ်ပစ်နိုင်ကြမယ်။ မြန်မာ့ လူ့ဘောင် လောကမှ အညစ်အကြေးများ အဖြစ်ဖြင့် စွန့်ပယ်ပစ်နိုင်ကြမယ်။

ယခုတလောဖြစ်တာဟာ ဘာမှ ကြီးကျယ်တဲ့ အကျပ် အတည်းမဟုတ်ပါဘူး။ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို လုပ်နေကြတယ် ဆိုတာ ကလေးကစားတာမှမဟုတ်ဘဲ၊ စိတ်ကူးယဉ်အိပ်မက် မက်နေတာလဲမဟုတ်ဘူးဗျ။ နှစ်ပေါင်းထောင်နှင့်ချီပြီး ကြာရှည်ခဲ့တဲ့ လူလူချင်း ခေါင်းပုံဖြတ်မှု စနစ်အမျိုးမျိုး (လူတတန်းစားက တတန်းစားကို ခေါင်းပုံဖြတ်မှု၊ လူတမျိုးက တမျိုးကို ခေါင်းပုံဖြတ် အနိုင်ကျင့်မှု စသည်များ) ကို အပြီးအပိုင် ဖျက်သိမ်းရန် ကြိုးပမ်းနေခြင်းဖြစ်တယ်။ ဒါ့ကြောင့်

ဒီထက်ကြီးမားတဲ့ အခက်အခဲများ၊ အကျပ်အတည်းများကို မြော်လင့်ထားရမယ်။ ပြည်တွင်း ပြည်ပ တော်လှန်ရေး အဖျက်သမားများ၊ နိုင်ငံခြားဆရာကြီးများနှင့် ပြည်တွင်း တပည့်များတို့ရဲ့ ခြေလှမ်းများကို တလှမ်းပြီးတလှမ်း ဆီးပြီးမရိုက်ချိုးနိုင်ရင် ဗီယက်နမ်ပြည်သူတွေမှာ ရင်ဆိုင်ရတဲ့ အကျပ်အတည်းမျိုးကို ကျနော်တို့ ရင်မဆိုင်ရဘူးလို့ မပြောနိုင်ဘူး။ ဗီယက်နမ် တောင်သူလယ်သမားတွေဟာ မီးလောင်ဗုံးတွေ ကြဲနေသည့်အထဲက တဖက်မှာ ရန်သူကို သေနတ်နဲ့တိုက်ရင်းအခြားတဖက်မှာ ကောက်ပဲသီးနှံ ပိုမိုစိုက်ပျိုးနိုင်ကြတယ်။ ဗီယက်နမ် အလုပ်သမားတွေဟာ ဗုံးနှင့်ကြဲ အမြောက်နှင့်ထုနေသည့် ကြားထဲမှ တဖက်က ရန်သူလေယာဉ်ပျံတွေကို သေနတ်နှင့် ပစ်ချပြီး အခြားတဖက်က စက်ရုံတွေက ကုန်ပစ္စည်း ပိုထွက်အောင်၊ ရုံးတွေက ပိုအလုပ်တွင်အောင်၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းက ပိုခရီးရောက်အောင် လုပ်နိုင်ကြတယ်။ ဒါဘာကြောင့်လဲ၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့ကို ကာကွယ် ရန် စည်းရုံးရေး အလွန်ကောင်းကောင်းနှင့် စည်းရုံးထားလို့ ဖြစ်တယ်။ ကျွန်တော်တို့ဟာ ကိုယ့်အချုပ်အချာ အာဏာပိုင် လွတ်လပ်ရေးကို ဘယ်ရန်သူက ထိပါးထိပါး ကာကွယ်ကြမည်ဖြစ်တယ်။ ဘယ်အခက်အခဲ ကြားများက မဆို ဆိုရှယ်လစ် တော်လှန်ရေးကို အောင်မြင်အောင်ဆင်နွှဲကြမယ်။ ဒီအရေးများအတွက် အကောင်းဆုံး စည်းရုံးရေး လုပ်ကြရမယ်။ စည်းရုံးရေးသည် ပထမ၊ စည်းရုံးရေးသည် ဒုတိယ၊ စည်းရုံးရေးသည် တတိယလို့ ကြွေးကြော်လိုက်ပါရစေဗျာ။

၂-၇-၆၇

ဒဂုန်တာရာ

# စာပေ သဘောတရား
# စာပေ ဝေဖန်ရေး
# စာပေ လှုပ်ရှားမှု

သူ့ စာရေးသက်တန်းအတွင်း
ရေးသမျှ၊ ပြောသမျှ၊ ဆောင်ရွက်သမျှ
စာပေရေးရာ ဆောင်းပါးအားလုံးကို
တစုတပေါင်း၊ တလုံးတစည်းတည်းအဖြစ်
သေသပ် ခန့်ညားစွာ ရိုက်နှိပ် ထုတ်ဝေလိုက်ပြီ။

[မှတ်ချက်။ ။ယနေ့ခေတ် စာပေ လိုက်စားသူများ ဤစာအုပ်ကိုမဖတ်လျှင် လုံး၀ ပြည့်စုံမည် မဟုတ်ပါ။]

ဤစာအုပ်ငယ်နှင့်အတူ တပြိုင်တည်း ထွက်ပြီ

**တအုပ် ၅-ကျပ်၊ နံ့သာတိုက်၊ ရန်ကုန်**